
www.burmeseclassic.com



ဝိုးကျော့

# အလွမ်းနှောင့်သာနေတော့မည်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၆၉၃၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၀၁၄၈၀၆၀၂ |
| ထုတ်ဝေသူ | - ဦးဝင်းချို<br>မူဝံစာအုပ်တိုက်<br>၂၁၂-၃၁လမ်း၊ ရန်ကုန်မြို့ |
| မျက်နှာဖုံးအတွင်းပုံနှိပ်သူ | - ဒေါ်ချိုချိုအေး<br>မူဝံပုံနှိပ်တိုက်<br>အမှတ်-၃၃၊၅၄လမ်း၊<br>ရန်ကုန်မြို့ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ်၊ (၅၀၀)အုပ် |
| တန်ဖိုး | - ၆၅၀ ကျပ် |
| ထုတ်ဝေခြင်း | - ၂၀၀၆- ၊ မတ်လ |
| မျက်နှာဖုံးပန်းချီ | - ဉာဏ်လင်းမောင် |
| ဖလင် | - ကိုရွှေထွန်း |
| ဖြန့်ချီရေး | - ကောင်းကျော်စာပေ<br>B-4,301,TOSTA အိမ်ရာ၊<br>၆၅ ရပ်ကွက်၊ တောင်ဒဂုံ။<br>ဖုန်း-C/o 244277, 706055 |


ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော။

# ဖိုးကျော့

# အလွမ်းနှင့်သာနေတော့မည်

နော်ရင်မွေးစာစဉ် (၁၀)

- မြသန္တာ စီစဉ်သည် -

www.burmeseclassic.com

www.burmeseclassic.com

**နော်ရင်မွေး စာပေ**
၁၁/၂၈၃ ဦးဘချိုလမ်း၊ ၃၅ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။
ဖုန်း- ၅၈၄၆၅၇

## အခန်း(၁)

ပျောင်းပျပန်းရီ
အလွမ်းဖိခဲ့
မွေးမိသို့သာ
ပမာငှက်သွင်
ပျံရောက်ချင်စွ
မျိုးရှင်နေတည်
သည်မှာပြည်ဟု
မျှော်ရည်ဆိုတမ်း. . . ဖွေရှာစမ်း။

(နဝဒေး)

ပန်းမိုး၏စိတ်ကို အလွမ်းက တကယ်ပင် ဖိစီးလာခဲ့သည်။

မွေးရပ်မြေနှင့် ရက်၊ လ၊ နှစ်တွေရှည်ကြာစွာ ဝေးကွာနေခဲ့ရ သူမို့ ငှက်ငယ်ပမာ ပျံကာသွား၍ ရော ်မည်ဆိုလျှင် ရုတ်ခြည်းထ၍ ကောင်းကင် မိုးယံကသော ပြေးပျံသွားလိုက်ချင်ဘိသည်။

နော်ရင်မွေးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပန်းမိုး၏စိတ်ကို အလွမ်းက ဖိစီးနှိပ်စက်ခဲ့သည်မှာ ကာလကြာခဲ့ပြီ။ အရပ်ကစထွက်လာကတည်းကဟု ဆိုရချိမ့်မည်။

ကာလကိုတွက်ဆသော် ခုနစ်နှစ်တို့ ကာလပတ်လုံးရှိခဲ့ပြီ။ သည်ခုနစ်နှစ်တို့ ကာလပတ်လုံး ပန်းမိုး၏စိတ်သည် အလွမ်းနှင့်သာ ဗျာပါဝေခဲ့သည်။ အတွေးနှင့်သာ လွမ်းဆွတ်နွမ်းလျခဲ့ရသည်။

ကျောင်းပြီးမည့်နှစ်၊

ဆရာဖြစ်သင်၏ နောက်ဆုံးနှစ်၊

ဆရာရော သူရော မျှော်လင့်ခဲ့သောနှစ်။

သည်နှစ်သည်နှစ်တွေကို ပန်းမိုးစောင့်ခဲ့သည်။

သည်နှစ်သည်နှစ်တွေကို ပန်းမိုးမျှော်ခဲ့သည်။

ထို့ကြောင့်လည်း သင်တန်းပြီးသည်နှင့် ပျော်ခဲ့ရသည်။

စာမေးပွဲနောက်ဆုံးနေ့မှာပင် မြစ်ညာကို သဘော်နှင့်လိုက်လာခဲ့သည်။

တမက်မှာမှ တစ်ခါရှိသော သဘော်ပတ်ကို ပန်းမိုးလက်လွှတ်မခံနိုင်ပါချေ။

သဘော်ပေါ်တွင် လူကြပ်၍ တိုးဝှေ့ စီးနင်းလိုက်ခဲ့ရသော်လည်း ပင်ပန်းသည်ဟု မထင်ခဲ့၊ စာမေးပွဲရက်တွေက အိပ်ပျက်ခဲ့သည်တို့ကိုလည်း မမှုခဲ့။ အလွမ်းအဆွေးတို့နှင့်အတူ အရပ်ကိုရောက်တော့မည်၊ ရွာကိုရောက်တော့မည်၊ ဆရာ့ကိုတွေ့ရတော့မည်ဟူသော ရွှင်ပြမှုစိတ်ထားသည် ပင်ပန်းမှု ... သမျှကို ဖုံးလွှမ်းခဲ့သည်သာ. . .

ချင်းတွင်း၏ ရေအလျဉ်သည် မိုးလလို အစီးအဆင်းကမသန်။ ညင်သာ ဖြည်းစီးသည်၊ ရွှေ့ရွှေ့ပျပျရှိလှသည်။ ကြည်ကြည် သန့်သန့် စီးဆင်းနေသည်။

သောင်ကမ်းတို့ ထွန်းပေါ်နေသော ရေလယ်တွင် စက္ကဝက်ကြိုးကြာ





နှင့် ဟင်္သာငှက်တို့ ဝဲပျံနေကြသည်ကို သဘော်ပေါ်က လှမ်းမြင်နေရသည်။

ပန်းမိုး၏ရင်ထဲမှာ အလိုလိုနွေးသွားမိ၏။

သဘော်ဂက်သံကိုထိုးဖောက်ကာ စက္ကဝက်ကြိုးကြာနှင့်ဟင်္သာတို့၏ အော်မြည်သံကို စိတ်အသိမှာ ကြားယောင်နေမိသည်။

ပန်းမိုး၏ နှုတ်ခမ်းအစုံသည် တရွရွ လှုပ်ရှားလာမိသည်။

"သီတာသောင်ခြေဦး"

"ယမုံနာ. . . သီတာသောင်ခြေဦးမှာလလေ သနားဖွယ် လူနယ်ခေါ်သံထူးလို့လေ ကြည်နူးဖွယ်မယ့်တကိုယ်"

ရွှေယသော်မောင်နှံ့ငှက်ကယ်တို့ ကြင်ဖော်. . . ကြင်ဖော်ဘက်... သို့ တူပျော်ပျော်လေး ဘယ်ခါစက်ရပါ့ လည်ယှက်ကာ သူတို့လို မ. ဖိခေါ်သံ၊ လူနယ်သူ့ဟန်၊ ဖော်ကွာသူ့ ဆွေးစေဖို့ဖန်။ သဲတဲ့သဲ ငွေလျှံဝဲတဲ့ဝဲတာပျံ. . ."

သဘော်တစ်ကွေ့လွန်သော် ဟင်္သာမောင်နှံတို့လည်း ဝေးကျန်ခဲ့သည်။ နောက်တစ်ကွေ့လွန်သော် တောင်ယံတောတို့ကို လှမ်းမြင်လာရသည်။ ဝေသီမြင့်ခေါင်သော တောင်တန်း တောင်စောက်တို့ကို မြင်ရသည်မှာ ကြောက်ဖွယ်ယံတ်ဖွယ်သာ. . . မောဖွယ်လှစ်ဖွယ်သာ. . .။

မြစ်ညာသည် ကျဉ်းသထက်ကျဉ်းလာသည်။

အရှေ့အနောက် တောင်မြောက်စသည် အရပ်လေးမျက်နှာတို့တွင် ကြီးမားဝေသီမြင့်သော တောင်တန်း တောင်ထွတ်တို့ကသာ မှိုင်းပျနေကြသည်။

ဤလို တောင်ကြို တောင်ကြားထဲက သဘော်သည် မြစ်ညာသို့ မည်သို့ မည်ပုံ ဆန်တက်လ ာပါလိမ့်။

တွေးကြည့်လျှင် ရင်မောလို့ကိုဗရာ။



www.burmeseclassic.com

www.burmeseclassic.com



နောင်တစ်ခါ သဘော်အလှည့် မြစ်အကွေ့မှာတော့ ပန်းမိုး မျက်စိကလည်ရပြီ။

နေသည် တောင်ကထွက်လိုက် မြောက်ကထွက်လိုက်နှင့် ဘယ်တောင် ဘယ်မြောက် ထက်အောက်အညာ မြစ်ကြောင်းကိုလည်း မသိပါတော့။ ခေါင်းမှာမူးနောက်လာသည်။

နေလုံးနီနီသည် အားလျော့စပြုလာပြီး ပေါ်လိုက်၊ ပျောက်လိုက်၊ ထွက်လိုက်၊ ဝင်လိုက်နှင့် တောင်စွယ် တောင်ထွတ်များတွင် ပတ္တမြားရည်တို့ ဝေသီ၍လာခဲ့ပြီ။

နေအညိုတွင် ခိုပြာရောင်မြူရည်တို့ စိုစိုရွှဲလာသည်။

"မြစ်ညာကိုရောက်ဖို့ နီးပြီလားကြီးကြီး"

စိတ်စောနေသော ပန်းမိုးက အနားရှိ အမျိုးသမီးကြီးတစ်ယောက်ကို မေးမိသည်။

ဤခရီးကို အစုန်သဘော်တစ်ခေါက်သာ စီးဖူးသူ ပန်းမိုးမှာ စိုးတထိတ်ထိတ်ပင်။

"မိုးမချုပ်ခင်တော့ ရောက်ပါလိမ့်မယ်. . . ရှေ့က ရေလယ်ငှက်ကျွန်းကိုမှ ဒီရေနဲ့ ကျော်နိုင်ပါ့မလား"

အမျိုးသမီးကြီး၏စကားက ပန်းမိုး၏ရင်ကို ဆို့သွားစေသည်။

ဤခရီးကို ယခင် သုံးနှစ်လောက်က အလာတစ်ခေါက်နှင့် ယခု အပြန်တစ်ခေါက်သာ သွားလာဖူးသည်။ ထို့ကြောင့် ပန်းမိုးသည် သက်မတစ်ချက်ကို နွမ်းနွမ်းလျလျ ချမိလိုက်သည်။

ရှေ့ရေလယ်မှာ ကျွန်းတွေသောင်တွေက မထွန်းပါစေနှင့်။

အမှန်မှာ ပန်းမိုးတစ်ယောက်တည်းသာမဟုတ် ခရီးသည်အားလုံးသည် မြစ်ညာမြို့ကို စောစောရောက်ချင်ရှာကြပေလိမ့်မည်။

ရေစီးကောင်းပါစေ၊ သောင်ကျွန်းတို့သည် မထွန်းမပေါ်ပါစေနှင့်။





ရေကြောင်းတို့သည် ဖြောင့်မတ်၍ လမ်းခုလပ်တွင် သဘော်မရပ်မနားပါစေနှင့်ဆိုသော ဆုကို လူတိုင်းတောင်းတလျက် ရှိကြသည်။

မတော်တဆ ရေစီးကြောင်းပြောင်းသွား၍ တစ်သောင်တစ်ကျွန်းပေါ်လျှင် သဘော်ပေါ်တွင် တစ်ညအိပ်ရမည် မဟုတ်ပါလား။

ချင်းတွင်း၏ရေကြောင်းက တစ်နေ့ရွှေ ၊ တစ်နေ့ငွေပင် မဟုတ်ပါလား။

တစ်ခါတစ်ခါ သဘော်သည် မြုံနှင့်တောနှင့်ပင် မလွတ်ဘဲရှိသည်။ မြစ်ထဲ ကိုင်းညွှတ်ကျနေသော သစ်ကိုင်း၊ မြုံပုတ်တို့နှင့်ပင် ပွတ်တိုက်၍ သွားရသည်။

ဝါးခနဲပွင့်ကျလာသော နေရောင်ခြည်နှင့်အတူ သဘော်နောက်တစ်ခါအကွေ့မှာ လူတွေ၏မျက်နှာအားလုံးက ဝင်းထိန်သွားကြသည်။

မြစ်ညာမြို့ကို မြင်သာနိုင်ပြီ။ မြင်ရပြီ။

ကမ်းခြေနှစ်ဘက်တွင် ဒေသခံပြည်သူတို့၏ စိုက်ခင်း ကိုင်းမြေနှင့် ပျံ့ပျူးသော သောင်ခုံမြေနု ကမ်းခြေကို မြင်ရပြီ။

မြစ်ညာမြို့၏ ရှုခင်းက ပန်းမိုး၏စိတ်ကို တဒင်္ဂတွင် လန်းဆန်းသွားစေသည်။

ပတ္တမြားနေခြည်တို့ ဖျန်းပက်ထားသော မြို့အောက်ခြေ ရေပြင်တွင် တံငါလှေငယ်များကိုပင် တထင်တရှား မြင်လာရပြီ။ မြို့ပေါ်က အဆောက်အဦများသည် ဖြူတစ်ကွက်၊ ညိုတစ်ကွက်၊ စိမ်းတစ်ကွက်နှင့် ကွက်ကျားထည်ပဝါကို လွှမ်းခြုံထားသည်ပမာ၊ မျက်စိပသာဒ ကြည့်၍လှသည်သာ. . .။

ဝေးကွာခဲ့ရသော မိမိ၏မြို့အလှကို ပန်းမိုးက ခဏငေးနေမိသည်။

"တူ. . ."

သဘော်ဥဩသံသည် မြို့ကိုလှမ်း၍နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တတစ်ပတ်မှာမှ တစ်ခါ တစ်နေ့ ရောက်လေ့ရောက်ထရှိသော သင်္ဘောဥဩသံသည် မြို့ကလေးကို လှုပ်လှုပ်ရွရွ ဖြစ်သွားစေမည်သာ. . .။

သင်္ဘောပေါ်ရှိ ခရီးသည်များမှာလည်း လှုပ်လှုပ်ရွရွ ဖြစ်သွားကြလေပြီ။

အထုပ်အပိုးပြင်သူပြင်၊ အိပ်ရာ လိပ်သူလိပ်၊ ခရိုင်မြို့ကြီးက ဝယ်ခြမ်းလာသော ထွေရာကမာ့ပစ္စည်းများကို သိမ်းသူသိမ်းနှင့် ဆူဆူညံညံ အသက်ဝင် လှုပ်ရှားလာသည်။

ပန်းမိုးသည်လည်း အများနည်းတူ အထုပ်အပိုးပြင်ရပြီ။

သို့သော်. . . ပန်းမိုးအတွက် မြစ်ညာသည် ခရီးတစ်ထောက်သာ ရှိပါလေသေးသည်။

ရွာကိုရောက်ဖို့ကား နောက်တစ်ရက် ခရီးနှင်ရပေဦးမည်။

မြစ်ညာတွင် တစ်ညအိပ်ရပေဦးမည်။

မြစ်ညာမြို့မြေကို ပန်းမိုး၏ခြေက ချမိ နင်းမိပြီ။

အကြိုထောက်လာ ကြိုလာခေါ်သူတွေနှင့် ဆိပ်ကမ်းသာသည် မြို့လုမတက် ညွတ်နေသည်။

အမှန်က ခရီးသည်တွေမှာ သည်မျှ များပြားလှသည်မဟုတ်။ တစ်ပတ်တစ်ခါ ရောက်လာလေ့ရှိသော ဤသင်္ဘောကို မြို့သူမြို့သားတွေက အသိမပါလျှင်လည်း ထွက်၍ကြည့်ကြ ကြိုကြမြဲ၊ အားနေသူများနှင့် ကလေးများသည် သင်္ဘောလာမည့် ရက်ကိုသာ လက်ချိုးရေတွက်ကာ လည်ဆန့်ကြိုနေကြသည်။

ဤမြို့တွင် လူစုလူဝေးဆို၍လည်း သင်္ဘောဆိုက်နေသော တစ်ညတာ ကာလသာလျှင် သင်္ဘောဆိပ်ကမ်းတွင် ရှိနေပြီး ဆိပ်ခံတံတားဘောင်လက်ဖျားထိ လူတွေက ဖွေးဖွေးလှုပ်နေတတ်သည်။





မြို့ခံလူတွေမှာ လူစိမ်းသူစိမ်းဆို၍လည်း ဤသင်္ဘောရောက်မှ မြင်ဖူးတွေ့ဖူး၍ ကြုံဖူး ကြည့်ဖူးကြသည်။

မိမိရွာနှင့် ခုနစ်နှစ်တို့ ဝေးကွာခဲ့ပြီး ဤမြို့နှင့်မူ တစ်နှစ်တာသာ ဝေးကွာခဲ့သော ပန်းမိုးအတွက် မြစ်ညာမြို့သည် အစိမ်းမဟုတ်ပေ။ ဤမြို့၌ပင် ပန်းမိုးအထက်တန်းအောင်ပြီး ခရိုင်မြို့တွင် ဆရာဖြစ်သင် တစ်နှစ်တက်ခဲ့သည်။ ယခုတော့ ပန်းမိုး ဤမြို့ကို ပြန်လာပြီ။ ဤမြို့သည် ပန်းမိုးတို့မြို့ပါတည်း။

တစ်နှစ်ကြာ၍ မြို့ကြီးက ပြန်လာသူ ပန်းမိုးကိုမူ လာကြိုသူ တစ်ယောက်မျှ မရှိ။ ဤမြို့သည် သူ့အတွက် စိမ်းနေသလားပင်။

သို့သော်. . . ပန်းမိုးသည် အားငယ်နွမ်းလျမှု စိုးစဉ်းမျှမဖြစ်မိ။ လာကြိုရန် သံကြိုးကို ကြိုထောက်မပို့ခဲ့သူကို ဤနေ့ ဤရက် လာမည်ဟု မည်သူကမှ သိမည်မဟုတ်။ မြို့က ဦးလေးတို့ဝင်မသိ။ ရွာက အမေတို့ အဖေတို့ အစ်ကိုတို့ ဆရာတို့ဆိုလျှင် ဝေလာဝေးပင်။

ထို့ကြောင့်လည်း ပန်းမိုးသည် မြင်းလှည်းတစ်စီးကို ငှားကာ ဦးလေးတို့ ဈေးတန်းရပ်ကို မောင်းစေသည်။

"ဟော. . . မမမိုး"

အိမ်ရှေ့တွင် မြင်းလှည်းကရပ်လိုက်သောအခါ စောမြချို၏ အသံကို ဦးစွာကြားရသည်။ ဤအသံကိုလည်း ပန်းမိုးမကြားရ သည်မှာတစ်နှစ် ကျော်ခဲ့ပြီ။

"မမမိုးက ဒီသင်္ဘောပတ်လာမယ်ဆိုတာ သံကြိုးတော့မရိုက်ဘူး"

"အေး. . . ကွယ်. . . မိပန်းတို့များ. . . လုပ်လိုက်မှဖြင့် ကရိုက်ကရိုက်ချည်းပဲ"

ရောက်ရောက်ချင်းဦးဆုံး အပြစ်တင်ခံရသည်။

"စာမေးပွဲပြီးတာနဲ့ သင်္ဘောပတ်ကြုံတာ တိုက်ဆိုင်နေလို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးရယ်"

ဤအိမ်မှာ ပန်းမိုး သုံးလေးနှစ်နေခဲ့သော အိမ်မို့ ဝိုင်း၍အပြစ်တင်ကြသည်ကို ဌွေမယူသာ။

အမှန်က ဤအိမ်သားတွေသာမဟုတ်၊ ပန်းမိုး၏မျက်နှာကို မြင်လျှင် ရွာရှိဆရာသည်လည်းကောင်း၊ အမေသည်လည်းကောင်း၊ အဖေသည်လည်းကောင်း၊ အစ်ကိုသည်လည်းကောင်း၊ ဝိုင်း၍ ပန်းမိုးကို အပြစ်တင်ကြပေဦးမည်။

ဤမြို့ ဤအိမ်မှာ တစ်ညသာအိပ်ပြီး မနက်ဖန်ခါ ဈေးလှည်းကြုံနှင့် ရွာကိုလိုက်တော့မည်ဆိုလျှင်လည်း အပြစ်တင်ကြပေဦးမည်သာ။

* * * *

အခန်း(၂)

သည်ခရီးတွင် ရွာကိုရောက်လိုစိတ် ဆရာ့ကို တွေ့လိုစိတ်ကသာ စိုးမိုးလာသော ပန်းမိုးသည် စောစောပင် အိပ်ရာက ထမိသည်။

အိပ်မပျော်၍ နိုးနေသည်မှာတော့ ရောင်နီမလာခင်ကပင် မနေ့က တစ်နေ့လုံး သဘော်စီးလာရသဖြင့် ခရီးကတော့ ပန်းပါ၏။ သို့သော် ခရီးပန်းသူက နှစ်နှစ်ခြိုက်ခြိုက်အိပ်မပျော်၊ လင်းကြက်တို့ အော်သံနှင့် အတူ နိုးထနေမိသည်။

ပန်းမိုးအိပ်ရာတထ၍ ကိုယ်လက်သန့်စင်နေချိန်တွင် အပြင်၌ လင်းလင်းထင်းထင်း မရှိသေး၊ နေရောင်ခြည်ကိုလည်း မမြင်ရသေး၊ ဦးလေးမောင် ဒေါ်လေးစောနှင့် မောင်လေး စောမြချို့တို့ပင် အိပ်ရာက မထကြသေး။

သို့သော် အိမ်ရှေ့လမ်းမပေါ်မှ ဈေးလှည်းတို့ သွားသံကိုတော့ အစဉ်မပြတ်ကြားနေရသည်မှ နွားခေါက်သံနှင့် လှည်းဝင်ရိုးသံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ကြားရသောအခါ ပန်းမိုးမှာ နေမထိထိုင်မသာ ဖြစ်လာမိသည်။

မြစ်ညာက တောကိုဖောက်မည့် လှည်းတွေလားဟုလည်း စိတ်ထဲက မေးနေမိ၏။

သည့်လိုနှင့် စောစောစီးစီး ဈေးတန်းထဲရောက်လာမိ၏။

"ဒီလှည်းက ဘယ်တက်မှာလဲ"

"အင်းရွာဘက်ကို ဆင်းမယ့်လှည်းပါ"

"ဩော်. . . ဩော်"

"ဒီဦးကြီးတို့လှည်းကကောဟင်"

"မြစ်ဆုံး အောက်ဘက်ကို"

"ဩော်. . . ဩော်"

မြစ်ညာမြို့၏ ပတ်ဝန်းကျင်မှ ဈေးလာရောင်းကြသော လှည်းတန်းတစ်လျှောက်တို့ ပန်းမိုးသည် မမောနိုင် မပန်းနိုင်လျှောက်မေးမိ၏။

တောင်ခြေမြို့တို့၏ ထုံးစံအတိုင်း ငါးရက်တစ်ဈေး ခုနစ်ရက်တစ်ဈေး ဖြစ်သဖြင့် ဈေးလှည်းတွေကတော့ တအီအီ အသံမြည်ကာ ဟိုမှသည်မှ ရောက်လာနေကြသည်။

သို့သော် ပန်းမိုးတို့ရွာဘက်က လှည်းတွေကိုကား တစ်စီးတလေမှ မတွေ့ရသေး။

"ဒီလှည်းကတော့ဦး. . . ဘယ်ကိုသွားမှာလဲ"

"မသွားပါဘူး မိန်းကလေးရယ်. . . ခုမှရောက်တာပါ၊ မနက်ဖန် ဈေးနေ့ပဲ စောင့်ရောင်းရမှာပေါ့"

လှည်းပေါ်တွင် ကြက်သွန်၊ အာလူးနှင့် ငေါ်ဖီထုပ်များတင်ထားသော အမျိုးသမီးကြီးတစ်ယောက်က ပြန်ပြောသည်။

ပန်းမိုး မေးမိသော အမျိုးသားကြီးကမူ ပန်းမိုးကို တစ်ချက်သာ လှည့်ကြည့်ဖော်ရ၏။ သူ့ရောင်းကုန်တွေ တင်လာသော လှည်းဒေါက်ကိုသာ အရေးတကြီး ထောက်နေသည်။





"ဈေးနေ့က မနက်ဖန်မှလား ဒေါ်ဒေါ်. . ."

"ဟုတ်ပ"

"ဟင်. . . မနက်ဖန်မှဈေးနေ့ကိုး။ ကျွန်မက ဒီနေ့ထင်နေတာ"

ပန်းမိုးသည် နဖူးစတွင် စို့လာသော ချွေးကိုပဝါနှင့်တို့သုတ်ရင်း သက်မတစ်ချက်ချမိလိုက်သည်။

မနက်ဖန်မှ ဈေးနေ့ဆိုလျှင် ပန်းမိုးတို့နယ်ဘက်က ဈေးလှည်းတွေမှာ ရောက်လာကြဦးမည် မဟုတ်သေး။

ပန်းမိုးတို့နယ်သည် မြစ်ဆုံးအင်းနယ်နှင့်စာလျှင် မြစ်ညာနှင့်အနီးဆုံး နယ်ဖြစ်သည်။ ထို့ကြောင့် ညနေ သို့မဟုတ် ဘုန်းကြီးဆွမ်းခံဝင်လောက်မှ မြို့ကိုရောက်လာကြပေလိမ့်မည်။

ပန်းမိုးသည် ဈေးလှည်းတန်းနှင့်အနီးဆုံး တို့ဟူးသုပ်ဆိုင် တစ်ဆိုင်တွင် ခဏဝင်ထိုင်သည်။

တို့ဟူးသုပ်တစ်ခွက်နှင့် သားရေကြော်တို့ မှာစားသည်။

မစားရသည်မှာ တစ်နှစ်ကျော်ပြီဖြစ်သော တို့ဟူးသုပ်နှင့် သားရေကြော်တို့က အမှန်မှာ အရသာချိုမြိန်ဖို့ကောင်း၏။ သို့သော် စားမကောင်း ဖုံးသွတ်သွတ်ကြီးသာ ဖြစ်နေသည်။

ခရီးပန်း အိပ်ရေးပျက်၍ ပါးစပ်ပင်ပျက်နေသလို အရသာလုံးဝ မတွေ့လှ၊ ဝါးမျိုချ၍ ဗိုက်ကပြည့်ပြီဖြစ်သော်လည်း စိတ်ကမတင်းတိမ်မိ။

"ဒီလှည်းကကော ဘယ်ကလဲဟင်. . . ညီမ"

တို့ဟူးသုပ် သားရေကြော်တို့ကို စားပြီးသည်နှင့်တစ်ပြိုင်နက် လှည်းတန်းထဲ လျှောက်မေးမိပြန်၏။

"တောင်ပေါ်တန်းက"

ဆဲ့သုံးနှစ်ရွယ် တောင်ပေါ်သူလေးက ပန်းမိုး၏ အမေးကို တိတိပြတ်ပြတ် ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောင်ပေါ်တန်း ဘယ်ရွာကလဲကွယ်"

"မင်းတက်ပြင် ရွာကပါတော်"

"ဈေးနေ့စောင့်တာလားကွယ်"

"မဟုတ်ဘူး ကုန်ပို့ဈေးဝယ်လာတာ"

"ဩော်. . . ဈေးနေ့ပြီးမှ ပြန်မှာကိုးနော်. . ."

"မဟုတ်ဘူး. . . ဒီနေ့ပြန်မယ် ဖက်ဗူတောင်းတွေလာပို့တာ"

သည်ကလေးမ၏ အဖေလား၊ ဘကြီးလား၊ အဘိုးလား ခွဲခြားမရသော ဦးကြီးတစ်ယောက်သည် ခြင်းတစ်လုံးနှင့်ရောက်လာပြီး ခြင်းကိုလှည်းပေါ် လှမ်းတင်လိုက်သည်။

ဤဦးကြီးမှာ လှည်းရှင်ဦးကြီး ဖြစ်သည်ကိုတော့ ပန်းမိုးက မမေးဘဲ နှင့်သိလိုက်၏။

ပန်းမိုးသည် စမ်းသာစိတ်နှင့် ဖျပ်ဖျပ်လူးသွားမိသည်။

"ဦးကြီးလှည်းနှင့် ကျွန်မတောတို ခဏလိုက်ချင်လို့"

ပန်းမိုးက လှည်းရှင်ဦးကြီးဆီ၌ ခွင့်တောင်းလိုက်၏။

"လိုက်ပေါ့"

"ဟုတ်ကဲ့ဦးကြီး. . . ကျေးဇူးတင်ပါတယ်၊ လှည်းဘယ်အချိန်တက်မှာလဲ"

"တော်ကြာရင်တက်မယ်"

"ဟုတ်. . . ဟုတ်ကဲ့. . . ကျွန်မ ခုတင်ပြန်လာခဲ့ပါမယ်"

"အမ ဘယ်ရွာကိုလိုက်မှာလဲ"

ဤစကားကိုတော့ လှည်းရှင်ဦးကြီး၏ မြေးမငယ်က မဝံ့မရဲ မေးသည်။

"သာစည်မြင်ကို ညီမရယ်"

မိန်းကလေးက နှုတ်ဆိတ်သွားသည်။





ပန်းမိုးပျော်လိုက်သည်မှာ ပြောဖွယ်ရာမရှိတော့။

လှည်းရှင်ဦးကြီးက အေးတိအေးစက်နိုင်သလောက် ပန်းမိုးမှာတော့ မြေ၌ပင် ခြေချမိသည် မသိခဲ့။ အိမ်သို့သာ အပြေးရောက်လာ၏။

"မိပန်းတို့များကွယ်. . . မပြောမဆိုနဲ့ စောစောစီးစီး ဘယ်ထွက်သွားပါလိမ့်လို့. . ."

"ဈေးကိုလေ ဒေါ်လေး. . ."

"ဘာတွေလုပ်တာလဲ၊ သားရေကြော် ဝယ်လာဖို့လား၊ ခင်ချိုဝယ်ခိုင်းယင်လဲ ရသားနဲ့"

ခရိုင်မြို့တွင် သားရေကြော် ကောင်းကောင်းမရှိသည်ကိုသိသော ဒေါ်လေးက ဆီးပြော၏။

"တောင်ပေါ်တန်းကိုလိုက်မလို့ ဈေးလှည်းသွားစုံစမ်းတာ"

"ဘာလို့ လောနေရလဲ ကလေးရယ်. . ."

"ဒေါ်လေးတို့ စုံစမ်းပေးမှာပေါ့. . . မနက်ဖန်ဈေးနေ့ပဲ လှည်းရှိမှာပါ"

"ဒီနေ့သွားမလို့"

"ဟော. . မိပန်း ဒီနေ့လိုက်မယ်"

ဒေါ်လေးက အံ့ဩသွား၏။

"ဟုတ်တယ် ဒေါ်လေး. . . လှည်းကြုံရခဲ့ပြီ၊ ဒီကနေ့ပဲ လိုက်သွားတော့မယ်. . ."

ပြောပြောဆိုဆိုနှင့်ပင် ပန်းမိုးသည် သူ့အခန်းထဲပြေးဝင်၍ အထုပ် အပိုးပြင်တော့သည်။

အမှန်က ကြိုတင်အစီအစဉ် လုပ်ထားနှင့်သဖြင့် အထူးတလည် တော့ ပြင်စရာမလိုတော့ပေ။

ဝန်စည်စလည်ဆို၍လည်း လက်ဆွဲသေတ္တာလေး တစ်လုံးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတစ်လုံးသာ ပါလေသည်။

"နင်ကလဲ အလောသုံးဆယ်ကွယ်. . . ."

ဟုတ်တယ် မမမိုးကလဲ မနက်ဖန်ဈေးနေ့ပဲ၊ မနက်ဖန်မှ ဈေးလှည်းကြုံရင်မှ လိုက်ပါလား မမမိုးရယ်. . ."

စောမြချိုကလည်း သူ့အမေဘက်က ဝင်ပြော၏။

"ဒီနေ့လဲ ကြုံနေတာပဲကွယ်. . . ဒီနေ့ပဲလိုက်သွားတော့မယ်. . ."

"ကျွန်ထော်လိုက်ပို့မယ် မမမိုး၊ ခြင်း ကျွန်တော်ပေး"

ခြင်းတစ်ဘက် လက်ဆွဲသေတ္တာတစ်ဘက်ဆွဲ၍ အခန်းထဲက ထွက်လာသော ပန်းမိုးလက်တစ်ဘက်ကခြင်းကို စောမြချိုက လှမ်းဆွဲ၍ ပြော၏။

"ကဲ. . . ကျွန်မသွားတော့မယ်နော်. . . လေးလေးကော"

ဦးလေးမောင်ကို ယခုမှ သတိပြုမိသော ပန်းမိုးက အိမ်၌ ဦးလေးမောင်ကို မမြင်မိသဖြင့် ပြန်ခါနီးမှ မေးရ၏။

"မနက်ဖန်ဈေးနေ့လေကွယ်. . . ပွဲရုံကို ထွက်သွားပြီ"

ဦးလေးမောင်မရှိသည်က ကောင်း၏။ ဦးလေးမောင် အိမ်မှာရှိနေလျှင် အတင်းတားနေဦးမည်။ မနက်ဖန် ဈေးလှည်းနဲ့ လေးလေးထည့်ပေးလိုက်မယ်ဟု လုပ်နေဦးမည်။

သူ ဟားလျက်နှင့်သွားလျှင် ပန်းမိုးကို စိတ်ဆိုးချင်ဆိုးနေဦးမည်။

"မမမိုးကတော့ အရပ်ပြန်ရမှာမို့ ပျော်နေတာဘဲ"

ခြင်းကိုလှည်းပေါ်တင်ပေးရင်း စောမြချိုက ပန်းမိုးမျက်နှာကို စေ့စေ့ကြည့်၍ဆို၏။

ပန်းမိုးစိတ်ထဲမှာ မလုံမလဲပင် ဖြစ်သွားမိသည်။

မမက အမေ ဆီ အဘတို့ကို လွမ်းလှပြီကွယ်. . ."

အရှက်ပြေပြောရင်း. . .





ဆရာ့ကိုတော့ လုံးဝထည့်မပြောမိ။

"တစ်နှစ်ထဲနဲ့များ အဖြစ်ကသဲနေလိုက်တာ"

အမှန်လည်း မိပန်းသည် အဖြစ် သဲနေမိသည်သာ။

"နင်က မိနဲ့ဖနဲ့ ရွာနဲ့မှ မခွဲဖူးဒါ"

"ခွဲဖူးလဲ ဒီထိတော့ မလွှမ်းသေးဘူး"

"အေးပါဟယ်. . . အေးပါ၊ နင်ကြုံမှသိမယ်၊ ငါ့လျှောက်လွှာ ပညာဝန်ရုံး ပို့ပေးဖို့မမေ့နဲ့နော် မောင်လေး . ."

"စိတ်ချပါ မမရယ်. . ."

စောမြချို ပြန်သွားသောအခါ ပန်းမိုးသည် လှည်းပေါ်၌ အတွေးသိနေမိသည်။

ပန်းမိုးအနေမှာ တစ်နှစ်ကိုမဆိုထားနှင့် ယခုလှည်းပေါ်၌ ခဏထိုင်စောင့်နေရသည်ကိုပင် အချိန်တို့က ရှည်ကြာလွန်းလှသည်ဟု ထင်နေမိသည်။

အလုပ်ခန့်စာမကျသေးပဲ မွေးရပ်မြေသို့ ပြန်လည့်ရသည်က မသေချာ မရေရာသေး၊ ကမန်းကတန်းလည်း နိုင်လွန်းလှ၏။

ပန်းမိုးစီး၍သွားနေရသော ယာဉ်မှာလည်း လေယာဉ်၊ သင်္ဘော၊ ကား၊ ရထား၊ မဟုတ်ပေ။ အမိုးဖွင့်ထားသော ဖြစ်ကတတ်ဆန်း ဈေးလှည်းကြုံသာ ဖြစ်သည်။ ထို့ကြောင့် ခရီးကား ပျင်းရိငြီးငွေ့ဖွယ်ရာ နှေးကွေးလွန်းလှပါသည်။ ပန်းလျှန္ဓမ်းနယ်ဖွယ်ကာလလည်း ရှည်ကြာပေဦးမည်။

မြို့လွန်လာသည်ဆိုကတည်းက လမ်းမှာအတက်ချည်းဖြစ်၏။ အနောက်ကိုမျှော်လိုက်လျှင် သစ်ဆိုင်တောအုပ်တွေနှင့် တောင်တန်းကြီးတွေမှာ မှိုင်းမှုပြာရီ၍ ဝေသီမြင့်ခေါင်လွန်းလှသည်။

"မှိန်ပြာပြာ မြူကျင်းလို့ တိမ်တိုက်တွေခြုံလွှာ



www.burmeseclassic.com

www.burmeseclassic.com



သိုင်းဖွဲ့ဆင်ဆေးပန်းချီ ရေးမမှီနိုင်တဲ့ဟန်၊
ရေးပြင်သည့် မိန်ရာသီ ရွက်သီဂီ လေချိုသုတ်ပြီ
ညှာညောင်းမပြုတ်ခင် ဤမှာဘက်ဆီ
စိန်သဲရွှေဘဝင်မှာ လွမ်းပါလေနဲ့. . .
ပြေစေကြောင်းရည်". . .
ပန်းမိုးရင်ထဲမှာ ပို၍ဟာလာသည်။
တောင်ခြေရွာတစ်ရွာတွင် အလှူရှိသည်ထင်၏။

တင်တင်မြ'တောင်တန်းပြာနှင့်ကျော့ပိုးအိပ်' သီချင်းဓာတ်ပြားဖွင့်သံတို့ ကြားရသည်။

တောင်ခြေရွာလွန်သော်အခါ သီချင်းသံမှာ ဝေး၍ဝေး၍ ကျန်ခဲ့လေပြီ။

သို့သော် ဝေသီမြင့်မားသော တောင်ပြာတန်းများကမူ ပို၍သာ၍ ထင်လာသည်။ အရစ်ရစ်အထပ်ထပ်နှင့် တောင်တန်းပြာကြီးများက လှိုင်းထလာကြသည်။

ပန်းမိုး၏စိတ်သည် အဝေးသို့လွင့်နေလေသည်။

ဇာတ်နိပါတ်တော်ထဲ၌သာ ဖတ်ဖူးရသော တောင်ငါးလုံး ကာခိုသည့် ရာဇဂြိုဟ်မြို့တော်ကြီးထက်ပင် ပန်းမိုးတို့မြို့က တောကြီးမြိုင်ယံတို့ကသာ ကာဆီးဝန်းရံလျက်ရှိသည်။ တောင်တန်းကြီးတွေကသာ ပတ်လည်ဝိုင်းလျက်ရှိသည်။

သို့သော်. . . ကုက္ကုပတ္တနဂိုရ်ပြည် အသွားလမ်းတွင် တွေ့ရကြုံရသော ကြက်ပျံမကျ စည်ကားလှသည့် ရာဇဂြိုဟ်မြို့တော်ကြီးနှင့် နှိုင်းလျှင်ကား ရိုင်းအုံ့သာထင်သည်။ ပန်းမိုးတို့မြို့သည် တောင်တန်းများမှာ ကာခိုသော်လည်း ရှေးခေတ်ရာဇဂြိုဟ်လို မစည်ကား၊ တောကျ၍





ခေါင်လွန်းလှလေသည်။

တောင်ပေါ်ဒေသ မြို့သိမ် မြို့ငယ်ကလေးသာ ဖြစ်သဖြင့် လေယာဉ်၊ မီးရထား၊ မော်တော်ကားဆိုသော လမ်းပန်းဆက်သွယ်ရေးလည်း အလျဉ်းမရှိခဲ့။ ပန်းမိုးတို့မြို့ကို လေယာဉ်၊ မီးရထား၊ မော်တော်ကားတို့နှင့် သွားချင်၍လည်းမရ။ မီးသဘော်၊ ဆိုသည်ကပင် သည်ခေတ်ရောက်မှ ပန်းမိုးတို့မြို့တို့ အနိုင်နိုင်ရောက်သည်။

တစ်ချိန်ကဆိုလျှင် လူဆိုး သူခိုး ဓားပြတန္တတွေနှင့် ရေလမ်းကုန်းလမ်း အားလုံး ဆိတ်သုဉ်းနေခဲ့ရသည်။ ပစ္စန္တရစ်တမျှ ဖြစ်ခဲ့ရသည်။ မြို့ကြီး၊ ပြကြီးများနှင့် တစ်ခုထဲသောခရီးမှာ လှေလောင်းသာတည်း။

သို့သော် ဓားပြအန္တရာယ်တွေကြောက်ရသဖြင့် လှေတွေမှာလည်း ရွက်လွှင့်တံခွန်ထူ၍ လူလိုသူလိုမသွားရဲ၊ မသွားဝံ့၊ ပုန်းလျှိုးဝှက်လျှိုးသာ. . .။

သည်ခေတ်တွင် ခရိုင်မြို့ကြီးက ပန်းမိုးတို့မြို့ကို မီးသဘော်ရောက်နှင့်ပြီဟုဆိုသော်လည်း ပန်းမိုးတို့ရွာကိုတော့ ဘယ်ရထား၊ ဘယ်ကားမှ မရောက်နိုင်၊ မပေါက်နိုင်သေး။ မြို့ကြီး ပြကြီးတို့နှင့် လမ်းမကြုံသဖြင့်လည်း ပန်းမိုးတို့အရပ်ကို ကားရထားတို့က ရောက်နိုင်စရာအကြောင်းမရှိပေ၊ ယခုမရောက်သေးသလို နောင်လည်း ရောက်မည်မဟုတ်ထင်၏။

တို့ကြောင့် ပန်းမိုးတို့ ဇနပုဒ်အသွားဆိုလျှင် နွားလှည်း မြင်းလှည်းကလွဲ၍ တာယာဉ်ရထားမှ စီးသွားစရာမရှိပါချေ။

ပန်းမိုးစီးနင်းလိုက်ပါလာသော အမိုးဖွင့် ဈေးကြုံလှည်းသည် တောင်ပေါ်သို့ တရွေ့ရွေ့ တွားတက်နေ၏။ မြို့ကို အလာတုန်းကလို ကုန်ပစ္စည်းတွေ ပါမလာသဖြင့် အလာတုန်းကနှင့် စာလျှင် ဈေးလှည်းမှာ နေ့ကွေးလွန်းသည်ဟု မဆိုသာချေ။

သို့သော်. . . ရွာကိုသာအမြန်ရောက်လိုသော ပန်းမိုးအဖို့ကား



www.burmeseclassic.com

www.burmeseclassic.com



ကတော့ လှည်းဘီးတစ်ပတ်သည်ပင် ကန္တရမဟာကပ်တစ်ကပ်နှစ်ကပ် အခွန့်ရှည်ကြာသည်ဟု ထင်ကောင်း ထင်နေပါလိမ့်မည်။

အမှန်က ဤလိုအချိန်မှာ ပန်းမိုးအတွက် လသွားယာဉ်သည်ပင် နှေးကွေးကောင်း နှေးကွေးနေမည်သာ. . .။

မျက်တောင်တစ်ခတ် လျှပ်တစ်ခါပြက်ရုံနှင့် ကမ္ဘာ့ ကမ္ဘာအသင်္ချေ အနန္တလှည့်လည်ပြန်လာရသော စိတ်ရထားယာဉ်ပျံသည် ပန်းမိုး၏ ခန္ဓာကိုယ်၌ ပါလာလေသည် မဟုတ်ပါလား။

တောကြိုတောင်ကြားအတိုင်း မြွေလိမ် မြွေကောက်လို အကြိမ်ကြိမ် တွေ့ကောက်၍ ဖောက်လုပ်ထားသော ခရုပတ်လှည်းလမ်းကြောင်းကို တောင်ကမူလေးများအထက်နှင့် အောက်တို့တွင် ကွေးကွေးကောက်၍ မြင်နေရ၏။

အမှန်ကတော့ ဤလမ်း ဤခရီးသည် သာမောဖွယ်မရှိဘဲ ဆွေးဖွယ်လွမ်းဘွယ် ပန်းလျှန္တမ်းနယ်ဖွယ်သာ. . .။

တောင်တောင်ယံ တောယံနှင့်မောလေအောင်. . .

ဝေကြူးသီခေါင် မှောင်ရီညို့ညို့ဆိုင်းဆိုင်း. . .

ဝေမှိုင်းမှိုင်းလေ. . . ပင်တိုင်း. . .

"လုံမက ဘယ်ရွာထိလိုက်မှာလဲ။"

လှည်းရှင်ဦးကြီး၏ အမေးကြောင့် ပန်းမိုး၏ အဂတွေးက ပြတ်သွားရသည်။

"သာစည်ပြင်ထိပါ ဦးကြီး"

"သာစည်ပြင်ဆိုတော့ သာစည်ပြင်ကပဲလား"

"ဟုတ်ကဲ့"

"ဘယ်သူ့သမီးပါလိမ့်နော်. . ."





"ကျွန်မ ဦးပန်းအောင်ထွန်း သမီးပါဦးကြီး"

"ဩော်. . . လက်စသတ်တော့ လုံမက ကိုရင်ပန်းအောင်ထွန်း သမီးကိုး. . ."

"ဟုတ်ကဲ့. . ."

"မြို့ကျောင်းနေတယ်ဆို ထင်ပ"

"ဟုတ်ကဲ့. . ."

လှည်းရှင်ဦးကြီး၏စကားက ခဏခြင်း ရွှန်းရွှန်းဝေလာသည်။ မြို့က ဈေးလှည်းတန်းတွင် တွေ့စကလို အေးတိအေးစက် မဟုတ်တော့ပေ။ သူ့မြေးဟုထင်ရသော မိန်းမငယ် တောင်ခံပါ သူကလေးကတော့ ယခုထိ ပန်းမိုးကို အထူးအဆန်းလို ငေးကြည့်နေသေးသည်။

ပန်းမိုး၏ အဆင်အပြင်က သူ့မျက်စေ့ထဲတွင် ဆန်းနေပုံရသည်။

"ခုကျောင်းပိတ်လို့ အလည်ပြန်တာလား"

"အလုပ်ခန့်စာမရသေးလို့ ရွာကို ခဏအလည်လာတာပါ"

"အင်း. . . လုံမအဖနဲ့ ဦးကြီးက သိပ်ခင်ပေါ့။ ဟိုတလောက တောင်ကသစ်တန်းရွာက သာမြတို့အလှူမှာ လုံမအဖနဲ့ ဦးကြီးနဲ့ တွေ့လိုက်သေးတယ်. . . လုံမအဖက သီလကောင်းတယ်. . ကျန်းကျန်းမာမာပါပဲ"

"ဟုတ်ကဲ့"

လှည်းရှင်ဦးကြီးက ဂါခု မေးလာစမ်းလားနှင့် ရွှန်းရွှန်းဝေအောင် စကားပြောလာတော့မှ ပန်းမိုးမှာ အနေရထိုင်ရ သက်သာသွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မြို့ဈေးလှည်းဝိုင်းထဲတွင် တွေ့တုန်းကတော့ ဦးကြီးလှည်းနဲ့ ကျွန်မတောကို ခဏလိုက်ချင်လို့”ဟု ခွင့်တောင်းပန်ကြားသည်ကို ပင် လှည်းရှင်ဦးကြီးက သဘောမကျသလိုလို အေးတိအေးစက်နှင့် “လိုက်ပေါ့”ဟုသာ တိတိဖြေ၏။

“ဘယ်ကိုသွားမှာလဲ၊ ဘာကိစ္စလဲ၊ ဘယ်ရွာကလဲဟုပင် မေးဖော်မရ။ ပန်းမိုးကလည်း သာစည်ပြင်ရွာက ဦးပန်းမောင်ထွန်း သမီးဆိုတာ လုံးဝမပြောမိ၊ ရွာကိုချက်ချင်းရောက်လိုသည့် စိတ် ကသာ ပန်းမိုး၏ရင်ထဲမှာ ဘောင်ဘင်ခတ်လာသဖြင့် ဘာကိုမှ သတိမရမိ အားလုံးကို မေ့လျော့နေခဲ့မိသည်။

ပန်းမိုး၏ အဝတ်အဆင်နှင့် သွင်ပြင်လက္ခဏာကို မြင်ရုံနှင့် မြို့ကြီးနေ မိန်းကလေးတစ်ယောက်ဆိုသည်ကိုတော့ လှည်းရှင်ဦး ကြီးက အတတ် ပုံဖမ်းထားခဲ့ဟန် ရှိသည်။

လှည်းရှင်ဦးကြီးနှင့်အတူ ပါလာသူက ၁၈-နှစ်အရွယ် မိန်းမငယ် ကလေးကတော့ “အမဘယ်ရွာကို လိုက်မှာလဲ”ဟု မဝံ့မရဲမေး၏။ “သာစည်ပြင်ကို ညီမရယ်”ဟု ပန်းမိုးက ပြောလိုက်သောအခါ နောက်ထပ်ဘာစကားမှ ဆက်မလာတော့။

သူတို့မြေးအဘိုးနှစ်ယောက်သည် မြို့သို့ ဖက်ဗူတောင်းတွေ လာပို့သည်ဟု ဆို၏။ ဖက်ဗူတောင်းတွေ ပို့ပြီးမှာ ဈေးထဲဝင်ကြ ပုံရသည်။ ထို့ကြောင့်လည်း သူတို့ မြေးအဖိုးကို ပန်းမိုးက ဈေးရှေ့က ကုန်ဈေးတန်း လှည်းဝိုင်းနားမှာ တွေ့ရခြင်းဖြစ်လေသည်။

တောင်ပေါ်တန်းဘက်ကမှန်း သိသော်လည်း ဘယ်ရွာကမှန်း





မသိသေးသဖြင့် တောင်ပေါ်တန်း ဘယ်ရွာမှာလဲကွယ်ဟု အတတ် သေချာအောင် ပန်းမိုးထပ်မေးစဉ်က “မင်းတက်ပြင် ရွာပါတော်”ဟု ကလေးမကပင် ဖြေခဲ့သည်။

ပါးအို့နီစွေ့စွေ့၊ မျက်ရိပ်ကလေး မပြေ့တပြေနှင့် တောင်ပေါ် သူမလေး၏ အသံမှာ ပကတိကြည်လင်နေသည်။

သူ့ရုပ်၊ သူ့အသွင်နှင့် သူ့အပြောအဆိုကို ကြည့်ခြင်းအားဖြင့် အတော်သွက်လက်ချက်ချာပုံရသည်။

မိန်းမတို့၏ သဘာဝအတိုင်း ယခု ပန်းမိုးကိုသိပ်ပြီး စပ်စပ်စုစု မမျှားသည်ကတော့ မရင်းနှီးသဖြင့် ရှိန်နေပုံရသည်။

ရွာကိုရောက်လိုစိတ် ပြင်းပြနေသော ပန်းမိုးကလည်း “ဦးကြီးလှည်းနဲ့ ကျွန်မ တောကိုခဏလိုက်ချင်လို့” ဤမျှလောက် သာ ပြောပြီး တက်လိုက်လာသည်။

မိတ်ရုပ်ရွာဒေသဘက်က လူများဆိုလျှင် ပန်းမိုးက စိတ်ချပြီး သားပင်။

လှည်းရှင်ဦးကြီးမှာ စိတ်မချစရာလည်း အကြောင်းမရှိ။ အသက် ကလည်းခြောက်ဆယ်နီးပါး အဖအရွယ်ပင်၊ ပြီးတော့ လုံမငယ် တစ်ယောက်ကလည်း ပါနေသည်မို့ ပန်းမိုး ရဲရဲဝံ့ဝံ့ပင် တက်လိုက် လာသည်။

ရွာကိုရောက်လိုစိတ် တစ်ခုတည်းသာ သူ့ရင်ထဲမှာ ပြည့်သိပ် လျှံဝေလာလေသည် မဟုတ်ပါလား။

“လုံမကို ဦးကြီး သာစည်ပြင်အရောက် လိုက်ပို့ပေးပါ့မယ်။ လုံမအဖက ဦးကြီးတို့နဲ့ ငယ်ပေါင်းသူငယ်ချင်းတွေပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဦးကြီး ဈေးဝယ်တင်ပါတယ်"

ပန်းမိုးတို့ သာစည်ပြင်မှာ နာမည်ကသာ သာစည်ပြင်ဟု ဆိုသော်လည်း စည်ကားသောရွာကား မဟုတ်ပါချေ။ ရွာသိမ်ရွာငယ်လေးသာဖြစ်၏။ တောင်ပေါ်တန်းဘက်လည်း ပိုကျ၍ ခေါင်လွန်းလှသည်။

လှည်းရှင်ဦးကြီးတို့ မင်းတက်ပြင်ရွာနှင့် ဆိုလျှင် နှစ်ခေါ်သာသာလောက်ဝေးသေး၏။ လျှိုချောင်းငယ်နှင့် လယ်ကွင်း၊ ကုန်း၊ ခြုံတွေခြားသေးသည်။

လှည်းရှင်ဦးကြီးတို့ မင်းတက်ပြင်ရွာကား အိမ်ခြေငါးရာကျော် ရှိသော ရွာကြီးဖြစ်၏။ မူလတန်း၊ အလယ်တန်းကျောင်း၊ ကျန်းမာရေးဆေးခန်းတွေနှင့် စည်စည်ကားကားပင်။ ငါးတန်း၊ ခြောက်တန်းကိုပင် ပန်းမိုး မင်းတက်ပြင်ရွာ၌ သင်ခဲ့ရသေးသည်။

ပန်းမိုးတို့ရွာကား အိမ်ခြေ တစ်ရာပင် မကျော်တတ်။ ကလေးသူငယ်များစွာ မူလတန်းကျောင်းကိုပင် မှန်မှန် မနေကြရ။ ဘုန်းတော်ကြီးကျောင်းကိုသာ အားကိုးကြရသည်။ ပန်းမိုးတို့ပင် ဘုန်းတော်ကြီးကျောင်း၌ နေခဲ့ရသေး၏။

ပန်းမိုးတို့ ဆယ်ကျော်သက်ရွယ်ရောက်တော့မှ အစိုးရမူလတန်းကျောင်းဆိုတာ မှန်မှန်နေရသည်။

တစ်ချိန်ကဆိုလျှင် ဆရာတစ်ယောက် ရွာကိုရောက်လာပါ၏။ သို့သော်တောကျ၍ ခေါင်လွန်းလှ၍ ပျင်းတယ်ဆိုပြီး ပြန်ပြေးသွားသည်။

ယခုတော့ ပန်းမိုးတို့ ငယ်ဆရာ ရွာမှာမြဲနေသည်။





ကလေးသူငယ်များ ကျောင်းမှန်မှန်နေရပြီဖြစ်လေသည်။

ရွာအကြောင်း၊ ကျောင်းအကြောင်း၊ အိမ်အကြောင်းကို တွေးမိပြီဆိုတော့လည်း ဆရာရုပ်သွင်နှင့် ဆရာ့အသံတို့ကို ပန်းမိုးက ချက်ချင်းပြေးမြင် ပြေးကြည့်နေမိသည်။

ဆရာမှာ ဖြူဖြူနွဲ့နွဲ့ပင် ဖြစ်၏။ ဆရာ၏ မျက်လုံးသည် အစဉ်ကြည်လင်နေတတ်သည်။ မျက်ခုံးမှာ ဆရာ၏ အထူးခြားဆုံး အမှတ်သညာပင်။ ဆရာ၏ မျက်ခုံးနှစ်ဘက်သည် ထူထဲလွန်းလှသည်။ အရပ်ရှည်သော ဆရာ၏ ရုပ်မှာ အနည်းငယ်ကိုင်းကိုင်း ညွတ်ညွတ်လည်းရှိသည်။

ဆရာသည် စကားပြောရာ၌ ရှက်သလို နွဲ့သလိုနှင့် အမြဲမလုံမလဲ ပြောတတ်၏။ ဤသို့ ပြောတတ်သည်ကပင် ဆရာ၏ ဆွဲဆောင်မှု ထင်သည်။ သူက ပေါ့ပြောနေရသော်လည်း လူတတ်လုပ်ပြောနေရသည့် အသွင်သဏ္ဌာန်မျိုး ဆရာ့တွင် လုံးဝမရှိ။

အကြံဉာဏ်တောင်းခံနေသည့် ပုံ၊ အကူအညီတောင်းနေသည့် သဏ္ဌာန်တို့ကသာ ဆရာ့မျက်နှာတွင် ထင်ဟပ်လျက်ရှိလေသည်။

မျက်နှာမှာ အပြုံးတွေ ထာဝစဉ်ဝေသီနေသလို ဆရာ၏ စကားသံတွေမှာလည်း လွင်၍ ကြည်ကြည်အေးအေးဖြစ်သည်။ ပြတ်ပြတ်သားသားကြည်ကြည်လင်လင် ရှိလှသော ဆရာ့ အသံကို မကြားရသည်မှာ ကြာခဲ့ပြီတည်း။

ဆရာ့ရုပ်သွင်နှင့် ဆရာ့ အသံတို့ကို ကြားယောင်မိပြီဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ ပန်းမိုးတို့ရွာသို့ ဆရာမရောက်လာသော ညနှင့် ဆရာ့ဆီတွင် ပန်းမိုးတို့ စာသင်ခဲ့ကြရသည့် အကြောင်းများကိုပါ ရှည်ရှည်လျားလျား တွေးမိပြီးသား ဖြစ်သွားလေသည်။

* * * *



အခန်း(၃)

သာလိုက်သည့် လ။

ညသည် ဖွေးဖွေးဖြူနေသည်။

မှုင်မှုင်သွဲ့သွဲ့ တိုက်ခတ်လာသော မိုးသက်လေထဲတွင် ပန်းရနံ့တွေက သင်းပျံ့နေသည်။

သည်ကနေ့ညသည် ခါတိုင်းနေ့တွေနှင့်စာသော် ပို၍သာ၍လှပနေသည်။

မန်ကျည်းပင်၊ တမာပင်များ၏ အကိုင်းအခက် ရွက်လက်ရိုးတန် အကြိုအကြားမှ လရောင်သည် ရွှန်းရွှန်းမြမြ ယိုဖိတ်ကျနေသည်။

အိမ်ဝင်းခြံတစ်ခုလုံးသည် အလင်းနှင့်အမှောင် နှစ်ရောင်ခြယ်သထားသော ကွက်တိကွက်ကျား အဆင်ဆန်းကို ဆင်မြန်း၍ အေးချမ်းတည်ငြိမ်နေသည်။

စူးရှသော ညမွှေးပန်းရနံ့သည် သည်ကနေ့ပို၍ စူးစူးရှရှ



www.burmeseclassic.com

www.burmeseclassic.com



မွေးလွန်းဘိသည်။

ထိုသို့သော လွမ်းဆွတ်ကြည်နူးဖွယ် ကောင်းလှသည့်ညက ဆရာ ပန်းမိုးတို့ ရွာသို့ရောက်လာသည်။

ဘော်သာခွာ ငွေရောင်ဆမ်းထားသော ရွာလယ်လမ်းအတိုင်း မြင်းလှည်းတစ်စီးသည် မြောက်မှတောင်သို့ တအိအိ မောင်းနှင်လာသည်။ လရောင်ထဲ၌ မြင်းလှည်းကို အဝေးကပင် လှမ်းမြင်ရသည်။

မြင်းညိုကြီး၏ ခြူခလောက်သံတွေက ညံ၍ လွင်လာသည်။

တိတ်ဆိတ်ငြိမ်သက်၍ အိပ်မောကျနေသယောင်ထင်ရသော တစ်ရွာလုံးကို မြင်းညိုကြီး၏ ခြူခလောက်သံက တစ်အိမ်ပြီး တစ်အိမ် လှုပ်လှုပ်နှိုးလာသလား ထင်ရသည်။

စောစောပိုင်းက ငြိမ်သက်နေခဲ့သော တောရွာကလေးသည် ယခုတော့ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ အသက်ဝင်လာသည်။

"ဆရာပါလာပလား ဟေး. . ."

"မိုးကျလုနီးပြီး ဒီနှစ်တို့ရွာမှာ ဆရာရမှရပါတော့ဦးမလား"ဟု ပူပန်နေကြသော ရွာသူရွာသားများသည် အိမ်ခြံဝ လမ်းမထိ ထွက်၍ကြိုမေးကြသည်။

"ဆရာလာပြီဗျို့. . . ဆရာပါလာပါပြီ"

အမေးအမြန်းထူလွန်လှသော ရွာသူရွာသားအားလုံးကို ကျောင်းဆရာပါလာပြီဖြစ်ကြောင်း ဘကြီးဖြိုးက အော်ဟစ်ဖြေကြားလာသည်။

ဘကြီးဖြိုး၏ ဗျိုးဟစ်ဖြေကြားသံကို အဝေးကပင်ကြားရသည်။

"ဟုတ်လား"

ဘကြီးဖြိုး၏ အသံညြညြကြီးကိုပင် နားယောင်တတ်သော





အချို့က ထပ်မေးကြသည်။

"ဟုတ်ပါတယ်. . . ခုဒီမှာ ဆရာပါလာပြီ"

ဘကြီးဖြိုး၏အသံကလည်း ဤနေ့ညတွင် တက်တက်ကြွကြွ နိုင်လွန်းလှသည်။

ကလင်ကလင်နှင့် ညင်ညင်သာသာ မြည်ရှင်လာသော မြင်းညိုကြီး၏ ခြူခလောက်သံကို ကြားကတည်းကပင် ပန်းမိုး၏ရင်ထဲမှာ ယောက်ယက်ခတ်နေလေပြီ။

ဆရာ့ကိုချက်ချင်းတွေ့လိုစိတ်၊ မြင်လိုစိတ်၊ ကြည့်ရှုအကဲခတ်လိုသောစိတ်၊ ဆရာအသားမည်းသလား၊ အသားဖြူသလား၊ အသားညိုသလား၊ အရုပ်ဆိုး အကြည့်တန်ထဲကပဲလား၊ လှသလား၊ ချောသလား၊ သွားခေါသလား၊ မျက်ပေါက်ကျဉ်းသလား၊ မျက်လုံးပြူးသလား၊ ယဲစပ်ပြသလား၊ နှာခေါင်းချွန်သလားဆိုသည့် သိလို မြင်လို ကြည့်လိုစိတ်တို့က ပန်းမိုး၏ရင်၌ ဘောင်ဘင်ခတ်တုန်၏။

"ဆရာသည် အရုပ်ဆိုး အကျည်းတန်တော့ မဖြစ်ပါစေနှင့်"ဟု ပန်းမိုးဆုတောင်းလိုက်ရသည်မှာလည်း အကြိမ်ကြိမ်အခါခါပင်တည်း။

ပန်းမိုးသည် ဆရာအမျိုးမျိုးနှင့်ကြုံဖူးသည်။

အရုပ်ဆိုးသူ၊ အပြောဆိုးသူ၊ အရုပ်လှသူ၊ အပြောကျသူ၊ အသင်အပြတော်သူ၊ အသင်အပြညံ့သူ မည်သည့်ဆရာပဲဖြစ်ဖြစ် ပန်းမိုးတို့ရွာ၌ တစ်နှစ်ပြည့်သည့် ကျောင်းဆရာကတော့ ခပ်ရှားရှားပင်။

ထို့ကြောင့်လည်း ယခု ပန်းမိုးတို့အသက်က ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ်ရောက်နေပြီး မူလတန်း တန်းကြီးလေးတန်းကို တိုးမ



www.burmeseclassic.com

www.burmeseclassic.com



ပေါက်နိုင်သေး။

ငွေရောင်ဆမ်းထားသောအိမ်ရှေ့တွင် မြင်းလှည်းက ထိုးရပ်လာ၏။

ဘောင်ဘင်ခတ်နေသော ပန်းမိုး၏ရင်သည် တဒိတ်ဒိတ်အခုန်မြန်သွားသည်။

"အဖေ ဆရာပါလာပြီ"

အစ်ကိုကြီး၏ အားတက်သရောအသံကို ဦးစွာကြားလိုက်ရသည်။

အစ်ကိုကြီးထွန်း၏ အသံကလည်း ဤယနေ့၌ အားတက်သရော ကျယ်လောင်နေသည်။

**အိမ်ဘေး**က တမာပင်ကြီးအောက်တွင် လရိပ်ဝန်းခို၍ ဆရာ**အလာကို** တိတ်တခိုး ကြိုစောင့်နေမိသော ပန်းမိုးသည် အိမ်ပေါ်**သို့ ကမန်းကတန်း** ပြေးတက်လာရသည်။

**အိမ်ရှေ့**ကပြေးတက်လျှင် ဆရာညှော်သည်မြင်မှာစိုး၍ နောက်**ဖေးလှေကားမှ** အပြေးခိုးတက်ရသည်။

အိမ်ပေါ်သို့ရောက်သည်နှင့် တစ်ပြိုင်နက် ကြံ့ခိုင်ရေး ရေဒီယိုကို ကျယ်ကျယ်လောင်လောင် ဖွင့်လိုက်သည်။

ပန်းမိုးတို့အိမ်တွင် ဓာတ်ခဲသုံး ရေဒီယိုရှိသည်ကို ဆရာအား ပန်းမိုးစိတ်ထဲက ကြွားပြနေသည်။

ဓာတ်ခဲအားမနည်းသော်လည်း၊ ရေဒီယိုက ကျယ်သော်လည်း ပန်းမိုးစိတ်ထဲက အားမရလှ။ အစ်ကိုကြီးနှင့်လည်း ဓာတ်ခဲအသစ်တွေ မြို့ကပါလာဦးမည်။





ဖြစ်နိုင်လျှင် ခုချက်ချင်းပင် ဓာတ်ခဲ လဲလိုက်ချင်သေး၏။ သို့သော်. . . ပန်းမိုးမှာ လောလောဆယ်တော့ ဓာတ်ခဲလဲဖို့ထက် အရေးကြီးသည့်ကိစ္စက ရှိသေးသည်။ ထို့ကြောင့် စိတ်ထဲက အားမရလှသော်လည်း ရေဒီယိုကိုသည်အတိုင်း ဖွင့်ထားခဲ့ရသည်။

ရေဒီယိုမှသီချင်းသံသည် တစ်အိမ်လုံးညံနေ၏။

ညချမ်းချိန်ခါဝယ် ၊ တူနွဲ့နှစ်ဖြာ မောင်မယ်။

ကျီစယ်လွန်းတာ ဖိုးရွှေလက မိုးတိမ်ဝသို့သရော်

သည်နယ်၊ ဆက်မူး. . . ဝေရုံရယ်၊ ရှက်ဘူးလေကုန်

မယ်၊ ရှစ်ဘဝခံနိုင်တယ်၊ ချစ်သမ္မုအကြောင်း

ပြိုင်မယ်. . ."

ရေဒီယိုကို ကျယ်ကျယ်လောင်လောင် ဖွင့်ထားခဲ့ရသော်လည်း ရေဒီယိုထဲက သီချင်းသံကို နားမထောင်အား၊ စိတ်ယောက်ယက်ခတ်နေသဖြင့် ဘာသီချင်းလွှင့်နေသည်ကိုပင် သတိမပြုမိ။

ဧည့်ခန်းတွင် ဇင်ဖျာချောကို ဖုတ်ဖက်ခါ ခင်းရသည်။ ဧည့်ခန်းနှင့် အိမ်ထဲကို အခေါက်ခေါက်အခါခါ ပြေး၍ ဆေးလိပ်ခွက်ချရသည်၊ ကွမ်းအစ်တည်ရသည်၊ ရေနွေးကြမ်းထပ်ဖြည့်ရသည်။ နောက်ထပ် ရေနွေးတစ်လုံးတည်ရသည်။ ပြီး. . . ထမင်း ဟင်းများကို ထပ်နွှေးရသည်။ တစ်အိမ်လုံး သူ့ခြေတွေနှင့် ကွန်ရက်ယှက်လုပ်နေသည်။

ဆရာပါလာပြီဆိုတော့လည်း ပန်းမိုး၏အသွင်က ငှက်သွင်ပျံကြွမတတ် ပျော်နေမိသည်။ ဆရာဆိုတာ မြို့သလား၊ မည်းသလားပင် စေ့စေ့စပ်စပ် မကြည့်ရသေး၊ အဖြစ်သဲလွန်းသည်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အလွန့်အလွန်ပင်။

ဆရာတို့ အလာမိုးချုပ်လိုက်တာ. . . ဈေးပြန်ချိန်ကိုရောက်လာမယ်ထင်ပြီး ရွာကလူတွေ ကြိုနေကြသေးတယ်"

"လသာဘတဲ့ညပဲဆိုပြီး နေအေးမှ မြို့ကတက်လာကြတာကိုရင်"

အဖေက မိုးချုပ်သည်ဟု ဆို၏။

လသာညမို့ နေအေးမှ မြို့ကတက်လာကြကြောင်း အဖေ့စကားကို ဘကြီးဖြိုးက ပြန်ကြားသည်။

ဆရာ့အသံကိုတော့ လုံးဝမကြားရသေး။

ဈေးပြန်ချိန်ရောက်မည်အထင်နှင့် ညနေဆည်းဆာကပင် ရွာတံခါးဝက တမျှော်မျှော်စောင့်ကြိုခဲ့ကြရသော ရွာလူကြီးများသည် ယခုတော့ ဆရာရောက်ပြီဆိုသဖြင့် ပန်းမိုးတို့အိမ်သို့ တစ်ယောက်ပြီးတစ်ယောက် တက်ရောက်လာကြသည်။

ရေနွေးအိုး တစ်လုံးပြီးတစ်လုံးကုန်၍ ပဲလှော်နှင့် ထန်းလျက်ကပိသာလိုက်ထွက် ပျောက်မည့်နေ့ပင်။

ပျော်စရာတော့ တစ်မျိုးကောင်းဦးမည်။ အိမ်ပေါ်တွင် လူတွေက သောင်းသောင်းညံဦးမည်။

ပန်းမိုးတို့အဖေမှာ ရပ်ရွာလူကြီးပင်ဖြစ်သော်လည်း နေထိုင်မကောင်းသဖြင့် မြို့သို့ ဆရာကြိုလိုက်မသွားပေ၊ အဖေ့ကိုယ်စား အစ်ကိုကြီးထွန်းကိုသာ ရွာလူကြီး ဦးဘဖြိုးနှင့်ထည့်လိုက်၏။ ယခုတော့ ဆရာ့ကိုပင် ခေါ်ကြိုလာကြလေပြီ။

မိုးကျလုနီးပြီ။ ဒီနှစ် တို့ရွာမှာ ဆရာရမှရပါဦးတော့မလားနှင့်





ပူပန်နေခဲ့ကြသော ရွာသူရွာသားများမှာ ဆရာရောက်နေပြီဆိုတော့လည်း အုတ်အော်သောင်းတင်း ညံလာကြသည်။ ညချင်းချက်ချင်း သူ့ထက်ငါဦးအောင် ဝိုင်းအုံလာကြသည်၊ ဝမ်းသာအားရစကားဆိုသည်။

မသိကြသေး၊ မရင်းနှီးကြသေး၊ ခုမှမြင်ရတွေ့ရခါစရှိသေးသော်လည်း ခင်မင်စိတ် ရင်းနှီးလိုစိတ်နှင့် ဆရာ့ကိုနှုတ်ဆက်ကြသည်။ ဆရာလှသလား၊ ချောသလားဟု ဝိုင်းဝန်းကြည့်၍ ဆရာအနားတွင် အုံနေကြသည်။

ဤမျှထိ အဖြစ်သဲလွန်းနေကြသော ရွာသူရွာသားများကို ပန်းမိုးသည် စိတ်ထဲကမျက်ချင်နေ၏။ သူတစ်ခွန်း ငါတစ်ခွန်းနှင့် ပြောလိုက်ကြသော စကားတွေမှာ ရေဒီယိုအသံကိုပင် ဖုံးလွှမ်းနေသည်။ သူတို့စကားများသည် ပန်းမိုးတို့ အိမ်ဝင်း တစ်ခုလုံး ပွဲတင်ထပ်နေသည်။ ဘောင်ဘင်ခတ်နေသည်။

ယခုထိ စကားမဆိုအားသေးသော ဆရာကတော့ အားတက်သရော ရှိကြသော ရွာသူရွာသားတွေကို မြင်ရ၍ ကျေနပ်အားရနေပုံတည်း။

ရေနွေးကြမ်းနှင့် ပဲခြမ်းကြော် ထန်းလျက် လိုက်ပွဲဆက်ရသူ ပန်းမိုးကတော့ ထိုညကနွမ်းလျ ပန်းလှသည်။ နဖူးတွင် ချွေးစို့၍ လူမှာလည်း အိမ်တွင်းအိမ်ပြင် ယောက်ယက်ခတ်နေရသည်။

သန်းခေါင်သန်းလွဲထိ ပန်းမိုးတို့အိမ်မှာ ရွာသူရွာသားတွေ စကားဖောင်ဖွဲ့၍ စည်ကားနေသည်။

"ဟောဗျာ. . . ဆရာကငယ်ငယ်လေးပါလား၊ အမိအဖတွေကို



www.burmeseclassic.com

www.burmeseclassic.com



လွမ်းလို့ မကြာခင် ပြန်ပြေးဦးမယ်ထင်တယ်။ ဟော့ကောင် ထွန်းအောင် မင်းတို့ပင့်လာတဲ့ဆရာက နို့မှုလွတ်သေးရဲ့လား ကွာ. . ."

နောက်ကျမှ ဆရာကြည့်ရောက်လာသူ ရှာသားတစ်ယောက်က ဆရာ့မြင်သောအခါ အံ့ဩသံကြီးနှင့်ဆိုလိုက်သည်။

"ဆရာက ငယ်ငယ်လေးပေမင့် အမေအဖေတိုလွမ်းလို့တော့ ပြန်ပြေးမှာ မဟုတ်ဖူး. . . နင့် အသံကြီးကို နားမခံနိုင်လို့ ပြန်ပြေး သွားမှာသာ စိုးရသတော်. . ."

ကြီးကြီးတင် ဦးလေးလှဆောင်ကို အော်ဟစ်လိုက်သည်။

မေးသူရော ဖြေသူကိုပါ သဘောအကျကြီးကျ၍ ရွာသူရွာသား တွေက ဝါလုံးကွဲ ဝိုင်းရယ်ကြသည်။

"ကျောင်းဆရာက လူဖျိုလေးဆိုတော့ ဟဲဟဲ. . . တို့ရွာမှာ ဆရာ ကတော်တစ်ယောက် ရှာကြမှဖြစ်မယ်ထင်ပ။ ဒါမှ တို့ရွာမှာ ကျောင်းဆရာမြဲတော့မှာ. . ."

နောက်တစ်ယောက်က လာပြန်၏။

"ဟိုက်. . . ဒီလိုဆိုရင် တို့ရွာမှာ မင်းကြိုက်စိုးကြိုက် ကာလနာ များ အဲ. . . ဟုတ်ပေါင် ယောင်လို့၊ ဘွာ. . . ဘွာ. . . ကာလသား များ လားလားမလိုက်တဲ့ မင်းကြိုက် စိုးကြိုက် ဆရာကတော်ဖြစ် ထိုက်တဲ့ သူငယ်မတစ်ယောက်တော့ ငါမြင်ထားတယ်ကွ. . . သာရင် မောင်ရာ. . ."

"ဟေး တိုင်းရက်တဲ့ ပက္ကလာမိုးရွာတာနဲ့ အခန့် သင့်ပေသဗျာ ကဲ. . . ကိုရင် မြင်ထားတာက ဘယ်အပိုင်းကတုန်း. . . ရွာလူကြီး





စုံရာ ရှေ့မှာ နုတ်သံမနှောဘဲ ပြောစမ်းပါဦး. . ."

"ကျုပ်ပြောမယ်. . , ကျုပ်ပြောမယ်. . . တို့ရွာမှာ မင်းကြိုက် စိုးကြိုက်ကိုရွေးမယ်ဆိုရင် မြောက်ဘက်ပိုင်းက "ငယ်လည်းငယ် ချစ်လဲမျှစ် ချစ်စရာလည်းကောင်း၊ ကောင်းခြောက်ရပ် ကုရှေကုရှာ နေဝင်ချိန် တိမ်လိပ်၊ မှောင်ရိပ်ကယ် ဖြိုးဖျမှာသွယ်လှသည် မိလှသည် ယဉ်လှသည် ကေဆံ၊ ဖျားညွှတ်ကေကော့လန် ပိတုန်းညို တောင်ပံ ကုံကမံပျံ့ကြိုင် မဥ္ဇူနံ့လှိုင်လှိုင်နှင့် ဆီက ပရပိုင်မထ နိုင်ရှာသူကို မရှုဘဲမထူဘဲ လေညာက ဖြန့်ကြလျှင် အဲ. . . အင် ငေါက်ခနဲ ထလောက်အောင် လှပါတဲ့ ကိုကြီးကျော်ရေ မမိဂျမ်းကို ရွေးကြရမှာဗျ. . ."

အကယ်မှတ်၍ နားထောင်နေကြသော ရွာသူရွာသားတွေက ပါးကနဲ ပွဲကျသွားကြသည်။

"တော်စမ်းပါ။ ကျုပ်ကအကယ်မှတ်လို့ နားထောင်နေတာ မဟုတ်ကဟုတ်က မင်းပါးစပ်ပုတ်ကြီးမို့ ထွက်ရဲတာ. . ."

"မင်း. . . မသိဘူးနော်၊ သာရင်မောင် ကိုဇချီးပြောဒါ ဟုတ်တယ် တို့ရွာမှာ မိဂျမ်းက ရာဇဝင်နဲ့လာတာကွနော်. . ."

"ဘယ်လို ရာဇဝင်နဲ့လာတာလဲ မင်းခွေးပါးစပ်က နုတ်သံနဲ့ဟ ဖြပါဦး" တစ်ယောက်က ဝင်ထောက်ပြန်၏။

"အရင်တစ်နှစ်က မြို့က ပညာအုပ်မင်း သပြေလား ရေလား မင်းတက်ပြင်ရွာကို တက်လာတာ အဲ. . . ဒီ. . ."

"ဟဲ့ကောင်၊ သပြေလား၊ ရေလားဆိုဒါက ဘုရင်မင်းတွေ တောကစားထွက်တာ ဖမဲပစ်တောလည်လာတာကို ပြောတာကွ၊



www.burmeseclassic.com

www.burmeseclassic.com



မင်းတက်ပြင်ရွာကို အဝင်ဝမှာ မိဂျမ်းကိုလဲ ဖြူးခနဲ တွေ့လိုက်ရရော. . ."

"တစ်ခါထဲ ကြိုက်သွားတာပဲလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ တရွေ့ခြောက်တယ်ထင်ပြီး လန့်လို့ ဖျားတာ မင်းတက်ပြင်ရွာမှာ သုံးညတောင် အိပ်သွားရပါပကောလားလို့"

ဤတစ်ခါတော့ ရွာသူရွာသားများတင်မက ဆရာကပါ သဘောကျ၍ တသိမ့်သိမ့်ရယ်၏။

သူ့တူမ အရုပ်ဆိုးအကျည်းတန်ကြောင်း လူပုံအလယ်မှာ ထောပနာသမှုနှင့် ဩဘာစာ ဖတ်ရှုခြင်း ခံရသော ဦးလှကျော်က လည်း စိတ်မဆိုးသည့်အပြင် . . .

"အဲဒါမင်းတို့ ပညာအုပ်မင်းကိုက ကျုပ်တူမ အရည်အချင်းကို မသိလို့ဘဲမောင်၊ ပုံနှိုင်းပြရရင် မဟောသဓာဇာတ်တော်က ဥဒုမ္ဗရဒေဝီနဲ့ ပိဏ်ဂုတ္တရလုင်မင်းတို့ ကြားဖူးမှာပေါ့။ ငါ့တူမနဲ့ ပညာအုပ်မင်းနဲ့ မတန်တော့ ဘုန်းကံချင်းမှမတူတာ"

"ဘယ်သူက မတူတာလဲ"

"ငါ့တူမက မတူတာပြောမလို့ပါကွ. . ."

"ဟား. . . ဟား. . . ဟား. . ."

လူတွေက ဝိုင်းရယ်ကြပြန်၏။

"ငါလဲ အဲ. . . အဲဒါကိုပြောမလို့ဘဲ"

"ဦးလေး. . . ဦးလေး. . . စိတ်ကောင်းကောင်းထားပါဗျနော် ခုခေတ်က ဦးလေးလို့ ခေတ်လိုမဟုတ်ဘူး၊ မွေ့ခေါင်ခေါင်မှာ





မိုးကြိုးဆိုတာမျိုးက ပစ်တတ်တယ် ခင်ဗျ. . .

ရွာသားတွေမှာ တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်၍ ပွဲကျနေကြသည်။

ညဉ့်နက်၍ အလျိုလျို ဆင်းသွားကြတော့မှ ဆရာက ပန်းမိုးတို့အိမ်သားတွေနှင့် စကားပြောဖြစ်၏။

ပန်းမိုးတို့အိမ်သားတွေနှင့် ဆရာက စကားပြောဖြစ်ပြီဆိုတော့လည်း ပန်းမိုးအကြောင်းက ပိုများလေသည်။

ပန်းမိုးနှင့်ဆရာတို့မှာ မကြာခင် ဆရာတပည့် ဖြစ်လာကြမည်မို့ ပန်းမိုးနှင့်ဆရာက တိုက်ရိုက် ပတ်သက်နေသည်မဟုတ်ပါလား။

"ဒါက ကျွန်တော့် ညီမငယ်. . ခင်ပန်းမိုးလို့ ခေါ်ပါတယ် ဆရာ. . . ဆရာစာပြရမယ့် ဆရာ့တပည့်မဆိုပါတော့"

အစ်ကိုကြီးထွန်းက မိတ်ဆက်စကားဆိုသဖြင့် ဆရာက ပန်းမိုးကို တည်တည်ငြိမ်ငြိမ် တစ်ချက်လှမ်းကြည့်၍ အသိအမှတ်ပြုပြုံးပြသည်။

ပန်းမိုးကတော့ ရင်ထဲ ဒိန်းကနဲ ခုန်သွား၏။

ဆရာ့ကို ပန်းမိုး ရဲရဲမကြည့်ဝံ့သေး။ ခေါင်းကိုသာ ငုံ့ထားလိုက်မိ၏။

"ကျွန်တော့်ညီမက ဉာဏ်ထက်တာတော့ မပြောပါရစေနဲ့ ဆရာရေ. . ."

အစ်ကိုကြီးထွန်းက ပန်းမိုးဘက် တစ်ချက်လှည့်ကြည့်၏။ ပန်းမိုးခေါင်းငုံ့ထားတော့ ဆရာက ပန်းမိုးကို ကြည့်နေလိမ့်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးထွ[illegible]က သူ့စကားကို ဆက်ပြောသည်။

"အဲဒါ ခုနစ်နှစ်ကျော်အရွယ်ကပင် အတန်းကျောင်းထားပေးတာပါပဲ. . . ခုဆိုရင် ဆယ့်နှစ်နှစ် ဆယ့်သုံးနှစ် သမီးအရွယ်ရှိသွားပါပြီ လေးတန်းကကို မတက်နိုင်သေးဘူး. . . ကျွန်တော်တို့ကတော့ အတန်းလေးဘာလေး ရလာရင် မြို့ကျောင်းထားပေးမလို့ပါပဲ အဲတာ ဆရာသင်ပြလို့မှ လေးတန်းကမတက်ရင်တော့ သူ့ထိုက်နဲ့သူ့ကံ ခြံလုပ် ဖက်ခူးပဲ ခိုင်းရမှာဘဲ"

အစ်ကိုလုပ်သူက ပန်းမိုးညာဏ်ထုံကြောင်း ခရိုးရောက်မဆိုက်ပင် ဆရာ့ကို တိုင်တော ပြောတော့၏။

ရှန်းလဲ့ကြည်မြသော ဆရာ၏ မျက်ရိပ်စန်းက ပန်းမိုး၏ မျက်နှာပြင်မှာ လာဟပ်၏။

အသားဖြူဖြူ မျက်ခုံးထူထူ မျက်နှာသွယ်သွယ် နှာတန်ပေါ်ပေါ် နားရွက်ကားကား မျက်လုံးအနေအထားက တည်တည် ငြိမ်ငြိမ်နှင့် ကိုယ်ဟန်က နွဲ့လျသည်။ ပိန်ပိန်ပါးပါး ရှည်လျားလျား ဆရာ့ရုပ်သွင်သည် ထိုင်နေသည်မို့ အနဲငယ်ခါးကုန်းကိုင်းညွတ်သလား ထင်မိသည်။

ဆရာ့ရုပ်က ပန်းမိုး၏ မျက်ဝန်းတွင် လာခိုသလို ပန်းမိုး၏ ရုပ်သွင်သည်လည်း ဆရာ့ မျက်ဝန်းအစုံတွင် ထင်ဟပ်လေမည်ပင်။

နှုတ်ခမ်းနှစ်လွှာက ထူဝန်းဝန်း လျှော့တွဲတွဲ။ မျက်နှာဝိုင်းကလေးက ပန်းသွေးရောင်၊ မျက်တောင် မျက်ခုံတို့က ကော့ရရော့၊ နှာတံဖျားက လုံးမို့မို့ ပါးအို့နီနီနှင့် မျက်နှာဝိုင်းမလေး ပန်းမိုးကို တကယ်ပင် ညာဏ်ထုံထိုင်းမည့်ရုပ်ဟု ဆရာအထင်ရောက်သွား





လေပလား"။

ပန်းမိုး၏ စိုးရိမ်ပူပန်တတ်မှု အပြည့်ပါသော အတွေးသည် ချက်ချင်း ရင်ထဲမှာ ဘောင်ဘင်ခတ်သွား၏။

ထိုအခါ ဆရာ့ကိုပင် ရှက်ရွံ့သွားမိသည်။

အစ်ကို့စကားကို ဆရာက တကယ်များ ထင်သွားလေပလားဟု ပူပန်လိုက်ရသည်မှာလည်း အမောပင်။

အစ်ကိုကြီးကိုလည်း စိတ်ထဲက မျက်နေမိသည်။

ဆရာရှေ့မှာ သူ့ကို ဤသို့ပြောရပါမည်လားဟူသော မကြေနပ်မှုနှင့် နှုတ်ခမ်းစူမိသည်။ စိတ်ခုမိသည်။ မုန်းမျက်စောင်းလည်း ထိုးမိသည်။

ဆရာရှေ့ ဆရာရှိနေ၍သာ နို့မို့ရင်လား ထတဲ့ပြီး အကိုကြီး ထုရိုက်ပစ်မည်မှာ မုချပင်။

"ကျောင်းက မှန်မှန်နေရလို့လား"

ဤစကားကိုတော့ ပန်းမိုးက မကြေမနပ်နှင့် ပြောဖြစ်အောင် ပြောလိုက်မိသည်။

သို့သော်. . . အကိုကြီး မကျေနပ်၍ ပြောတာလား၊ ဆရာ့ကို ခွင့်ပန်လိုသော အဖြေလား?

ဤသည်ကိုတော့ ပန်းမိုး၏ လုပ်ပြောသံသြသြ၊ မကျေနပ်သံလည်း နှောနေသဖြင့် မည်သူမျှ သတိမထားမိလိုက်ကြပေ။

လူအားလုံးမှာ ပန်းမိုးကို ပြိုင်တူကြည့်၍သာ ကလေးငယ်တစ်ယောက်အား ခွင့်လွှတ်ကြသောအပြုံးနှင့် ပြုံးနေကြသည်။

မည်သို့ဆိုစေ ပန်းမိုးကတော့ ဆရာအထင်သေးသွားမှာစိုး၍



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ခြင်းသာ ဖြစ်သည်။

ဤသည်ကို ဆရာသဘောပေါက်လျှင် ပန်းမိုးကျေနပ်ရပါပြီ တည်း။

ဆရာ၏ နောက်တစ်ချက် မျက်လုံးဝေ့အကြည့်ကိုတော့ ပန်းမိုးက ရင်မဆိုင်ရဲတော့။

ထို့ကြောင့်လည်း ဆရာ့အကြည့်မှာ ပန်းမိုးက သူ့မျက်နှာ ဝိုင်းဝိုင်းပြည့်ပြည့်ကို အမေ၏ကိုယ်နှင့် ကွယ်လိုက်ဝှက်လိုက်ရသည်။ ပြီးတော့ ဆရာ့မျက်နှာကို ခိုးကြည့်ရသည်။

မဝံ့မရဲမို့ ခပ်ရေးရေးသာမြင်ရသော ဆရာ့မျက်နှာတွင် အပြုံးတွေက ဝေသီနေ၏။ ဆရာ၏အပြုံးကို မြင်ရမှ ပန်းမိုးက သက်မချနိုင်လေသည်။

"ဆရာလေး ဘာမှတော့ အားမနာနဲ့နော်၊ ကိုယ့်အိမ်လို သဘောထားပြီးသာနေပါ၊ အကူအညီလိုရင်လဲ ဒီကဦးကြီးနဲ့ အဒေါ်ကိုပြော၊ ခိုင်းစရာရှိရင်လဲ မောင်ထွန်းအောင်နဲ့ ဆရာလေး တပည့်မ ဒီက ပန်းမိုးကိုခိုင်းပါ၊ အဒေါ် သမီးကို ဆရာလေးဆီ ခုကထဲကပင် ကျောင်းအပ်ပါတယ်နော်. . ."

ပန်းမိုးကို တည်တည်ငြိမ်ငြိမ်ကြည့်နေသော ဆရာ၏ မျက်နှာက အမေအဖေတို့ဘက် လှည့်သွား၏။

"အယင့်အယင်က ဆရာတွေလဲ အဒေါ်တို့အိမ်မှာပဲ နေကြတယ်ကွဲ့၊ အဒေါ်တို့ကတော့ ကိုယ့်တူကိုယ့်သားတွေလို ခင်မင်လို့ပေါ့၊ သူတို့ကတော့ ကျောင်းပိတ်လို့ မြို့ကိုပြန်သွားကြပြီဆိုယင် နောက်တစ်နှစ်မှာ ပေါ်ကိုမလာကြတော့ဘူး. . . အဒေါ်တို့ရွာမှာ ဆရာက တစ်နှစ်တစ်ယောက်လောက် ပြောင်းနေတာ၊ တစ်နှစ်





တလေ ဆရာမရလို့ ကလေးတွေ အတန်းကျောင်း မနေရတာက လဲ ရှိသေးတယ်။ ဒီနှစ်လဲ ဆရာမှ ရပါ့မလားလို့ ရွာတလူတွေ ပူပန်နေကြတာပေါ့. . . ခုဆရာလေး ရောက်လာတော့ အတော်ပဲ။ ရွာကလူတွေ သိပ်ဝမ်းသာနေကြတယ်။ ဆရာလေးမြင်တဲ့အတိုင်း ပါပဲ။ အဒေါ်တို့ရွာက ကျောင်းဆရာဆိုရင် သိပ်ပြီး ကြည်ညိုလေး စားကြတာပဲ"

အမေက ဆရာအား ကရားရေလွှတ် ပြောနေတော့မှ ပန်းမိုးမှာ နေသာထိုင်သာဖြစ်သွားသည်။

အဖေကတော့ စကားနည်းနည်းသူပီပီ အမေ၏ စကားကိုသာ ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံနေ၏။

"ကျွန်တော်က မြို့ဇာတိပေမယ့် တောမှာလဲ ပျော်တတ်ပါတယ် ဒေါ်ဒေါ်"

တကယ်ပြောသလားတော့ မသိ။ ဆရာ၏အသံမှာ တက်တက်ကြွကြွတော့ ရှိလွန်းလှသည်။

"ရောက်စတုန်းကတော့ ဆရာတွေတိုင်း ဒီလိုပြောကြတာချည်းပဲ။ နောက်တော့လဲ မြို့ကိုပြန်သွားရင် အစပျောက်မှာဘဲ မှတ်လား"

ထိုညက သူ့အတွေးနှင့်သူ ပန်းမိုးစိတ်ထဲက ဆရာ၏စကား ကို အကျအနကောက်၍ ပြန်ပြေနေခဲ့သည်။

ဤသည်ကို ဆရာကတော့ လုံးဝရိပ်မိပုံ မပေါ်ပေ။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"မပန်းမိုးတဲ့လား. . . နာမည်က လှမလိုလိုနဲ့ ခေါ်ရတာ ထောင့်ပါတယ်။ ကိုထွန်းမောင် ပြောသလို ပန်းမိုးဆိုတော့ မဆိုးဘူးကွ။ အိမ်ကလူတွေ ခေါ်သလို ဆရာကလဲ ပန်းမိုးလို့ပဲခေါ်မယ်နော်. . . ဘယ့်နယ်လဲ ကျေနပ်တယ်မှုတ်လား. . . ကလေး"

ဤစကားမှာ ဆရာက ပန်းမိုးကို ဦးဆုံးတိုက်ရိုက်ပြောသော စကားပင်။

"ဆရာခေါ် ချင်သလို ခေါ်နိုင်ပါတယ် ဆရာ. . ."

"အေး. . . အေး၊ ပန်းမိုးပဲ ခေါ်မယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့"





ပန်းမိုးမှာ ပြောသာပြောရသည် ဆရာ့မျက်နှာကိုပင် ရဲရဲမကြည့်ဝံ့သေး။ ဟုတ်ကဲ့ဆိုသည့် စကားနှစ်လုံးကိုပင် လည်ချောင်း တနင်နင်နှင့်ပြောမိ၏။

"ပန်းမိုး စာအုပ်တွေ ဆရာ့ကိုပြပါဦး. . . ဆရာကြည့်ပါရစေ. . ."

ဆရာက "သူ့စာအုပ်တွေ ကြည့်ပါရစေဦး"ဆိုတော့လည်း ပန်းမိုးစိတ်ထဲက အတိုင်းမသိ ဝမ်းသာကြည်နူးသွားမိ၏။

ယခင်ဆရာတွေက ကျောင်းစာနှင့်ပတ်သက်၍ ဤသို့သူ့အား ဘယ်ဆရာကမှ ဂရုတစိုက်မရှိဖူးပေ။ ယခုတော့ ဆရာ သူ့ကို "သိပ်ဂရုစိုက်တာပဲ သိပ်ချစ်ဖို့ကောင်းတဲ့ ဆရာ"ဟု စိတ်ထဲက ချီးကျူးမိသည်။

သူ့ဘာသာရပ်စာအုပ်တွေကို အိမ်မှာတုန်းကပင် ဘယ်ဆရာကမှလည်း တောင်းမကြည့်ဘူး၊ ကျောင်းရောက်မှ အများနည်းတူသင်ပြလေသည်သာ။

ဂရုတစိုက်ရှိသော ဆရာ့စကားကြောင့် အတိုင်းမသိ ပျော်မြူးရွှင်ပြသွားသော ပန်းမိုးသည် ဒေါင်းဖျိုမလေးဟန်နှင့် သူ့စာအုပ်တွေ အခန်းထဲပြေးဝင်ယူကာ ဆရာ့ရှေ့မှာ တရိုတသေ ပုံထပ်ပေးထားသည်။

ဆရာသည် သူ့စာအုပ်ပုံထဲက အပေါ်ဆုံးစာအုပ်တစ်အုပ်ကို လှမ်းအဆွဲလိုက်မှာတော့ ပန်းမိုး၏ရင်ထဲ ထိတ်ကနဲဖြစ်သွားသည်။ တစ်စုံတစ်ခု စိုးရိမ်မှုနှင့် ရင်ထဲလည်း တဒိတ်ဒိတ် ခုန်နေမိ၏။ သို့သော် ပန်းမိုးက အသက်ကိုအောင့်ထားသည်။ မလှုပ်မယှက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ရှေ့မှာ ဒူးတုပ်ထိုင်ကာ ဆရာ့မျက်နှာကိုသာ တွေကြည့်နေမိသည်။

"ဟောဗျား . . ဒါက ပန်းမိုးလက်ရေးလား"

"ဟုတ် . . . ဟုတ်ပါတယ် ဆရာ"

ဆရာအံ့ဩသံနှင့်ဆိုသည်ကို ပန်းမိုးက အသက်မရှူသာဘဲ ဖြေလိုက်ရ၏။

"မိန်းကလေးလက်ရေးကလဲ ယောကျ်ားလက်ရေးလိုပါပဲကလား"

"ပန်းမိုးတို့ဆရာတွေက ယောကျ်ားဆရာတွေချည်းပါ ဆရာ"

"မဆိုင်လိုက်တာ ကွယ်"

"ဆရာ"

"ဩော် . . ယောကျ်ားဆရာဖြစ်ရတာနဲ့ မိန်းကလေးလက်ရေးက ယောကျ်ားလက်ရေး ဖြစ်ရရောလား ကလေးရယ်"

ဤသည်ကိုတော့ ပန်းမိုးမည်သို့ပြန်ဖြေရမှန်း မသိ။

အမှန်အတိုင်း ဝန်ခံရလျှင် တောင်ပေါ်သူလေး ပန်းမိုးသည် မိမိရွာသို့ ရောက်လာကြသော မိမိ၏ဆရာတိုင်းကို လေးစားသည်၊ ကြည်ညိုသည်၊ အထင်ကြီးသည်၊ ဘာမဆိုဖြစ်နိုင်လျှင် ပန်းမိုးက ဆရာတွေကို တုပပြီး လုပ်ချင်သည်။ ကျောင်းဆရာလုပ်မည့် ဝါသနာကလည်း ပါသဖြင့် ဆရာတွေအလုပ်မျိုး လုပ်တတ်မှ ကြီးလာရင် ဆရာဖြစ်မည်ဟု ယုံကြည်နေသည်။

ထို့ကြောင့် ယခင်က ဆရာတစ်ယောက် ပန်းမိုးတို့ရွာသို့ ရောက်လာပြီဆိုလျှင် ပန်းမိုး၏စိတ်သည် တစ်မျိုးပြောင်း၏၊ ကိုယ်အမူအရာ နှုတ်အမူအရာ တစ်မျိုးဖြစ်၏။





ပန်းမိုးတို့ရွာသို့ တစ်နှစ်တစ်ယောက် ရောက်လာလေ့ရှိသော ဆရာများထဲတွင် ပန်းချီဝါသနာပါသော ဆရာလည်းပါ၏။ ကျွားထိုးဝါသနာပါသော ဆရာလည်းပါ၏။ သီချင်းဆိုဝါသနာ တယောထိုးဝါသနာပါသော ဆရာလည်းပါ၏။ ငါးမျှား ဂိုင်းထောက် လုပ်တတ်သော ဆရာလည်းပါ၏။ လူမျိုးစုံ ဆရာမျိုးစုံ ဝါသနာမျိုးစုံပင်တည်း။

ဤသည်ကိုလိုက်၍ ပန်းမိုးကလည်း လိုက်လုပ်တတ်၏။ ပန်းချီဝါသနာပါသော ဆရာက အိမ်ရှေ့ ဝရံတာတွင်ထိုင်၍ ပန်းချီရေးလျှင် ပန်းမိုးသည် ဆရာ့အနားတွင် တစ်ချိန်လုံး ထိုင်ကြည့်နေသည်။ ဆရာကညောင်းညာ၍ ဖြစ်စေ၊ တပေါ့တပါး သွားချင်၍ဖြစ်စေ၊ အောက်ဆင်းသွားလျှင် ပန်းမိုးသည် ဆရာ၏ စုတ်တန်နှင့် ဆရာ့ကဲ့သို့ပင် ပန်းချီထကား ဆွဲတတ်သည်။

ကျွားထိုး ဝါသနာပါသော ဆရာဆိုလျှင် ဆရာနှင့်လည်း ကျွားထိုးကြသည်။ အရှုံးအနိုင်လု၍ ဆရာနှင့်လည်း ရန်ဖြစ်ဖူးသည်။ စိတ်ဆိုး၍ ကျွားကွက်ကို မှောက်ပစ်သည်ထိ ဖြစ်ကြသည်။ ဤသို့ဖြစ်ကြပြီးဆိုလျှင် အမေအဖေတို့ဆီ၌ အဆူခံရသည်။ အစ်ကိုကြီးဆီ၌ အအော်အဟောက် ခံရသည်။

ကျွားထိုး၍ ရန်ဖြစ်ထားကြသော ဆရာက ကျောင်း၌စာသင်ပြသည်ကိုပင် မဆိုမရှုတ်ဘဲ အိမ်သို့ပြန်ချင် ပြန်ပြေးလာတတ်သည်။ ကလေးငယ်မို့ ဆရာတွေကလည်း ခွင့်လွှတ်ကြ၏။

အကောင်းဆုံးကတော့ တယောထိုးတတ်သော ဆရာနှင့် သီချင်းဆိုရခြင်းပင်။ ထို့ကြောင့် ပန်းမိုးသည် ယခုသီချင်းလည်းဆိုတတ်သည်။ ပန်းချီလည်း ရေးတတ်သည်။ ကျွားလည်းထိုးတတ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

ယခုအိမ်သို့ဆရာတစ်ယောက် ရောက်ပြန်ပြီ။ ဘာဝါသနာပါ၍ ပန်းမိုး ဘာလုပ်တတ်ဦးမည် မသိသေး။ သို့သော်. . . ဤနှစ်မှာ ပန်းမိုးက နည်းနည်း လူကြီးလုပ်ချင်နေစိတ် ပေါက်နေသည်မို့ ယခင်လို ဆရာတွေနှင့် ရောရမည်ကိုတော့ ရှက်သလို မဝံ့မရဲသလို ဖြစ်နေမိသည်။

မည်သို့ဆိုစေ ပန်းမိုးတို့အိမ်သို့ ရောက်လာသော ဆရာများသည် တစ်ယောက်တစ်ဘာသာ ဝါသနာ ထုံတတ်ကြသော်လည်း လက်ရေးကတော့ အားလုံး ယောကျ်ားလက်ရေးချည်း ဖြစ်ကြသည်။

သည်တော့ ဆရာတွေကို အထင်ကြီးသော၊ ကြည်ညိုလေးစားသော၊ ချစ်သောပန်းမိုးသည် ကြီးလာရင် ဆရာလုပ်မည်ဟူသော အစွဲနှင့် ဆရာတွေ၏ လက်ရေးနှင့်တူအောင် လိုက်ရေးခြင်းကစပြီး ယခုတော့ ပန်းမိုးလက်ရေးမှာ ဆရာယောကျ်ားတွေ၏ လက်ရေးဖြစ်နေမိ၏။

ဤသည်ကို ယခုဆရာကတော့ "မဆိုင်လိုက်တာကွယ်" ဟု ဆိုလေသည်။

"ဘာလို့မဆိုင်ရမလဲ ပန်းမိုးလဲ ဆရာလုပ်မယ့်လူပဲ ဆရာလက်ရေးနဲ့တူအောင် ကျင့်ရေးတာ ရတာဘဲ မဆိုင်ရမလား"

အမှန်မှာ ဤစကားသည် အပြင်အပသို့ ပွင့်ကန်လာသည် မဟုတ် စိတ်ထဲက ပြောနေခြင်းသာ. . .

ယခင်က ဆရာတွေလို ရင်းနှီးပြီးသားဆရာတွေ ဆိုယင်တော့ ဤစကား မုချ ပြောမိပေ လိမ့်မည်။





သို့သော်. . . ယခုဤဆရာနှင့် မရင်းနှီးသေးသဖြင့် ဤဆရာတော့မပြောရဲသေး။

"နောက်ထပ်ဆရာက ဘာများပြောလာလိမ့်မလဲ" ဟူသော စိုးရွံ့အတွေးနှင့်သာ ဆရာ၏မျက်နှာကို မဝံ့မရဲကြည့်နေမိ၏။

ဆရာက ပန်းမိုး၏မျက်နှာကို ဖျတ်ကနဲတစ်ချက် လှမ်းအကြည့်မှာ ပန်းမိုးသည် ထိတ်ထိတ်ရွံ့ရွံ့နှင့် မျက်လွှာကို ရုပ်ပစ်လိုက်၏။

အသက်ကိုလည်း ယခုထိ အောင့်ထားတုန်းပင်တည်း။

ဆရာ့အသံကို တဒင်္ဂ စောင့်နေရခြင်းသည် ရှည်ကြာလွန်းလှသည်ဟု ပန်းမိုးစိတ်ထဲက ထင်နေသည်။

"အင်း. . ."

ဘာမှန်းမသိတဲ့ ဆရာ၏ "အင်း" ကြောင့် ပန်းမိုးမှာ ဆရာ၏ မျက်နှာကို မဝံ့မရဲ မော့ကြည့်ရပြန်၏။

ဆရာ၏ မျက်နှာတွင် အပြုံးပန်းတွေ ဝေနေသည်ကို မြင်ရသော အခါတော့ တစ်ချိန်လုံး အောင့်ထားမိသော သက်မကို မသိမသာ "ဟင်း"ချရသည်။ တစ်ချိန်လုံး တောင့်ထားခဲ့ရသော ကိုယ်ကိုလည်း ပျော့ပျော့ခွေခွေ လျှော့ချပစ်လိုက်သည်။

"ယောကျ်ားလက်ရေးလို ဖြစ်နေပေမယ့် မိန်းကလေးလက်ရေးက လှပါတယ်၊ စာလုံးတွေလဲ ညီသားပဲ။ ဆရာသိပါတယ်. . . မိန်းကလေးက ဉာဏ်ထုံထိုင်းမယ့် အင်္ဂါရုပ်မရှိပါဘူး"

ဤအခါ ဝမ်းသာရသူ မှာတော့ ပန်းမိုးပင်။

ပန်းမိုးသည် ဆရာ့စကားကို အကျေနပ်ကြီး ကျေနပ်သွားသည်။ ဆရာ့စကားကြောင့် အတိုင်းမသိလည်း ဝမ်းသာမြူးကြွသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာက သူ့ကို ချီးကျူးသဖြင့် ဝမ်းသာလိုက်သည်ဖြစ်ခြင်း။

ယခင်ဆရာများကမူ သူ့ကို ချီးကျူးခဲ၏။ ကျားထိုးကြလျှင်လည်း ဆရာတိုင်းအနိုင်ချည်းပင်။ "တော်ပြီကွာ-ပျင်းတယ်"ဆိုပြီး ထသွားတတ်၏။ ပန်းမိုးက လက်ကိုဆွဲထားသော်လည်း ကလေးနှင့် ကျားထိုးရမည်ကို စိတ်မဝင်စားသော ဆရာက ပန်းမိုးကို ဖယ်ထားခဲ့လေသည်။

သူတစ်ပွဲမှမနိုင်လိုက်ရဘဲ အနိုင်နှင့်ပိုင်သွားသော ဆရာကို ပန်းမိုးက နောက်ကလိုက်ပြီး ကျားကောင်တွေနဲ့ ပစ်ပေါက်ရသည်။ ထိုအခါ အဖေ အမေ အစ်ကိုကြီးထွန်းတို့ဆီမှာ အဆူခံ အအော်ခံ အဆိုခံရပြီ။

ဝန်းချီဝါသနာပါသော ဆရာနှင့်တော့ ပို၍တကျက်ကျက်ဖြစ်ကြရသည်။ သူ့ ဝါတာကာလာတွေ ယူရေးပစ်သဖြင့် စိတ်ဆိုးခံရသလို သူ့ဆွဲလက်စ ကားတွေကို ဆရာမရှိတုန်း ဆေးထပ်တင်မိသဖြင့် အရိုက်ပင်ခံရသည်။

"ပျင်းဖို့ကောင်းရတဲ့ထဲ စိတ်လေးဘာလေး ပြေမလားလို့ ပန်းချီလေးဘာလေး ရေးမိဒါ. . . ဒီကောင်ဆိုးမလေးက သိပ်နှောင့်ယှက်တာဘဲ. . . သွား. . . ဒီနွေ ကျောင်းမပိတ်မချင်းတော့ နင့်နှိပ်စက်သမျှ ခံရဦးမယ်ဟေး. . . နှိပ်စက်ထား. . . နှိပ်စက်ထား"

တကယ်လည်း နွေကျောင်းပိတ်၍ မြို့ကိုပြန်သွားသော ဆရာသည် တစ်ခါမှ ပေါ်မလာတော့။

ထိုဆရာပေါ်မလာမှ ပန်းမိုးသည် စိတ်မကောင်းဖြစ်မိ၏။ သူ၏ဒဏ်ကို ဆက်မခံနိုင်သဖြင့် ဆရာပေါ်မလာတော့။

"ငါလုပ်မိတာ သိပ်များတာဘဲ"ဟု နောင်တရ၍ မျက်ရည်ပင်





ကျခဲ့ရသည်။

ထို့ကြောင့် ခုဆရာကိုတော့ ပန်းမိုးအနှောင့်အယှက် ပေး၍ မဖြစ်တော့ပေ။

ဆရာက သူ့ကို ချီးလည်းချီးကျူးသည်မို့ ဤဆရာကိုတော့ သူက အလိုလိုက်ရမှန်းသိ၏။ ဤဆရာလည်း သူ့ကို စိတ်ပျက်၍ ပြန်ပြေးသွားလျှင် နောက်ဆရာတစ်ယောက်ဆိုသည်မှာ ဤနှစ်တွင် မလွယ်တော့ပေ။

ဆရာ့ချီးကျူးစကားကြောင့် စာကိုပိုပြီး ကြိုးစားရမယ်။ ပြီး. . . အစ်ကိုကြီးကလည်း ဒီနှစ်မှ လေးတန်းမအောင်ရင် ကျောင်းမထားတော့ဘူးတဲ့။ ခြံထဲဆင်း ဖက်ခူးခိုင်းမယ်တဲ့။ ငါဒီနှစ် လေးတန်းအောင်အောင် ကြိုးစားရမယ်။

သည်လိုနှင့် ပန်းမိုးသည် ဆရာ့ဆီတွင် ကျောင်းနေရလေသည်။ စာကြိုးစားရသည်။ ယခင် ဆရာတွေစကားလို ဤဆရာ၏စကားကိုမူ ဂရုမူ အလေးမထား မလုပ်ရဲတော့။

ဆရာ့စကားဆိုလျှင် မြေဝယ်မကျ နားထောင်ရမည်ဟူသော အသိစိတ်သည် ပန်းမိုး၏ ဦးနှောက်ထဲ အမြဲစွဲနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com



ဒန့်ဒလွန်သီး ရှည်လျားတွေက ပို၍ ကြွေမရကြ။

ကြည့်ပါလေ တွဲရရွဲဆွဲကာ ဒန်းလွဲ ယိမ်းလေးခိုနေကြသည်ကပင် ငြိမ်မသက်နှင့်။

အမှန်မှာ အိမ်ဝင်းခြံများပေါ်က ဒန့်ဒလွန်သီးတွေသာ မငြိမ်သက်နှင့် ယောက်ယက်ခတ်နေကြသည်မဟုတ်။ ပန်းမိုး၏ စိတ်သည်လည်း သူတို့နှယ် ယောက်ယက်ခတ် လှုပ်ရှားလာသည်။

ရှက်ခြင်း၊ ဝမ်းနည်းခြင်းတို့နှင့် ပွမ်းသော အသိစိတ်ကြောင့် ဒေါသကလည်း ဖြစ်ရသည်။

သူ့နောက်မှ "ဟေးလား. . . ဝါး. . . မောင်ရို" ဟားဘိုက်ရယ်မောလိုက်ကြသံများသည် ပန်းမိုးကို တမင်တကာ လှောင်ပြောင်နေကြသံတွေသာ။

သို့သော်. . . ပန်းမိုးသည် နောက်သို့ လုံးဝ လှည့်မကြည့်ရဲ၊ ပန်းမိုးလှည့်ကြည့်လျှင် လှောင်ပြောင်နေကြသူတွေ၏ ကိုယ်နှုတ်အမူအရာနှင့်အတူ အသံဗလံတို့မှာ ပို၍ ကျယ်လောင်လာကြပေသည်။

ဤယနေ့၌ ပန်းမိုး၏စိတ်သည် ဤအသံဗလံများကို လုံးဝ ခံနိုင်မဆိုင်ဝံ့တော့ပါ တကား။

ပန်းမိုးသည် မကြေမနပ်နှင့် ရွာလယ်လမ်းအတိုင်း ခြေဆောင့်လာသည်။

သူ့ခြေလှမ်းများသည် ခါတိုင်းနေ့တွေထက် သွက်လက်နေသော်လည်း ခြေလှမ်း ခြေချက မြေကျမမှန်လှချေ။ ကြွတစ်လှမ်း ခိုတစ်လှမ်းနှင့် ဗရမ်းဗတာ နိုင်လွန်းလှသည်။

*



## အခန်း(၅)

ရာသီမှာ ပြာရီဆိတ်ငြိမ်သော သမယ။

မိုးအနှောင်း ဆောင်းအစပင်တည်း။

အလယ်လမ်းမတွင် ညနေချမ်း ရေခပ်ထွက်သူတွေနှင့် ကျောင်းသူကျောင်းသားတွေက ပြည့်ညပ်နေကြသည်။

ဆောင်းတွင် ကြီးကြမည့် အသီးအပွင့် အဖူးတွေကလည်း အိမ်ဝင်းထဲက လည်ညွတ်ဇက်ကျိုး၍ လမ်းကိုမိုးနေကြ၏။

သူတို့သည် ဆောင်းနှင်းရည်သောက်ရန်နှင့် အိမ်ဝင်းထဲက ကျောင်းပြန် ကျောင်းသူကျောင်းသားများကို စောင့်ကြို ငေးကြည့်နေကြသယောင်ပင်။

လေလာလျှင် ဘယ်ညာယိမ်းပြီး မကြီးမရင့်ကြသေးသည့်



www.burmeseclassic.com

www.burmeseclassic.com



ဤသည်ကိုမြင်ရသော ကျောင်းသားငယ်လေးများက ပို၍ ပြောင်ကြ လှောင်ကြသည်ကို ကြားရလေ ပန်းမိုး၏ ခြေလှမ်းတွေက မမှန်လေပင်။

ပန်းမိုးသည် ရွာလယ်တစ်လမ်းလုံး ပြန့်ကျဲနေကြသော ကျောင်းသားကျောင်းသူများအားလုံးကို ကျော်တက်လာ၏။ ရှေ့ကရောက်နေသော ဆရာ့ကိုပင် ဘေးချင်းဝင်တိုက်ရုံတမယ် ရှောင်ရှားလာခဲ့သည်။

သည်လိုနှင့် ဘယ်ကဘယ်လို အိမ်ကိုရောက်လာမှန်း မသိ ရောက်လာ၏။

အိမ်တွင် အမေ့ကိုမြင်ရသောအခါ ရှက်စိတ် ဝမ်းနည်းစိတ်တွေက ဘယ်တဘယ်လို ပွင့်အန်လာကြသည်မသိ။ ချုပ်တည်း၍ မရနိုင်လောက်အောင် ပွင့်အန်လာကြပြီတည်း။

နဂိုကမှ ပါးအို့ နီနီစွေ့စွေ့ကြောင့် မျက်နှာပြင်မှာ ပို၍ခြင်းခြင်း နီလာ၏။ ရှက်လိုက် ဝမ်းနည်းလိုက်သည်ဖြစ်ခြင်း။

ထို့ကြောင့် ပန်းမိုးသည် ကျောင်းလွယ်အိတ်ကို ပခုံးပေါ်က မချအားသေး။ အမေ့အပါးကို ခြေဆောင့်ပြေးသွားသည်။ အမေ့ရင်အုပ်ကြားတွင် ဦးခေါင်းဝင်လျှိုသည်။ ပြီး... တရှုံ့ရှုံ့ငို တော့၏။

ပန်းမိုး၏ ရေပြည့်တန်သာ မျက်လုံးအိမ်မှ မျက်ရည်တို့မှာ တာတမံကြီး ကျိုးပေါက်ကျလာသည့်နှယ် ဆီးမရ တားမနိုင် အိုင်ထွန်းချောင်းစီး မတတ်ပင်။

"ဟဲ့... ဟဲ့ မိပန်း ဘာဖြစ်လာပြန်ပလဲ"

အမေက သမီးချစ်ကလေးကို မျက်ကလူးဆံပြာနှင့် မေး၏။





သို့သော်... ပန်းမိုး၏ ဖြေကြားသံကတော့ လုံးဝ ပေါ်မလာ။ ပန်းမိုးမှာ မိခင်ကိုသာ ပယ်ပယ်နယ်နယ် တွယ်ကပ်၍ ရှိုက်မက်မက် ငိုနေလေသည်။

"သမီး ဘယ်သူနဲ့ ရန်ခိုက်ပဋ္ဌာဖြစ်လာသလဲ။ အမေ့ကို ပြောလေ၊ ငါ့သမီးကို ဘယ်သူက ဆိုရတာတုန်း"

အမေက ဝေခွဲမရင်သာ အသံနှင့်မေး၏။

သို့သော် ပန်းမိုး၏အဖြေကိုကား မကြားရသေး။

ပန်းမိုး၏ နဖူးပေါ်ပဲကျနေသော ဆံယဉ်စများကို တယုတယ သတ်တင်ပေး၍လည်း အမေကမေး၏။ သို့နှင့်လည်း ပန်းမိုး၏ရှိုက်သံက မရပ်သေး။

ပန်းမိုးသည် ကျောင်း၌လည်းကောင်း၊ အိမ်၌လည်းကောင်း ဘယ်နေရာ၌မဆို တစ်ဦးတစ်ယောက်နှင့် စကားများရန်ဖြစ်လာပြီဆိုလျှင် အိမ်အရောက်မှာ ဤသို့ပင် အမေအား တွယ်ဖက်ရှိုက်၍ တိုင်တောတတ်၏။

ယင်းကြောင့်လည်း ဤယနေ့၌ အမေက တစ်ဦးတစ်ယောက်နှင့် ကလေးဘာဝ ရန်ဖြစ်လာကြသည်ထင်၍ မေး၏။

သို့သော် ပန်းမိုး၏ဖြေသံကိုကား ယခုထိပေါ် ထွက် မလာသေး။ ဝမ်းနည်းလွန်း၍ တက်မတတ် ရှိုက်နေသော အသံကသာ အိမ်ကြီး တစ်လုံးမှာ ဘောင်ဘင်ခတ်လာသည်။ ကြာလျှင် ခက်ရချည့်။

ပန်းမိုးထက် သုံးလေးမိနစ်မျှ နောက်ကျ၍ အိမ်သို့ရောက်လာသော ဆရာက အမိရင်ခွင်ထဲတွင် ခေါင်းလျှို၍ ငိုရှိုက်နေသော ပန်းမိုးကိုမြင်သောအခါ အံ့ဩသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမိုးကို ငေးကြည့်၍ "ယုန်ဖြူမလေး ဘာဖြစ်ပါလိမ့်၊ ကျောင်းတုန်းကလဲ အကောင်းသားပါလား"ဟု ဆရာက တွေးနေသည်။

"ခုနိုလို့ ခုဝါတယ်၊ ပြာချင်ပြာမှိုင်းတော့ အခါ" ဟူသော စာချိုး ထက်ပင် အပြောင်းအလဲမြန်ဆန်လွန်းလှသော ပန်းမိုးကို ဆရာက လည်း မမေးမဖြစ်တော့။

သဏ္ဍာန်ရုပ်ဆင်း ခဏချင်းမှာပင် မိုးထက်တိမ်နယ် အပြောင်း အလဲ မြန်ဆန်လွန်းသော ပန်းမိုးကြောင့် ဆရာမှာလည်း စိတ်ယောက် ယက်ခတ်ရပါလေပြီ။

"ယုန်ဖြူမလေး ဘာဖြစ်လို့လဲ ဒေါ်ဒေါ်"

ဆရာ့အသံကိုကြားတော့မှ ပန်းမိုးကပို၍ ရှိုက်လာပြန်သည်။

"အဒေါ်လဲ ဘာမှန်းမသိရသေးဘူး ကွယ်. . . မေးမရ မြန်းမ ရနဲ့ ဟဲ့ ကောင်မလေး. . . ပြောလေ ဘာဖြစ်လို့လဲ"

စိတ်မရှည်နိုင်သော အမေကပင် ဤတစ်ခါတော့ ပန်းမိုးကို အော်မေးရပြီ။

"သ. . . သ. . . သမီးကို"

"အေး. . . ငါ့သမီးကို ဘယ်သူက ဆိုလို့တုန်း"

"ဆ. . . ဆရာရယ်. . . သ. . . သမီးကို ရိုက်တယ် အမေရယ်"

ပန်းမိုး၏ဖြေသံကို ကြားရသောအခါ ဆရာ၏ မျက်နှာမှာ ရုတ်တရက် သွေးဆုတ်သွားသည်။

စိုးရိမ်ပူပန် စိတ်မကောင်းဟန်နှင့်လည်း ပန်းမိုးအမေ၏





မျက်နှာကို ဆရာက ဖွတ်ကနဲတစ်ချက် လှမ်းကြည့်လိုက်မိသည်။

ဤရွာ ဤဒေသတွင် အနေအထိုင် အထာမကျသေးသော တောင်ပေါ်သူ တောင်ပေါ်သားတို့၏ စရိုက်သဘာဝကိုလည်း စေ့စေ့ငုငု မသိရ မလေ့လာရသေးသော ဆရာ၏ စိုးရိမ်ပူပန်စိတ် သည် ချက်ချင်းမျက်နှာ၌ လာထင်တော့၏။

ပန်းမိုးအမေမှာတော့ ယခုမှပြုံးနိုင် ရယ်နိုင်တော့သည်။

"ဩော်. . . ယုန်ဖြူမလေးက ဒါကြောင့်ငိုနေတာကိုး"

ဤအခါမှ ဆရာကလည်း သက်မ, ချနိုင်ရပြီ။

"ဒီလိုပါဒေါ်ဒေါ်. . . ကလေးငယ်တွေကို ကျွန်တော်စာသင်နေ ချိန်မှာ သူတို့အကြီးတန်းတွေက ဆော့နေကြတယ်။ ဂဏန်းတွက် ခိုင်းထားတာ ဂဏန်းလဲမတွက်ကြဘူး၊ အဲဒီအထဲမှာလဲ သူ သူ. . . ယုန်ဖြူမလေး အကဲဆုံးပဲ။ အဲဒါကြောင့် ကျွန်တော်က ယုန်ဖြူမလေး ခေါင်းကို ပေတံနဲ့ ခေါက်လိုက်မိတာပါ၊ နာမှာလဲမဟုတ်ပါဘူး၊ ပြောမရဆိုမရလို့ပါ ဒေါ်ဒေါ်၊ ယုန်ဖြူမလေးက ကဲတာကိုး. . ."

ပါးစပ်ကသာ ဖွင့်ဟမမြွက်သေးသော်လည်း ပန်းမိုး၏အမေ ကတော့ ဆရာအား ခွင့်လွှတ်နားလည်လွယ်သော အပြုံးကိုပြုံးထား နှင့်ပြီတည်း။

ဟိုအရင်ဆရာ ဤအိမ်သို့ရောက်စတုန်းကလို မဟုတ်တော့။

ယခုတော့ သူ့တပည့်မလေးကို ဆရာက "ပန်းမိုး"အစား "ယုန်ဖြူ"မလေးဟု ချစ်စနိုးခေါ်၏။

ဆရာ ခေါ်စကတော့ ဤသည်ကိုပင် ပန်းမိုးက မကြေမနပ်၊ ချင်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေး. . . ယုန်ဖြူမလေး"ဟု ဆရာက ခေါ်လျှင် "ဟင်း" နော်. . . ခေါ်ပြန်ပြီ၊ ဟု ဆရာ့ကိုပြန်ပြန် မျက်စောင်းထိုးသည် နှုတ်ခမ်းစူသည်။

နောက်ဆရာက သူ့ကို ချစ်စနိုးနှင့်ခေါ်မှန်းသိတော့လည်း သူ့လောက် ဝမ်းသာသူမှာ ဤကမ္ဘာမြေပြင်တွင် မရှိတော့သယောင်။

ဆရာက ခေါ်သည်ဆိုလျှင် "ယုန်ဖြူမလေး"လို့ ခေါ်မှ "ပန်းမိုး" ဟု ခေါ်လျှင် သူကမထူး "မိပန်း"ဟု ခေါ်လျှင်ကား ပို၍သာ၍ပင် မထူး မထူး။

ဆရာကလည်း "ပန်းမိုး" "မိမန်း" ဆိုသော နာမည်ကိုတော့ ခေါ်ခဲလှ၏။

ဆရာပြောသည်မှာ အမှန်ပင်ဖြစ်၏။

ပန်းမိုးသည် သူတို့အိမ်နေသော ဆရာက သူ့အား မည်မျှအလို လိုက်သည် မည်မျှအရေးပေးသည်၊ မည်မျှချစ်သည်။ သူဘာဘဲ လုပ်လုပ် မရိုက်ရဲ။ မပြောရဲဟူသော ပလွှားမှုကို ပြုလိုသဖြင့် ဆရာက အကြိမ်ကြိမ် သတိပေးပြောသည်ကိုပင် သူက အရေးမစိုက် အလေးဂရု မပြုသလိုနှင့်။

ပြီးတော့ သူငယ်ချင်းတွေရှေ့မှာ တို့အိမ်နေပြီး ထမင်းလခပေးစား နေတဲ့ ဆရာပဲ အကြောင်းမဟုတ်ပေါင်ဟူသော ကြွားဝါလိုမှုလည်း ပါလေမည်ပင်။

အယင့်အယင် ဆရာတွေတုန်းကလည်း ပန်းမိုး ဤသို့ပင် စိတ်လွတ်ကိုယ်လွတ် နေခဲ့သည်။ ကြွားကြွားပပ ရှိခဲ့သည်။

ယခုဆရာကတော့ အယင်ဆရာတွေနှင့်မတူ သူ့စကားဟန့် တားမှုကို မလိုက်နာသဖြင့် ပန်းမိုးကို ရိုက်ပါလေပြီ။





ဆရာက တစ်ချက်ကလေး ရိုက်လိုက်တော့လည်း ရှက်တတ် လိုက်သည့်အဖြစ် မိုးလုံးချက်ချင်း ပြုလာသို့နှယ် မရှာဘဲနှင့် တက်သော မိုးနှယ်၊ မချုန်းဘဲနှင့် သဲသဲမဲမဲရွာချတတ်သော မိုးနှယ်

မနာဘဲနှင့် ငိုပွဲကြီးဆင်တတ်သော ကလေးမကို နားလည်မရ ဖြစ်သော ဆရာကတော့ သူ့ကြောင့်ပင် သောကပင်လယ်ဝေရမလို ရှိချေပြီ။

ရှာလယ်လမ်းမတွင် ကျောင်းသားကလေးတွေက နောက်ပြောင် ကြသောအခါ ရွှမ်းရွှမ်းမြမြကြည့်သော သူ့မျက်လုံးအစုံက စိန်ပန်း ဖြူနှယ် ပြာပြာဝေလာ၏။ ဘာကိုမှ မမြင်ရ။ အားလုံးမျက်ရည်ကြား တွင် ဝိုးဝါးရှုပ်ထွေးခဲ့သည်။

ရိုက်ရက်လေခြင်း၊ ရက်စက်လေခြင်းဟု ဝမ်းနည်းလွန်း ရှက် လွန်းသောစိတ်နှင့် အိမ်ရောက်က အမေ့ရင်ကို ခေါင်းနှင့်ခွေ့၍ ကျူကျူပါအောင် ငိုတော့၏။

ဆရာ့အသံကိုကြား၍ ဆရာ့ရုပ်သွင်ကိုလည်း မြင်နိုင်လောက် သောအခါ ဆရာ့ကိုမကျေနပ်တာနှင့် အမေ့ကိုပါ လွှဲဆွဲကုတ်ခြစ်၍ ငိုပစ်လိုက်သည်။

နာမည်ကိုပင် မခေါ်ရက်သောဆရာက ယခုတော့ ရိုက်ရက် လေခြင်းဟူသော ဝမ်းနည်းစွာနှင့် ပန်းမိုးမှာ ခုထိ အငိုအရှိုက်က မတိတ်သေး။

"ဒီကောင်မလေးက အလိုလိုက်တြမှန်းသိလို့ ကဲကဲလာတာဗျ။ ဆတ်ဆတ်ထိ မခံတဲ့ ကြွေပန်းကန်မ။ အရင်ဆရာတွေတုန်းကလဲ ဒီလိုပဲ။ တို့အိမ်နေတဲ့ ဆရာပဲဆိုပြီး ဆရာတွေပြောတာကို သူက



www.burmeseclassic.com

www.burmeseclassic.com



မှုတာမဟုတ်ဘူး။ ဒါကြောင့် ကြည့်ပါလား ခုနစ်နှစ်သမီး အရွယ်ကထဲက ဒင်းကို အတန်းကျောင်းထားပေးတာ ခုဆို အပျိုကြီးဖားဖား ဖြစ်နေပြီ။ ဒီလေးတန်းက တက်နိုင်သေးလို့ လား. . . ပြောမရရင် ကြောက်ကွဲအောင်သာချ ဆရာ။ မကျိုး မကန်း ရင်တော်ပြီ။ ကျွန်တော်တို့က ဘယ်လိုမှသဘောမထားပါဘူး"

အိမ်ကြီးနောက်ဖေးတွင် သနပ်ဖက် ပေါင်းတင်နေသော ပန်းမိုး အစ်ကိုကြီး ကိုထွန်းအောင် အသံကိုကြားသိသွားသဖြင့် ဆရာကို လှမ်းအော်ပြောနေသည်။

အစ်ကိုကြီး ပြောမည်ဆိုကလည်း ပြောစရာပင်။

တစ်အိမ်လုံးက အလိုလိုက်ထားကြသော ပန်းမိုးသည် တစ်အိမ် သားလုံးအပေါ် နွဲ့ဆိုးဆိုးနေသည်။

ဆရာ့ကိုလည်း ဆရာရယ်ပါလား တစိမ်းတရံဆံရယ်ပါလားဟု သဘောမထား။ ကြောက်ရ ရိုသေရ ဦးညွှတ်ရမှန်းလည်းမသိ။

ပြောပြန်လျှင်လည်း နှုတ်ခမ်း၊ မျက်လုံး၊ ပါးစပ်၊ မေးစသည့် အမူအဟန်တွေနှင့် တမဲ့မဲ့တရွဲ့ရွဲ့။

မျက်ရည်လွယ်လိုက်သည်မှာလည်း ပြောဖွယ်၊ ၊ ဆိုဖွယ်ရာမရှိ။ သူ တစ်ခါတစ်ခါ စိတ်ကောက်နေပြီဆိုလျှင် တော်တော်နှင့် ချော့မရ ခြောက်မရ။

ငယ်ငယ်က အကျင့်ဆိုးကို ခုထိဖျောက်မပစ်သေး။

"ကျင့်ညစ် ဝါသနာ ဝမ်းတွင်းပါကား၊ ဘယ်ခါမပျောက်၊ ခွေးမြီးကောက်ကို ကျည်တောက်စွပ်မူ ပမာတူ၏"ဟု ဆိုသည့်နှယ်။

ဝသီကိုပါနေသည်။ စိတ်ကောက်မိပြီဆိုလျှင် အပြင်ကို





ထမင်းထွက်မစားတတ်ဘဲ အခန်းအောင်းနေတတ်သည်ကလည်း အကျင့်ဆိုးတစ်မျိုး။ ငယ်ငယ်ကဆို ခဏခဏ။

အစ်ကိုကြီးလုပ်သူကတော့ သူ့စိတ်ကိုသိ၍ တမင်စတတ်သည်။

သူစိတ်ကောက်၍ အခန်းအောင်းနေလျှင် သမီးငယ် မိန်းကလေးတွေ ကို ချော့မော့ဖျောင်းဖျနေသော မိခင်အား. . .

"နေပါစေအမေ ထမင်းကုန် သက်သာတာပေါ့။ ထမင်း တစ်ယောက်စာ အကုန်သက်သာတာ နဲတာမှတ်လို့။ ငါ့ညီမက ထမင်းမစားဘဲ နေ့တိုင်းသာနေနိုင်ရင် အစ်ကိုတို့ကတော့ ဝမ်းသာ မှာပဲ"

ပန်းမိုးကြားလောက်အောင် အစ်ကိုက အော်ပြောလျှင် ပန်းမိုးမှာ ဒေါသူပုန် အကြီးအကျယ်ထ၍ အခန်းထဲက အစ်ကို၏ ပုဆိုး အကျႌ တွေကို လုံးထွေး ချေမွကာ အစ်ကို့ကို ပစ်ပေါက်တတ်သည်။

ပန်းမိုးကို စိတ်ဆိုးအောင်စမိသော ပြစ်မှုနှင့်ပင် အဲ့စ်ကို့အား အမေက မာန်ဟန်ဒေါသတို့နှင့် အိမ်ပေါ်ကနှင်ချသဖြင့် ရယ်မော ကြရသည်ကလည်း ရှိခဲ့လေသည်။

"မေမေ မေမေ အစ်ကိုကြီးထွန်းက မိပန်းကို နည်းနည်းမှ ချစ်တာ မဟုတ်ဘူး။ အဲဒါကြောင့် ဆိုရိုးစကားတောင် ရှိသေးတာပဲ။ နှမကောင်းစားတော့ မောင်ကျောင်းဆောင်တဲ့။ မောင်ကောင်းစား တော့ နှမမီးဖိုဆောင်တဲ့။ ကိုကြီးထွန်းကို မိပန်းတော့ နည်းနည်းမှ အားမကိုးဘူး"

သူစိတ်ပြေသွား၍ ထမင်းဟင်း ခူးခပ်ပေးရချိန်မှာ မိပန်းက သူ့အစ်ကိုကြီးကို ဤသို့ပင် အငြိုးအတေး မပြေသေးဟန်နှင့် စကား



www.burmeseclassic.com

www.burmeseclassic.com



နာထိုးတတ်၏။

သားသမီးဆိုလျှင် ဆိုးဆိုးကောင်းကောင်း တစ်ပေါင်းတစ်စည်း တသွင်တည်းသာ မေတ္တာဝေမခွဲပဲ အမြဲချစ်ရသော မိခင်မှာတော့ နှုတ်ရေးတတ်စကားကြွယ်သော သမီးငယ်ထွေးကိုလည်း ချစ်ရမြဲသာ။ သားကြီးဆိုသည်မှာလည်း အလုပ်ပင်ပန်းလို့ မျက်နှာလွှဲအားကိုးရလို့ ဧသည်စသည်နှင့် ချစ်ရသည်သာ။

ပန်းမိုးမှာ တစ်အိမ်လုံး၌ အငယ်ဆုံးနှင့် ဗိုလ်အကျဆုံးသူဖြစ်သည်။

သူ့ အမေ အဖေ အစ်ကိုတို့တွင်မက တစ်စိမ်းတစ်ဆံဖြစ်သော ဆရာ့အပေါ်မှာပင် အနေကြာသောအခါ သူက ဗိုလ်ကျလာသည်။ နှဲ့ဆိုးဆိုးလာသည်။

ဆရာ့ပုဆိုး အကျီများနှင့် စာအုပ်ဘီရို၊ ခုတင်၊ အိပ်ခန်း စသည်တို့ကို ရှင်းလင်း သန့်စင်ပေးရသူမို့လည်း အိမ်ဆိုလျှင် ဆရာ့အပေါ်မှာ သူကသာ ဩဇာညောင်းချင်လာသည်။

"ဆရာက သိပ်ညစ်ပတ်တာဘဲ၊ ဒီအကျီဝတ်နေတာ ဘယ်နှစ်ရက်ရှိပြီလဲ၊ မပြောရင် ဘယ်တော့မှ ချွတ်တယ်မရှိဘူး၊ သူ့ကိုယ်သူ ကလေးလေးများ မှတ်နေသလားမသိပါဘူး၊ မြို့ကလာတဲ့ ဆရာမို့ လိုသာပေါ့။ တောကဆရာသာဆိုရင် သူ့ကိုယ်မှာ မှိုတက်မယ်"

"ကြည့်စမ်း. . . ကြည့်စမ်း. . . လက်စသတ်တော့ ယုန်ဖြူမလေးက ငါ့တို့ ကြိမ်းနေတာကိုး၊ ကောင်းပါ့ကွာ၊ မှိုတက်တော့လဲ မှိုဟင်းချိုချိုလေး ချက်စားကြတာပေါ့။ ဟုတ်လားအမိရယ်"

မောင်ငယ်လေးတွေအပေါ်မှာ အစ်မကြီးက ကြိမ်တို့ပြီး ရေချိုး





အဝတ်လဲခိုင်းသည့်နှယ် ဆရာ့အပေါ်မှာ ပန်းမိုးက အနိုင်အမင်း ပြုလာသည်။

ဆရာကလည်း ပန်းမိုး၏ အပြုအမူ အယုအယများကို ညီမငယ်များအလယ်တွင် နေရသော အစ်ကိုကြီးတစ်ယောက်လို ကျေနပ်ခွင့်လွှတ်ခဲ့ရသည်ချည်းပင်။

မြို့ကို လခထုတ်သွားတိုင်း ဆရာသည် ရုပ်စုံမဂ္ဂဇင်းများနှင့် ပန်းမိုးအတွက် အဝတ်အထည်များ တောက်တိုမည်ရ ပစ္စည်းများ ဝယ်လာပေးတတ်သည်။

ဤသည်ကို ပန်းမိုးကလည်း အနှစ်သက်ကြီး နှစ်သက်မိသည်။

ပန်းချီဝါသနာပါသော ဆရာနှင့်နေဖူး၍ ပန်းချီရေးဖူးသော ပန်းမိုးသည် ပန်းချီရုပ်လှလှလေးတွေ၊ ရှုခင်းရုပ်ပုံတွေဆိုလျှင် ယခုထိ ဆွဲတုန်း၊ ချစ်မြတ်နိုးတုန်းပင်တည်း။

ထို့ကြောင့်လည်း ဆရာ့ရုပ်စုံမဂ္ဂဇင်းများထဲက ပန်းချီတွေ ပျောက်မှုနှင့်တော့ ပန်းမိုးနှင့်ဆရာ ခဏခဏရန်ဖြစ်ကြသည်။

ရုပ်စုံမဂ္ဂဇင်းများထဲမှ ပန်းချီရုပ်လှလှတွေဆိုလျှင် ပန်းမိုးက ဆရာအလစ်မှာ ကပ်ကျေးနှင့် ညှပ်ဖြတ်၍ သူ့ခေါင်းရင်းနံရံမှာ ခိုးခိုးကပ်ထားနှင့်ပြီ။

"ဒီကောင်မလေးနဲ့ သိပ်ခက်တာဘဲ၊ မင်းက ပန်းချီရုပ်တွေ ဖြတ်ယူတော့ စာတွေပါပစ်ရရော. . . စာဆိုတာ တန်ဖိုးထားရတယ်၊ စာပေဝတ္ထု ရတုကဗျာ၊ ပျို့လင်္ကာနှင့် သာသည်သီချင်း၊ အဲစောင်းငြင်းကို မကင်းမပြတ် ရွတ်ဖတ်လေ့ကျက် တီးမှုတ်လျက်သာ နေကောင်းစွာလို့ ဝန်ကြီး ပဒေသရာဇာဆိုတဲ့ ပညာရှိက အဆိုအမိန့်



www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့တယ်မှတ်ထား"

စာကိုတန်ဖိုးမထားတတ်ဘဲ ပန်းချီရုပ်လှလှကိုသာ ကိုးကွယ်တတ်သည်ဟု ဆရာက ပန်းမိုးကို ခတ်ထန်ထန်ကြိမ်း၏။

သို့သော်. . . ပန်းမိုးကားမမှု။ နှုတ်ခမ်းစူပြသည်။ မျက်စောင်းခဲပြသည်။ ပြန်ပြောသည်။ မဲ့ပြသည်။ ရွဲ့ပြသည်။ ဆရာက စိတ်တိုလာပြီး ရိုက်ရန်လိုက်လျှင် သူက ထွက်ပြေးသည်။

ပြီး. . . အမေ့ကို တိုင်သည်။ အဖေ့ကို တိုင်သည်။ "နောက်ဆိုအကျီ ပုဆိုးတွေ လျှော်မပေးတော့ဘူး"ဟုလည်း ကြိမ်းသေးသည်။ သူနိုင်ရာ သူကိုင်ပြောရသည်။

တစ်ခါက မြို့က လခထုတ်အပြန်မှာ ဆရာ ဝယ်လာသော အသစ်စက်စက် မြဝတီမဂ္ဂဇင်းထဲက အရုပ်ပျောက်မှုကြောင့် စိတ်ဆိုးသော ဆရာသည် အရုပ်ခိုးအကျင့်ပါနေသော ပန်းမိုးအခန်းထဲကို ပုန်းဝင်လာပြီး သူခိုးလာဖမ်းသည်။

ခေါင်းရင်းက ဗျဉ်ထောင်ထရံတွင် အရုပ်ပုံကို ထမင်းလုံးနှင့် ဟိုနေရာတွေကပ် သည်နေရာတွေပြောင်းကပ်နှင့် စိတ်အလိုမကျ ဖြစ်နေသောပန်းမိုးသည် ဆရာဝင်လာသည်ကို လုံးဝ သတိမပြုမိ။

အရုပ်လှလှလေးပေါ်၌သာ စိတ်ကရောက်နေသဖြင့် ဆရာ့ခြေသံကိုလည်း လုံးဝမကြားမိလိုက်ပေ။ "ကြည့်စမ်း. . . ကြည့်စမ်း" ဟူသော အသံနှင့်အတူ ဆရာက ပန်းမိုးပခုံးကို ဆုပ်ကိုင်ထားတော့မှ မပြောသာမလွန်သာနှင့် အမိခံလိုက်ရသည်။

ပန်းမိုးခေါင်းရင်းက အရုပ်တွေကြည့်ပြီး ဆရာက အော်တော့၏။





"သိပ်ဆိုးတဲ့ ယုန်ဖြူမလေး. . . နောက်ငါမသိဘဲ ဆုတ်ဖြဲယူရင်တော့ အသိပဲ အသိပဲ"

ဆရာတကယ်စိတ်ဆိုးသွားသည်ကို သိတော့ပန်းမိုးက မျက်ရည်နှင့် ဆရာ့ကို တောင်းပန်နေမိသည်။

ဆရာစိတ်မချမ်းသာဖြစ်အောင်တော့ သူကတကယ်မလုပ်ချင် ဆရာစိတ်ဆိုးနေပြီ။ စိတ်ညစ်နေပြီဆိုလျှင် သူက မနေတတ် မထိုင်တတ်ဖြစ်ရသည်။

အမှုမဲ့ အမှတ်မဲ့နှင့် ပြီးစလွယ်လုပ်တတ်သော မိမိအကျင့်ကို ဖျောက်ပစ်ရမည်ဟုလည်း စိတ်ထဲက တေးမှတ်ထားမိသည်။

မျက်တောင်ကော့ မျက်လုံးရွဲရွဲကြီးတစ်စုံကို တဖျတ်ဖျတ် ပုတ်ခတ်ယင်း မျက်နက်လေးတွေက ဆရာ့မျက်နှာကို မဝံ့မရဲ ခိုးကြည့်သည်။

ပန်းမိုးမျက်ရည်ဝဲလာသည်ကို မြင်သောအခါ ဆရာကလည်း နောက်ထပ် ဘာမှမပြောတော့ဘဲ အခန်းထဲကထွက်သွား၏။

ဆရာ သူ့အခန်းထဲက ထွက်သွားတော့ ပန်းမိုးက မျက်ရည်သုတ်ရသည်။

ပန်းမိုး ရှိသေသမှုရှိသည်ကိုတော့ ဆရာက အလိုလားဆုံးပင်။

ပန်းမိုးစိတ်ကလည်း ခက်ပါသေးသည်။ စိတ်ထဲလိုချင်လာပြီဆိုလျှင် ဘာကိုမဆို အရယူရမှ လုပ်ရကိုင်ရမှ နို့မဟုတ်လျှင် တစ်နေ့လုံး တစ်ချိန်လုံး စိတ်အထာမကျတတ်။ သူလုပ်ချင်တာ လိုချင်တာကိုချည်း စိတ်ကတလှုပ်ရှုရှု နှိုးဆွနေတတ်သည်။

သည်ကြောင့်ပင် နောက်တော့ ဆရာက သူ့အားမည်မျှပင်



www.burmeseclassic.com

www.burmeseclassic.com



ဆူပူအော်ငေါက်စေကာမူ ပန်းမိုးသည် အရေးပေးခံထားရသော ညီမငယ်တစ်ယောက်လို ဆရာအား မကြောက်ရေးချ မကြောက်ပင်။

ဆရာကဆူလျှင် နှုတ်ခမ်းစူသည်။ ဆရာက တုတ်ပြလျှင် သူက မျက်ရည်ဝဲရသည်။ ဆရာကခြောက်လျှင် မျက်နှာထား တင်းတင်းနှင့် ပန်းမိုးက ပြန်၍ငေါက်တတ်သေးသည်။

ဆရာ့ကို သူက မရွံ့တော့ မကြောက်တော့။

ပြောမရမှန်းသိတော့လည်း ဆရာက ပန်းမိုးကို ချော့တစ်ခါ မြှောက်တစ်လှည့်နှင့် ဆုံးမစကား ဆိုခဲ့ရ၏။

"ဆရာ ဒီကောင်မလေးကို သိပ်အလိုမလိုက်နဲ့နော်. . . အလိုလိုက်တော့ အမိုက်စော်ကား ဆိုသလိုပဲ။ ဒီကောင်မလေးက အရှူးအမိုက်ကလေးရယ်"

ပန်းမိုးနှင့် ပတ်သက်လာလျှင် အစ်ကိုကြီးက ဆရာ့ကိုပါ သတိပေးတတ်သည်။

ဤသည်ကိုပင် ပန်းမိုးက မကျေမနပ်နှင့် ဟုတ်ပါတယ်. . . ဟုတ်ပါတယ်၊ ပန်းမိုးက အရှူးအမိုက်ကလေးပါ. . . အစ်ကိုကြီးတို့ ဆရာတို့သာ လူလိမ္မာတွေ. . . ပညာရှိတွေဟုပြန်ပြီး နှုတ်လှန်ထိုးတတ်သည်။

မိမိကိုယ်ကို မိမိမသိ၍သာ. . .

မှန်သည်။ ယင်းအရွယ်က ပန်းမိုးသည် တကယ်ပင် အရှူးအမိုက်ကလေးသာ. . .

* * * *



အခန်း(၆)

ရာသီခွင်မှာ ရွက်သွေ့ရွှေတို့ ညာကြွေခညောင်း မိန်ရာသီ ပေါင်းလသို့ပင် ရောက်ခဲ့လေပြီ။

ရွာနှင့်ခွဲခွာပြီး မြစ်ညာမြို့တွင် ကျောင်းလာနေရသည်မှာ နှစ်ကျော်ပေပြီ။

ယခုဆိုလျှင် စာမေးပွဲဖြေပြီးသွားသည်မှာပင် ငါးရက်ရှိသွားပြီး သည်။

လကုန်ရက်တွင် မြို့ကိုလခလာထုတ်သော ဆရာနှင့် စာမေးပွဲ ရက်ကို မှန်း၍ အစ်ကိုကြီးထွန်းအား လာခေါ် ရန် မှာလိုက်သော် ည်း အစ်ကိုကြီးကား ပေါ်မလာသေး။



www.burmeseclassic.com

www.burmeseclassic.com



ဖက်ခူးရာသီဖြစ်သဖြင့် အစ်ကိုကြီးထွန်းသည် ခြံထဲ၌ အ
သမားများနှင့် အလုပ်များနေပေလိမ့်မည်။

သည်လိုလလယ်ရက်တွေမှာတော့ ဆရာသည် မြို့ကိုမ
တတ်ပေ။ ပန်းမိုးသည် စာမေးပွဲဖြေပြီး၍ နောက်တစ်နေ့က
ရွာကိုပြန်ချင်နေသည်။ မိနှင့်ဖနှင့် ရွာသို့တစ်ခါမှ ခွဲခွါမနေဖူးသ
ရွာကိုလွမ်းလှပြီ။ တစ်နှစ်ကာလကို တစ်ကမ္ဘာလောက်ကြ
ထင်နေသည်။

ပန်းမိုးတို့ သာစည်ပြင်ရွာနှင့်နီးသော မင်းတက်ပြင်ရွာ
သည်လ၌ ဘုရားပွဲကလည်း ရှိနေသည်မဟုတ်ပါလား။

တောင်ပေါ်ဒေသ၌ ပွဲပြင်ကနားဆိုသည်မှာ ဘုရားပွဲ
ရှိတတ်သည်။ ကြည့်ချင်ပွဲဆို၍ကား ဆယ်နှစ်မှာပင် တစ်ခါမြ

ဦးလေးမောင်ကို လိုက်ပို့ပါဟု ပြောရမှာလည်း အား
ကောင်းသည်။

ပန်းမိုးတို့အမေနှင့် ဦးလေးမောင်မှာ မောင်နှစ်မတော်သည်
ဆိုသော်လည်း အရင်းအချာတွေကား မဟုတ်ပေ။ ဘယ်နှစ်ဝ
ခဲ့ပြီး မောင်နှစ်မ ဘယ်နှစ်ဆက်ဝေးခဲ့သည်ကိုပင် ပန်းမိုးမသိ

ပြီး. . . သည်ရာသီမှာ တောင်ပေါ်က ဖက်လှည်းတွေ အ
များသော ရာသီဖြစ်သဖြင့် ဖက်ကုန်သည် ဦးလေးမောင်က အိမ်
သည်ဟုပင် မရှိ။ တစ်နေ့ကလည်း နံနက်စာကိုပင် အိမ်မှာပြန်
ဘဲ မြို့ကဈေးဝိုင်းတွင် တောကလာသော ရှမ်းသနပ်ဖက်လှည်း
ကို စောင့်ကြို ဝယ်ယူနေတတ်သည်။

ဤလိုအလုပ်များနေချိန်တွင် လေးလေး ပန်းမိုးကို ရွာသို့





ပါဟု ပူစာလျှင် ဒေါ်လေးကလည်း ကြိုက်မည်မဟုတ်။ ပန်းမိုးကို
လိုက်ပို့ရလျှင် အနည်းဆုံး တစ်ရက်နှစ်ရက်တော့ အလုပ်ပျက်
လမည်။

ရွာကိုရောက်သွားလျှင် ဦးလေးမောင်အား အမေကလည်း
ညတလေတော့ အိပ်သွားပါဟု မဖြစ်မနေ တားလာလျှင်
ရက်နှစ်ရက်တော့ အလုပ်ပျက်ရမည်ပင်။ ကုန်သည်ပွဲစားဆို
သည်မှာ ရာသီချိန်၌ တစ်ရက်နှစ်ရက်သည် ငွေသုံးလေးရာပင်
တတ်ပါလား. . .။

မင်းတက်ပြင်ရွာက မြို့မှကျောင်းလာနေကြသော ကျောင်းသား
ရှိပါ၏။ သို့သော် သူတို့မှာ အထက်တန်း အတန်းကြီးတွေမို့
မေးပွဲဆိုသည်က ဖြေကြဦးမည်ပင်တည်း။

တစ်ချို့ဆိုလျှင် ဖြေပင် မဖြေကြရသေး။ စာကြည့်ချိန် အစွမ်း
န် ကြိုးစားကြချိန်ပင် ရှိသေး၏။ ပန်းမိုးတို့ကသာ အတန်းငယ်
ားတွေမို့ စောစော စာစစ်၍ စောစောပြီးသွား၏။

"လေးလေး. . . ဈေးထဲမှာ တောင်ပေါ်တန်းဘက်က
လှည်း တွေကျတာ မတွေ့ဘူးလားဟင်. . . ဈေးလှည်းကြုံရယင်
မရွာပြန်ချင်လို့"

မနေနိုင်လောက်အောင် ရွာပြန်ချင်နေသော ပန်းမိုးက
နေစောင်းဖက် လှည်းကြုံရာမှ ပြန်လာသော ဦးလေးမောင်ကို
မိသည်။

ရွာပြန်နေချင်စိတ်ကို ပန်းမိုးက အောင့်ထား၍ မရတော့။

"တောင်ပေါ်တန်းဘက်က လှည်းတွေ မကျသေးဘူးကွဲ့။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က အနောက်တန်းရွာသား လှည်းတစ်စီးတော့ တွေ့လိုက် ပါရဲ့၊ ဒါပေမယ့် ဖက်တ နတယ်ထင်လို့ ဦးလေးမ၀ယ်လိုက်ဖူး"

"ပန်းမိုးကလဲ စာမေးပွဲဖြေပြီးကာမှ ရက်ပတ်မလည်သေး ဘူး. . . နားနားနေနေ နေပါဦးလားကလေးရယ်. . . ဆရာလေး လဲ မှာလိုက်သားပဲမှတ်လား မင်းအစ်ကိုကြီး လာခေါ်မှာပေါ့"

ပန်းမိုး အဖြစ်သဲလွန်းနေသည်ကို မြင်၍ ဒေါ်လေးက ဝင်ပြော ၏။

"မမပန်းက မင်းတက်ပြင်ရွာ ဘုရားပွဲအမီ ပြန်ချင်နေတာ အမေရဲ့. . . မမပြန်ရင် ကျွန်တော်လဲလိုက်သွားချင်တယ် ဘုရား ပြီးရင် ဆရာလေး လခထုတ်လာတာနဲ့ ပြန်လိုက်လာမယ်လေ"

ပန်းမိုးနှင့် ပန်းမိုးတို့ရွာသို့ လိုက်ချင်နေသော စောမြချို သူ့အမေကို ခွင့်ပန်သည်။

စောမြချိုသည် တစ်ဦးတည်းသော သားပင်ဖြစ်သော်လည် ဦးလေးမောင်က စောမြချိုကို အလိုမလိုက်ပေ။ သားသမီးအ လိုက်ရင် ပျက်စီးတယ် ဘယ်လောက်ပဲချစ်ချစ် အပြင်မထုတ်နဲ့ ဝမ်းထဲကပဲချစ်။ မိဘအချစ် အပြင်ရောက်ရင် သားသမီးပျက်ရေ ဟု ပြောတတ်သည်။

သူ့အဖေအား ချစ်ကြောက်ရိုသေဖြစ်သော စောမြချိုသည ပန်းမိုးနှင့် တောင်ပေါ်ဘက် လိုက်ချင်သည်ကို သူ့အမေမှတစ်ဆ ခွင့်ပန်နေခြင်း ဖြစ်၏။

စောမြချိုမှာ ပန်းမိုးထက် သုံးနှစ်လောက်ငယ်သော်လည မြို့ကျောင်း စောစောမှန်မှန် နေရသူမို့ ပန်းမိုးနှင့် အတန်းတူ တည်း။





"သည်လိုဆိုယင်လဲ မင်းတို့မောင်နှစ်တွေ လှည်းကြုံယင် လိုက် သွားကြပေါ့၊ အဖော်ရသားပဲ၊ လူလေးက ဆရာနဲ့တော့ ဆက်ဆက် ပြန်လိုက်လာရမယ်နော်"

"အေးပါ အမေရာ ဆရာလဲ ကျောင်းပိတ်လို့ လခထုတ်လာမှာ ပဲ ဆရာလေးလာယင် သားဆက်ဆက် ပြန်လိုက်လာခဲ့ပါ့မယ်"

စောမြချိုက တစ်ဦးသော သားပီပီ မိခင်ကိုတော့ နွဲ့ချင်ဆိုး ချင်သံနှင့် ပြော၏။

ပန်းမိုးတို့ အမေအဖေကိုရော ဆရာလေးကိုပါ စိတ်ချသဖြင့် ဦးလေးမောင်ရော ဒေါ်ဒေါ်ကပါ စောမြချိုကို ပန်းမိုးနှင့် တောဘက် တောင်ပေါ်ကို လိုက်သွားရန် ခွင့်ပြုလိုက်၏။

မင်းတက်ပြင်ရွာ ဘုရားပွဲတော်အမီ ရွာပြန်ချင်နေသော ပန်းမိုးနှင့် ပန်းမိုးတို့ တောင်ပေါ်တန်းဘက် လိုက်ချင်လည်ချင် နေသော စောမြချိုတို့သည် နံနက်တိုင်း ဈေးလှည်းဝိုင်းထဲ သွား၍ တောင်ပေါ်တန်းဘက်က ဈေးလှည်းကြုံကို ထွက်ရှာကြသည်။

နွေလတပေါင်းဟုဆိုသော်လည်း ပန်းမိုးတို့ တောင်ပေါ်ဒေသမြို့ ကလေးသည် နံနက်အခါတို့၌ နှင်းမြူနှင်းပွင့်တွေထဲ အမြဲမြုပ်နေ တတ်၏။

တပေါင်းလဆန်းခါစ ရှိသေးသဖြင့် အအေးကလည်း လုံးဝ မလျော့သေး။ "နေပူ၍ ညချမ်း"ဟူသော စကားနှင့်လည်း ပန်းမိုးတို့ မြို့က မညီလေ။

တစ်ခုတော့ရှိသည် "ပုဏ္ဏားနွားရှောင်း လတပေါင်း"ဟူသော စာဆို နှင့် ဆို စကားကတော့ ပန်းမိုးတို့တောင်ပေါ်ဒေသမြို့ ကလေး ကို တမင်ရည်ရွယ်၍ ဆိုထားခဲ့လေသလားဟုပင် ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ပန်းမိုးတို့ မြစ်ညာတောင်ပေါ်ဒေသမြို့သည် နေ့မှာလည်း တစိမ့်စိမ့်အေး၍ ညမှာလည်း အရိုးကွဲအောင် ချမ်းအေးသောမြို့ ပင်တည်း။

နေခြည်မထွေး နှင်းမကွဲ၍ ချမ်းအေးမှုန်ဝေ မြူရောနှောနေသော မြို့လည်ဈေးရှေ့က လှည်းဝိုင်းတွင် ပန်းမိုးနှင့်စောမြချိုတို့ မောင်နှမနှစ်ယောက်သည်။ တစ်ယောက်လက် တစ်ယောက်ဆွဲကာ နံနက်တိုင်း ဈေးလှည်းအကြုံ ရှာကြသည်။

ပန်းမိုးကသာ အနေမကျသေး၍ တဆတ်ဆတ် တုန်ချင်နေသော်လည်း စောမြချိုကတော့ ဤမြို့မွေး ဤမြို့ကြီးမို့ ဤမျှချမ်းအေးသည်ကို ဂရုမစိုက်။ သွားယင်း လာယင်း သီချင်းပင် ညည်းလိုက်သေး၏။ လေပင်ချွန်လိုက်သေး၏။

"ကိုယ်လာရင် တောင်လှေကားအထက်ဝယ်. . .

မောင်ရေသွားခက်တယ်လို့ မဆိုရဘူးကွယ်. . . ခြော်

ကိုယ့်လက်ကိုတွဲလို့ နှင်းမှုံထဲဝယ် လျှောက်လို့လည်မယ် ကွယ်. . . ကိုယ့်ကိုချစ်တဲ့သူရယ်. . . မျှော်နေစမ်းကွဲ့.

. . တောင်လှေကားမြို့တော်ဝယ်. . ."

စောမြချိုကသာ သီချင်းညည်း၍ ပျော်နေသော်လည်း ပန်းမိုးကတော့ မပျော်နိုင်။ ရွာကိုရောက်လိုစိတ် ရင်ထဲဘောင်ဘင်ခတ်နေလေသည်။

"ဟာ. . . မမမိုး သစ်ခွရှေ့တူ ငွေတူတွေသိပ်လှတာပဲ ရွာကိုယူသွားရအောင် ဝယ်ပါလားဟင်"

လူကြီးလက်မောင်း တစ်ဆုံးနီးပါး ရှည်လျားသွယ်၍ ရွှေရောင်





ငွေရောင် ပွင့်နေကြသော သစ်ခွပန်း အသွယ်သွယ်ကို တောင်ပေါ်သားတွေက လှည်းရှေ့ဦးတွင် တင်ရောင်းနေကြသည်။ ဤသည်ကို ရုတ်တရက်တွေ့လိုက်ရသဖြင့် စောမြချိုက သီချင်းအညည်းရပ်၍ ပြောလာ၏။

ပန်းမိုး မြစ်ညာတွင် ကျောင်းလာနေသည်မှာ တစ်နှစ်သာရှိသေးသဖြင့် ပန်းမိုးတို့ရွာကို တစ်ခါမှ မရောက်ဖူး၍ ပန်းမိုးတို့ရွာအကြောင်းမသိသော စောမြချိုက သစ်ခွပန်းတွေကို ရွာလက်ဆောင်အဖြစ် လိုချင်နေပုံရသည်။

"ဒီသစ်ခွပန်းတွေက မမတို့တောင်ပေါ်တန်းဘက် ပိုပေါတာပေါ့ကွယ်. . . မင်းရွာလိုက်လို့အပြန်မှာ မမ ဒီထက်လှတဲ့ သစ်ခွပန်းတွေ ပေးလိုက်ဦးမယ်"

"ဟင်. . . ဟုတ်လား မမမိုး ကျွန်တော်က မမမိုးတို့ရွာမှာ ဒီလိုပန်းတွေ မရှိဘူးထင်လို့ ပြောမိတာ၊ လက်စသတ်တော့ မြဲဦးသားဆားရောင်းဆိုသလို ဖြစ်နေပြီ. . . ဟား. . . ဟား. . ."

စောမြချို အရှက်ပြေ ရယ်၍ပြော၏။

သို့သော်. . . သူ့လက်ကတော့ သွယ်သွယ်လျှလျှ လှည်းဦးမှ တွဲချထားသော သစ်ခွပန်းတစ်ခိုင်ကို မြတ်မြတ်နိုးနိုး ကိုင်၍ထား တုန်းပင်တည်း။

သည်ရာသီမှာ ပွင့်သည့် သစ်ခွတွေကတော့ တကယ်ပင် လှလေသည်။

သည်လိုနှင့် ဈေးထဲလှည်းကြုံလျှောက်ရှာကြ၏။

ကြုံမည့်ကြုံတော့လည်း ပန်းမိုးတို့ သာစည်မြင်ရွာ အရှေ့ပိုင်းက



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်သူကြီးလှည်းနှင့် တန်းတန်းမတ်မတ် တိုးတတ်လေ၏။

ဦးကျော်သူ၏လှည်းမှာ ခြောက်ကုန်ပို့ ဖက်လှည်းဖြစ်သဖြင့် အမြန်မှာ ပေါ့ပါးနေသည်။

ဦးကျော်သူ၏ လှည်းနှင့်ပင် ပန်းမိုးနှင့် စောမြချိုတို့က ရွာကို လိုက်လာကြလေသည်။

* * * *



အခန်း(၇)

"ရွက်နုရေကြည်ကပေါသနဲ့
တောဟေဝန် တောင်တစ်လျှောက်ဆီက
ဝါးတန်တို့ ခွါညိုက ပေါက်ပါသနဲ့
ကိုကွယ်. . . နွားနောက်က ကိုတောင်သူရယ်. . ."

မင်းတတ်ပြင်ရွာနားအရောက်မှာ နွားကျောင်းသားတို့၏ တေးဆံကို ဦးစွာကြားလိုက်ရသည်။

နေမွန်းစောင်းစ အချိန်ကပင် မြို့ကထွက်လာသော ဈေးကြို လှည်းသည် ယခုညနေချမ်းမှာ ပန်းမိုးတို့ သာစည်ပြင်နှင့် မင်းတတ် ပြင်ရွာကြား လွင်ပြင်ကြောကို ရောက်နေလေပြီ။

မိုးတွင်းမဟုတ်သဖြင့် ဈေးလှည်းသည် သွားရိုးသွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



မင်းတက်ပြင်ရွာထဲ မဝင်တော့ဘဲ ရွာပြင်က ဖြတ်မောင်းလာလေသည်။

နေလုံးနီနီကြီးသည် ပန်းမိုးတို့ သာစည်ပြင် အနောက်တောင်ပေါ်သို့ ရောက်နှင့်နေလေပြီ။ သည်နေဝန်းနီသည် မကြာခင် ပဋ္ဌမြားရွှေရည်တို့ဖြင့် လောကအလှကို ဖော်ကျူးလှစ်ဟလာပေဦးမည်။

သည်အတိုင်းဆိုလျှင် နေဝင်ဖြိုးဖျထက်ပင် ပန်းမိုးတို့ရွာကို စော၍ ရောက်မည်မှာ မုချပင်။

ဤလို နေဝင်ဖြိုးဖျ နွားရိုင်းသွင်းချိန်ကို ပန်းမိုးတို့ အရပ်သူအရပ်သားတွေက ဈေးလှည်းဝင်ချိန် ဈေးပြန်ချိန်ဟု သမုတ်ထားကြသည်။ အမှန်က တိမ်တောက်ချိန် အကျည်းတန်တို့လှချိန် ဆိုကလည်း မှားတော့ မှားမည်မဟုတ်ပေ။

နံနက်ဝေလီဝေလင်းက သာစည်ပြင်မှ မြို့ကိုဈေးရောင်းထွက်သွားသော လှည်းများသည် ဘုန်းကြီးကျောင်းသားများ ဆွမ်းခံပြန်ချိန်တွင် မြို့ကိုရောက်ကြ၏။ မြို့တွင် ဈေးနားရောင်းပြီး တရေးတမော အိပ်နိုင်သည်။

နေမွန်းစောင်းမှ မြို့ကပြန်ထွက်လာသော လှည်းများသည် နောက်ကျလှလျှင် နေဝင်ရီတရောအချိန်၌ ပန်းမိုးတို့ရွာကို ဝင်နေကြတည်း။

ထို့ကြောင့်လည်း ဤလိုအချိန်မျိုးကို အရပ်ဒေသစကားနှင့် ဈေးပြန်ချိန်ဟု ဆိုကြခြင်းဖြစ်သည်။

နေစွယ်ကျိုးသွားပြီးဖြစ်သဖြင့် တောင်ခြေတွင် မြူတို့ယှက်ဝေ





စပြုလာသည်။

ပန်းမိုးတို့ရွာကို ခင်တန်းဖျားနှင့် သစ်ဆိုင် တောအုပ်အပ်တို့က ကွယ်နှင့်ထားသဖြင့် မမြင်ရသေး။

မင်းတက်ပြင်ရွာမှာမူ လွင်ပြင်ကျသဖြင့် တောင်ပေါ်ဒေသတွင် ရှားရှားပါးပါး တွေ့ရခဲလှသော လယ်ကွင်းနှင့် နှိုးပြတ်ငုတ်တိုများတို့ ဘေးနှစ်ဘက်တွင် လှမ်းမြင်နေရသည်။

ဤမင်းတက်ပြင်ရွာကလွဲလျှင် တခြားရွာတွေမှာ တောင်ယာစပါးနှင့် ခြံလုပ်သူများချည်း ဖြစ်ကြသည်။ လယ်ကွင်းများအစားဖက်ခြံများနှင့် ရွက်နုဝေနေသော သနက်ဖက်မင်တွေမှာ ဒေသခံတိုင်းရင်းသားတို့၏ အဓိက စီးပွားရေးပင်တည်း။

နှိုးပြတ်လယ်ကွင်းဆီမှ ပြွေသံတို့မှာ လေယာဉ်ကိုစီးကာ တနွဲ့နွဲ့လွင့်ပျံ့ကျန်ရစ်ခဲ့လေသည်။

အမိုးဖွင့်ထားသော ဦးကျော်သူ၏ ဈေးလှည်းက လွင်ကြောမှသည် ခင်တန်းကမူဆီသို့ တရွေ့ရွေ့ တက်လာပြန်လေသည်။

လွင်ကြောဘက် ပြန်မျှော်ကြည့်လျှင် အိပ်တန်းပြန် ဗျိုင်းဖြူများကို မြင်နေရသည်။ တောင်စွယ်တွင် နေကွယ်တော့မည်ဖြစ်သဖြင့် ဘုတ်တို့၏ တအီအီမြည်သံများမှာ ကျေးလက်အလှကို ပို၍ ဖော်ကျူးလိုက်ကြသလိုပင်တည်း။

ပန်းမိုးတို့အိမ်ရှေ့ ဈေးလှည်းရပ်လိုက်သောအခါ တိကျမှန်ကန်လှပါသည်ဆိုသော မြို့ဈေးပြန်ချိန်၏ နေဝင်ရီတရောထက်ပင် စော၍ တိမ်တောက်ချိန် အကျည်းတန်တို့လှချိန်ပင်။

"ဟော. . . အမေ. . . အမေ. . .ကြည့်စမ်း၊ မိပန်းရယ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာပြီ"

ကြပ်တင်ပေါင်းတင်ပြီးသား သနပ်ဖက် ဖူတောင်းကြီးတွေကို လှည်းပေါ်တင်နေသော အစ်ကိုကြီးထွန်းက အိမ်ရှေ့တွင် လှည်းရပ်သည်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ခြံဝသို့ပြေးလာကြိုပြီး အမေ့ကိုလည်း လှမ်းအော်ပြောသည်။

"လာခေါ်မယ့်လူတွေမရှိတော့လဲ ကိုယ့်ဖာသာကို ပြန်လာရတာပေါ့"

ပန်းမိုးကသူ့ကို လာမခေါ်ကောင်းရလားဟု အစ်ကိုကြီးကို တွေ့တွေ့ခြင်း ရန်ထောင် နှုတ်ခမ်းစူသည်။

"ဟ. . . နင်တို့စာမေးပွဲ ဘယ်နေ့ပြီးမယ်ဆိုတာ ငါသိလို့လားဟဲ့"

"ဆရာနဲ့ မှာလိုက်သားပဲ"

"နင်လေတာတော့ ထည့်မတွက်ဘူး. . . ဟိုမှာ နင်မြင်လားငါ့ဖက်တွေအားလုံး အဆင်သင့်ဖြစ်နေပြီ။ ဆရာလေးက သူ့ပါလိုက်မယ် တစ်ရက်တော့ စောင့်ပါဦးပြောလို့ ငါက စောင့်နေရတာဟ။ နို့မို့ရင် ဒီနေ့ဘဲ ငါဖက်လာပို့မလို့. ဦးလေးမောင်ကတောင် မျှော်လှရောမယ်"

ဆရာက သူ့ပါလာခေါ်မည်ဆိုသည်ကို အကျေနပ်ကြီး ကျေနပ်နှစ်သိမ့်သွားသော ပန်းမိုးက ဤတစ်ခါတော့ အစ်ကိုကြီးထွန်းအားနောက်ထပ် ဘာစကားမှ အတွန့်မတက်တော့ပေ။

အစဉ်အမြဲ အလိုလိုက်တတ်သောဆရာသည် ယခုလည်း သူ့ကိုသတိရပါသေးသည်။

"စောမြချိုလေးလဲ ပါလာတာကိုး. . . လာကွငါ့ညီ"





အစ်ကိုကြီးက စောမြချို၏ လက်ဆွဲအိတ်ကို လှလွယ်ပြီး အိမ်ပေါ်ခေါ်သွားသည်။

"ဟဲ့ ကောင်လေး၊ မင်းတက်ပြင်ရွာမှာ ဘုရားပွဲရှိတာယ်ဆိုတာ မိပန်းမပြောဘူးလား၊ နင့်အမေကိုပါ ဘာလို့ခေါ်မလာလဲ"

"တောင်ပေါ်ဘက်က ဖက်လှည်းတွေ ဩဇိုက်ကျချိန်ပဲ အမေရယ်. . . ဒေါ်လေးတို့က သိပ်အလုပ်များနေကြတာ၊ လေးလေးဆို ထမင်းတောင် နပ်မမှန်ဘူး၊ ဘယ်လိုက်နိုင်လိမ့်မတုန်း"

စောမြချိုမှာ အမေ့ကိုချက်ချင်း ပြန်မပြောတတ်ဘဲ နှုတ်ဆွံ့ပြီး ပြုံးနေသဖြင့် ပန်းမိုးက ကြားဝင်ပြောလိုက်ရ၏။

သည်ကောင်လေးက ယောကျ်ားလေးဖြစ်ပြီး ရှက်တတ်ရွံ့တတ်သည်မှာလည်း ပြောဘွယ်ရာမရှိ။ အမေနှင့်သူမှာ တစ်နှစ်တစ်ခါနှစ်ခါသာ တွေ့ဖူးကြသဖြင့် နှုတ်လေးနေသည်။ မြို့ကို တစ်ခါနှစ်ခါသာ ရောက်လာတတ်သော အမေကို စကားပြောရမှာ အားနာနေသည်။ ရွံ့နေသည်။

ဖက်ပို့လှည်းနှင့် ခြံထွက် သစ်သီးဝလံများ လာရောင်းနေကျဖြစ်သော အစ်ကိုကြီးထွန်းနှင့်တော့ စောမြချိုက တရင်းတနှီး ရှိကြသည်။

"အမေ အဘတို့ ဆရာတို့ကော"

"သမီးအဖေက ဘုန်းကြီးကျောင်းကိုသွားတယ်၊ ဆရာလေးတော့ မနက်စာ စားပြီးကတည်းက ဘယ်ထွက်သွားလဲ အမှတ်တမဲ့ပဲ. . ."

"ဆရာလေး ချစ်လှအောင်တို့နဲ့ ယုန်ထောင်လိုက်သွားတယ်ထင်တယ် အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ကို ပန်းမိုးမေးသဖြင့် အစ်ကိုကြီးထွန်းက ကြားဝင်ပြောသည်။

စောမြချို့နှင့် ပန်းမိုးတို့ ရေချိုးပြီးကြ၍ မှောင်ရီဖြိုးဖျအချိန်ထိ ဆရာက ပေါ်မလာသေး။

ပန်းမိုးတို့ ထမင်းစားခါနီးမှာ အဖေ ဘုန်းကြီးကျောင်းက ရောက်လာသဖြင့် တခါထဲ ထမင်းဝိုင်းစားကြသည်။

မြို့ကရောက်ရောက်ချင်း ဆရာ့ကို မတွေ့ရသဖြင့် ပန်းမိုးရင်ထဲက ဟာနေသည်။

ဆရာမြို့တို လခထုတ်တုန်းက စာအုပ်ထွက်နောက်ကျ၍ ရမသွားသော သွေးသောက်နှင့် ငွေတာရီမဂ္ဂဇင်း နှစ်အုပ်ကို ပန်းမိုးက ဆရာ့အခန်းထဲသွားထားရန် အိမ်ပေါ်သို့တက်လာသည်။

ဤမဂ္ဂဇင်းနှစ်အုပ်ကိုမြင်လျှင် တစ်နှစ်တုန်းကအကြောင်းတွေ သတိရ၍ "ပန်းမိုး ပန်းချီရုပ်တွေ ဖြတ်ညှပ်ပြီးပလား"ဟု ဆရာက နောက်ဦးမည်။

ဤသည်ကိုတွေး၍ ပန်းမိုးက တစ်ယောက်ထဲ ပြုံးမိရသေး၏။

ဆရာ့အခန်းထဲ ဝင်လိုက်သောအခါ မှောင်နှင့်မဲမဲဖြစ်နေသဖြင့် ပန်းမိုးက ခေါင်းရင်းတံခါးနှင့် ဘေးပြူတင်းတွေကို ဖွင့်လှစ်လိုက်သည်။ သို့သော် ထဲ့ထဲ့ပြပြသာ ကျန်ရှိနေသော ဆည်းဆာတို့၏ လင်းရောင်ခြည်သည် ဆရာ့အခန်းထဲကို အလင်းရောင် မပေးနိုင်ပါချေ။

ထို့ကြောင့် ပန်းမိုးက ဆရာ့အခန်းထဲရှိ တောင်ပေါ်သားတို့ အိမ်လုပ် ပျားဖယောင်းဖြူတစ်တိုင်ကို ထွန်းညှိလိုက်သည်။





ဆရာသုံးနေကျ သစ်သားမီးခြစ်ကိုတော့ လွယ်လွယ်ကူပင် ခုံပေါ်၌ တွေ့ရသည်။ ပျားဖယောင်းဖြူတိုင်က မီးနှင့်ပင် ဆရာ၏စာကြည့် မီးအိမ်ငယ်လေးကိုလည်း ထွန်းညှိလိုက်လေသည်။

မီးရောင်ထဲ၌ ဆရာ့အခန်းကို မြင်ရသည်မှာ ဖရိုဖရဲ ကစင့်ကလျားပင်။ ပန်းမိုးအိမ်၌ ရှိစဉ်တုန်းကလို ဂရုတစိုက် လှည်းရှင်းပေးမည့်သူ မရှိသဖြင့် ရှုပ်ရှက်ခတ်ကာ မျက်စိနောက်စရာပင် ကောင်းနေ၏။

"အမေတို့ အစ်ကိုတို့များ ဆရာ့အခန်းကို ဥပေက္ခာပြုထားလိုက်ကြတာ"ဟု အမေနှင့် အစ်ကိုကိုပင် စိတ်ကမျက်ချင်နေသည်။

အဝတ်တန်းပေါ်တွင် အင်္ကျီပုဆိုးတွေက တွဲလွဲတွဲလောင်းနှင့် လင်းဆွဲ ဆွဲနေကြသည်။ စာအုပ်စင်နှင့် စာပွဲခုံမှာလည်း စီစီစဉ်စဉ် မရှိဘဲ ပြန့်ကျဲနေ၏။ ခေါင်းရင်းဘေးနားရှိ ပြတင်းဝမှ ပက်လက်ကုလားထိုင်အောက်တွင် ဆေးလိပ်ပြာနှင့် ကြမ်းခင်းပြင်မှ ဆေးလိပ်တစ်တို နှစ်တိုကိုပင် တွေ့ရသည်။

ခရီးရောက်မဆိုက်ပင်ဖြစ်သော်လည်း ပန်းမိုးက ဆရာ့အင်္ကျီ ပုဆိုးများကို သပ်သပ်ရပ်ရပ် ခေါက်တင်သည်။ လျှော်ဖွပ်ပေးရမည်ဟု ထင်သောပုဆိုးနှင့် နမ်းကြည့်၍ ချွေးစော်နံနေသော အင်္ကျီများကို မနက်ဖန်မှ လျှော်ဖွပ်ပေးရန် သီးသန့်ခွဲထားလိုက်သည်။

စာအုပ်စင်နှစ်ခုံပေါ်တွင် ပြန့်ကျဲနေသော စာအုပ်များကို စီစီရီရီရှိအောင် နေရာချထားပေးသည်။ ပြီး. . . ဆရာမှာထားခဲ့၍ ပန်းမိုး မြို့ကဝယ်လာသော သွေးသောက်နှင့် ငွေတာရီနှစ်အုပ်ကို ဆရာလာလျှင် လာချင်းမြင်အောင် ဆရာဖတ်လက်စနှင့် ထားခဲ့ဟန်



www.burmeseclassic.com

www.burmeseclassic.com



တူသော ဘာသာပြန် ဝတ္ထုစာအုပ်ပေါ် တင်ထားလိုက်သည်။

စာအုပ်စင်နှင့် အဝတ်တန်းဘီရိုတို့ကို စနစ်တကျ စီစဉ်ပေးပြီး၍ စာအုပ်စင်ဘက်ရှိ နံရံပေါ်ကို ပျားဖယောင်းတိုင် မြှောက်၍ ကြည့်လိုက်သောအခါ ပန်းမိုးမှာ မျက်လုံးပြူးသွားလေသည်။

ပထမဆုံးမြင်ရသည်မှာ တလံနီပါး အတောင်ရှည်သော လင်းဆွဲကြီးတစ်ကောင်ကို အတောင်ဖြန့်၍ အရေခွံကို ဆရာက နံရံတွင် ကပ်ထားသည်။ လင်းဆွဲကြီး၏ တစ်ဖက်တွင် ရှဉ့်ညိုကြီးတစ်ကောင်နှင့် ကြောင်ဝါကြီးတစ်ကောင်၏ အရေခွံကိုလည်း တွေ့ရသည်။ ခေါင်းရင်းဘက်ကျသော နံရံတွင်တော့ ယုန်ဖြူတစ်ကောင်၏ အရေခွံတ နေရာယူထား၏။ ကြောင်ဝါကြီး၏ အရေမူ ညိုစို့စို့ အနုပင် နုံသေးသလားထင်မိ၏။

"သူများနံရံမှာ ပန်းချီရုပ်ကပ်ထားတာကို အပြစ်ပြောတတ်တဲ့ ဆရာကို ပြန်လာရင် မရှုမရှာတာတွေ ကပ်ထားရမလားလို့ ပန်းမိုး နိုင်ကွက်တော့ရပြီ၊ လာမှရန်တွေ့ရဦးမယ်"

"ဆရာပြန်လာပြီ"

"ဟေး. . . စောမြချို မင်းဘယ်တုန်းက ရောက်တာလဲ၊ ယုန်ဖြူမလေးလဲ ပါတယ်နော်. . . ယုန်ဖြူမလေးကော. . ."

စောမြချို၏ နှုတ်ဆက်သံနှင့်အတူ ဆရာက သူ့အားမေးနေသံကို ကြားရသောအခါ ပန်းမိုးသည် ပျားဖယောင်းတိုင်ကြီးကို ရုတ်ကနဲ မီးငြိမ်းသတ်လိုက်ပြီး အိမ်ပေါ်မှ ပြေးဆင်းလာမိသည်။

စစ်ရောင် ဘောင်းဘီရှည်၊ တင်းဘတ်ဖိနပ်၊ ကက်ဦးထုပ်တို့နှင့် အမဲပစ်သေနတ်တစ်လက် လွယ်ထားသော ဆရာ့ကို မြင်ရသောအခါ ပန်းမိုးမှာ ရုတ်ကရက် အံ့အားသင့်သွားမိသည်။ ပြီး. . .





ဆရာ့လက်ဘက်တစ်ဖက်တွင် ယုန်ဖြူတစ်ကောင်ဆွဲကိုင်ကာ ကျန်လက်တစ်ဖက်ကတော့ စောမြချို၏ ပခုံးပေါ်သို့ တွဲတင်ထားသည်။ စောမြချိုက ပြုံးပြီး ဆရာ့လက်ဖျားလေးတွေကို ကလေးငယ်တစ်ယောက်ပမာ ချိုးကစားနေ၏။

"ဘယ့်နှယ်လဲ ဆရာအလံကွာတာမိန်း၊ မိုးချုပ်လှချေကလား"

"ယုန်ဖြူမလေးကတော့ နောက်ပြီ"

ပန်းမိုးက အလိုမကျသလို နှုတ်ခမ်းစူ၍ ပြောလိုက်သည်ကို ဆရာက သဘောကျသလို ပြုံး၍ပြန်ဖြေ၏။

"ယုန်ဖြူမလေးနှင့် စောမြချိုတို့ကို ဆရာ ယုန်သားဟင်း ကောင်းကောင်း ချက်ကျွေးမယ်ကွာ. . . မင်းတို့မြို့မှာ ယုန်သားဟင်း စားရခဲတယ်။ တို့တောမှာတောင် လေးငါးခါ တောပစ်ထွက်လို့ ယုန်တစ်ကောင်ရဖို့ မလွယ်ဘူး. . . သိပ် အပြေးမြန်တဲ့အကောင်တွေ၊ ကြက်တို့ ကြောင်တို့ ရှဉ့်တို့မဲ့ ပေါတာ. . . ဒါပေမယ့် ဒီက လူတွေကတော့ ယုန်သားကို ပျော့စိစိမို့ မကြိုက်ကြဘူး. . . ဒီကနေ့လဲ ယုန်တစ်ကောင်ထဲပဲ ရတာ. . . ဆရာက ယုန်အရေခွံလိုချင်လို့ သူများမကြိုက်တဲ့ ယုန်ကိုပဲ ဝေစုအဖြစ် ယူလာတယ်လေ"

"ဆရာ ဒီလိုပဲ ကျောင်းပိတ်တုန်း နေ့တိုင်း တောလိုက်သွားနေသလား ဆရာ. . ."

"နေ့တိုင်းမဟုတ်ပါဘူး. . . ယုန်ဖြူမလေးရယ်. . . တစ်လနှစ်လမှ တစ်ခါတလေပါ။ ဒီမှာက ယုန်ဖြူမလေးတို့လဲ မရှိတော့ ရန်ဖြစ်ရမယ့် လူမရှိလို့ ပျင်းတာပေါ့"

ဆရာက ပန်းမိုး၏မျက်နှာကို ပြုံးတုံ့တုံ့နှင့်ကြည့်၍ စ၏။



www.burmeseclassic.com

www.burmeseclassic.com



"နေ့တိုင်း တောပစ်တာဟာ. . ."

"အမယ်လေး. . . နေ့တိုင်း မဟုတ်ရပါဘူးနော်။ ဒီကနေ့လဲ မင်းတက်ပြင်ရွာကို သွားလည်မလို့ အထွက်မှာ ကိုချစ်လှတို့နဲ့ လမ်းမှာကြုံလို့ လိုက်သွားမိတာပါ. . . ဒီ သေနတ်ကလဲ မင်းတက်ပြင်ရွာက ကျန်းမာရေး ဆေးမှူးတစ်ယောက်ဆီက သူတို့ ငှားလာတဲ့ သေနတ်မို့ ဆရာနဲ့ပြန်ပေးဖို့ တစ်ဆင့်ပေးလိုက်တာပါ"

ပန်းမိုးက မကြေနပ်သံတစ်ဝက်၊ ဝမ်းနည်းသံတစ်ဝက်နှင့် အမေး ကို ဆရာက ဟုတ်တိုင်းမှန်ရာ ဖြေပြီး အိမ်အပေါ်ထပ်တက်သွား၏။

ဆရာ သူ့အခန်းထဲဝင်သွားသည်ထိ ပန်းမိုးက ဆရာ့ရုပ်သွင်ကို လှမ်းငေးကြည့်နေမိသည်။

လက်ရုံးပေါ်ပေါ်
ကိုယ်တော်ကျိုင်းကျိုင်း
တပိုင်းမြမြ
ဆင်းရူပနှင့်
သူဇာ့ငယ်ကြင်
မြင့်မိုရ်ရှင်လည်း
သို့စဉ်မတင့်။

* * * *



အခန်း(၈)

လသာသောညရောက်သောအခါ ပန်းမိုးတို့အိမ်၌ ညသန်း ခေါင်သန်းလွဲအထိ လူပြည့်နေပြီး. . . ဆရာနှင့်ဆရာအဖွဲ့ မုဆိုး ဦးထော်တို့ ဆရာဦးချစ်လှတို့နှင့် လက်ဘက်ရည်ကြမ်းဝိုင်းဖွဲ့ကာ တောလိုက်သည့် အကြောင်းများကို ပြောနေကြသဖြင့် ရွာထဲမှာ လူငယ်အချို့နှင့် ပန်းမိုးတို့မောင်နှမမှာ လူကြီးများနားတွင် ဇိုင်ရင်း နားထောင်ရသည်မှာ မငြီးငွေ့နိုင်ပေ။

အထူးသဖြင့် ဆရာ့မျက်နှာ ငွေလမင်းကိုကြည့်ရင်း ဆရာ့စကား သံကို နားထောင်ရသည်မှာ အလွန်နားထောင်ကောင်းပြီး ဗဟုသုတ လည်းရသည်ဟု ထင်မှတ်မိသည်။

တစ်ခါတုန်း သားကောင်ပစ်သည့် အကြောင်းကိုချည်း



www.burmeseclassic.com

www.burmeseclassic.com



မပြောတော့ဘဲ. . . သားကောင်များ၏ အစွယ်၊အစိုး၊ အရေပြားများ ဆေးဖက်ဝင်သည့်အကြောင်းကို တစ်လှည့်ပြန်ပြောတတ်၏။

“မင်းတို့လဲမှတ်ထား၊ ဆေးမှားတိုက်မိတဲ့ လူနာဆိုရင် ဆင်အံသား သွေးတိုက်လိုက်၊ အစားအစာမှားစားမိရင်လဲ ဆင်အံဟာ အကောင်းဆုံးပဲကွ၊ ဆင်သားရေကတော့ ဝဲတို့ နှင်းခူတို့ကို သွေးလိမ်းရင် သုံးခါ မလိမ်းရပါဘူးကွာ ပျောက်တာပဲ”ဟု ဆို၏။

ဆရာပြောသော စကားထဲတွင် ပရဆေးများသာ မဟုတ်။ ကျည်လွဲ၊မီးကွင်း၊ ကိုယ်ပျောက်၊ ဖနောင့်ပေါက်၊ တိုင်ကွယ် စသည့် အလွန်ထူးခြားသော အကြောင်းအရာများလည်း ပါလေသည်။

ဆရာပြောပြသမျှမှာ ဝက်စွယ်နားပင်း၊ ချေမင်း(ဂျီ)လက်ဝါးကာနှင့် ချိုးအမတေ(အမြှုတေ)၊ ကျားမင်းစွယ်တို့သည် စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်သည်။

ဆရာပြောပြသော ဝက်မင်း၊ ချေမင်း၊ ကျားမင်းတို့မှာ မီးကွင်းခြင်း၊ သေနတ်မီးပေါက်လွဲခြင်း၊ ကိုယ်ယောင်ဖျောက်နိုင်ခြင်းတို့ပင် ပါလေသည်။

သူငယ်စဉ်က ဝက်တစ်ကောင်နှင့် ချေ(ဂျီ)တစ်ကောင်ကို အကြိမ်များစွာ တူမီးသေနတ်နှင့် ပစ်ဖူးသည်ဆို၏။ သို့သော် တစ်ခါမျှ တူမီး မီးမကူးဟုဆိုသည်။ ကျည်အောက်နေသည်အထင်နှင့် နောက်ထပ်ကျည်လဲပစ်သော်လည်း မီးမကူးသောအခါ နောက်ထပ် သားကောင်တစ်ကောင်ကို စမ်းပစ်ကြည့်ရသည်ဆိုသည်။

ဆရာပစ်သော ချေနှင့်ဝက်ကလွဲလျှင် တခြားမည်သည့်သားကောင်ကိုပစ်ပစ် ကျည်ထွက်မီးပေါက်ပြီး ထိမှန်သေဆုံးမှ ထိုဝက်





နှင့်ထိုချေတို့မှာ ဝက်စွယ်နားပင်းနှင့် ချေမင်းလက်ဝါးကာ ဖြစ်မှန်း သိရသည်ဆို၏။

ဝက်စွယ်နားပင်း၏ ထူးခြားချက်မှာ မုဆိုးများ မည်မျှပစ်ပစ် ကျည်မထွက်၊ မီးမကူးခြင်းပင်၊ ဝက်များ၏အစွယ်အားလုံးမှာ အခေါင်းချည်းဖြစ်သော်လည်း ထိုကျည်မထွက် မီးမကူးသောဝက်၏ အစွယ်မှာကား “ကင်းပိတ်”ဟုခေါ်သော အစွယ်ပိတ်ပင်၊ အစွယ်တွင်တခြားဝက်စွယ်လို အခေါင်းမပါခြင်းဖြစ်သည်။ ထိုဝက်စွယ်ကို ရ၍ ဆောင်ထားလျှင် လူသည်လည်း ကျည်လွဲမီးပေါက် လွတ်သည်ဟုဆိုသည်။

ချေ(ဂျီ)များတွင် သာမန်အားဖြင့် ဦးချိုနှစ်ချောင်းပါရာ တစ်ချောင်းသောဦးချိုမှာ ရှေ့ကို လက်ညှိုးထိုးထားသလိုဖြစ်ပြီး နောက်တစ်ချောင်း၏ အဖျားမှာ ငါးစွယ်ငါးခွထွက်ကာ လူများ သက်ဝါးနှင့် ကာထားသလို ဖြစ်နေသဖြင့် “ချေမင်းလက်ဝါးကာ” ဟု ခေါ်ကြခြင်းဖြစ်သည်။

ထိုချေများကိုလည်း လူများသေနတ်နှင့် မည်သို့ပစ်ပစ် ကျည်ထွက် မီးမပေါက်ဟုဆိုသည်။ ပြီး ထိုချေ၏ဦးချိုကို ဆောင်ထားလျှင် အိမ်မှာ မီးကွင်းသည်ဟု ဆရာပြောပြ၏။

ကျားမင်း၏အစွယ်မှာ တခြားကျားများ၏ အစွယ်လို ကင်းပိတ် ဟုတ်ဘဲ အခေါင်းဖြစ်သည်။ ထိုကျားမင်းစွယ်မျိုးကိုရလျှင် ကျားများကို ခေါ်၍ရသည်။ နှင်လွှတ်လျှင်လည်းရသည်။ ကျားများကို ခေါ်ချင်လျှင် ကျားမင်း၏ကွေးနေသော အစွယ်ကို အတွင်းဘက် ထားပြီး မှုတ်လိုက်က ကျားရောက်လာသည်။ ရောက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကျားကို ပြန်နှင်ချင်လျှင် ကွေးနေသောအစွယ်ကို အပြင်ဘက်လှန်ပြီး မှုတ်လိုက်ရုံနှင့် ကျားများပြေးသွားသည်။ အစွယ်ကိုဆောင်ထားလျှင် ကျားရန်ကင်းသည်ဟု ဆိုသည်။

နောက်တစ်ခုမှာ "ချိုးအမတေ"(အမြုတေ)ဖြစ်သည်။ ချိုးသိုက်ထဲတွင် တွေ့ရတတ်သော အမြုံချိုးဥဟုဆိုသည်။ ထိုချိုးဥကိုရ၍ဆောင်ထားလျှင် မီးကွင်းသည်မှာတော့ အဘိုးလေး၏ ကိုယ်တွေ့ဟုပြော၏။ အဘိုးလေးတို့ရွာထဲမှာ တောင်သူတစ်ယောက် ခုတ်ထားသောသူ့ယာကို မီးရှို့ရာ တောင်ယာထဲတွင် တလင်းရာတစ်ဝိုက်လောက် မီးကွင်းကျန်နေသည်ဟု ဆို၏။ ထိုမီးကွင်းကျန်နေသောနေရာကို ဘယ်လိုရှို့ရှို့မီးမလောင်သောအခါ တောင်ယာသမားမှာ ကြားဖူးနားဝ ဗဟုသုတရှိသူဖြစ်သဖြင့် ထိုမီးကွင်းယာခြောက်ထဲ ရှာကြည့်ရာ ချိုးအမတေကို ရသည်ဟု ဆရာလေးက ပြောပြလေသည်။

ဆရာပြောသည့် စိတ်ဝင်စားဖွယ်ရာ ဆေးအကြောင်း ဗဟုသုတများကို ပန်းမိုးနှစ်ခြိုက်လွန်းသဖြင့် မှတ်သားထားပြီး ကျောင်းပြန်ရောက်သောအခါ သူငယ်ချင်းများအား ဆေးမြီးတိုဖြင့် လက်စွမ်းပြကာ ကုပေးသကဲ့သို့ . . ညဘက်စကားဝိုင်း တွင်လည်း ဆရာ့အမူအရာပုံစံကိုတု၍ ပြန်ဖောက်သည်ချကာ ပြောပြလျှင် သူငယ်ချင်းများက အလွန်နှစ်သက်ကြသည်။

ပန်းမိုးအဖို့ ဆရာစကား ဘယ်လောက်ပဲပြောပြော မငြီးငွေ့၊ မအိပ်ငိုက်ပေ။ ဆရာ့မျက်နှာကို တမေ့တမော ငေးကြည့်ရင်းက ငယ်ငယ်က အမေပြောဖူးသော အိပ်ရာဝင်ပုံပြင်ကို နားထောင်ရ





သည်နှင့်အတူပေ။ အမေ့ပုံပြင် နားထောင်ရင်း အိပ်ပျော်သွားတတ်သော်လည်း ဆရာပြောသော တောတောင်အကြောင်းကို နားထောင်ရင်း အိပ်ချင်သည် အိပ်ငိုက်သည်ဟူ၍ မရှိပါ. . . ။

ဆရာက စကားဖြတ်ပြီး စကားဝိုင်းသိမ်းလိုက်မှာကိုပင် အလွန်စိုးရိမ်နေမိသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

အရွက်ချွေထားသော်လည်း အပွင့်တွေ အဆုပ်လိုက်ဝေဝေ သီကာ တျာတျာနီနေသော ပေါက်ပင်တန်းကို လှည်းလမ်းက ဖြတ်သွားရသည်။

လှည်းလမ်းကိုအုပ်မိုးနေသော ဘေးနှစ်ဘက်ရှိ ပေါက်ပင်များမှ ကြွေကျ မြေခနေကြသော ပေါက်ပွင့်နီတွေမှာ လှည်းလမ်းထဲ၌ မြုန့်ကျဲနေကြသည်။ ရှေ့က မောင်းနှင်သွားကြသော လှည်းဘီးများ ဖြတ်နင်းသွားသဖြင့် မြုန့်ကျဲနေကြသော ပေါက်ပွင့်တို့သည် ညက်ညက်ကြေနေကြ၏။

မင်းတက်ပြင်ရွာ ဘုရားပွဲတော်သို့ လာကြသော လှည်းယာဉ် ခုလေးငါးခြောက်စီးတွင် ကလေး၊ လူကြီး၊ မိန်းမ၊ ယောကျ်ား၊ ရွာသူ ရွာသားတွေကလည်း ပြည့်ကြပ်လာကြ၏။





ပန်းမိုးတို့စီးနင်းလာသော မြင်းလှည်းယာဉ်ငယ်ထက်၌ပင် လူက ငါးယောက်ပါလေသည်။

အစ်ကိုကြီးထွန်းက ရှေ့ကလှည်းမောင်းပြီး အမေနှင့်ဆရာက အစ်ကိုကြီးထွန်းနောက်တွင် ထိုင်ကြသည်။ အမေနှင့်ဆရာနောက်တွင် စောမြချို့နှင့် ပန်းမိုး၊ တောင်ပေါ်တန်းဘက် တစ်ခါမှမရောက်ဖူးသော စောမြချိုကတော့ ဤသို့ နေဝင်ရီတရောအချိန်၌ ဘုရားပွဲတော်လာရသည်ကို အတော်ပျော်နေပုံရလေသည်။

ခင်တန်းကမှ လွန်သောအခါ လမ်းမှာ အဆင်းချည်းဖြစ်သဖြင့် လှည်းဝင်ရိုးသံတွေက တအီအီ မြည်လာကြသည်။

တပေါင်းလဆန်း ဆယ့်လေးရက်လသည် နေမဝင်ခင်ကပင် အရှေ့ဘက် တောင်တန်းမြင့်ပေါ်တွင် ထွန်းပနေလေပြီ။

တပေါင်းနွေမှုန်မှုန် လေရှူးတစ်ချက်တစ်ချက် အဝှေ့လိုက်တွင် ရှေ့က သွားနေကြသော လှည်းတွေကြောင့် ပန်းမိုးတို့မှာ ပါးစပ်နှာခေါင်းတို့ကို ပိတ်ထားရလေသည်။

"ဘယ့်နယ်လဲကွ စောမြချို ဖုံထူလို့ စိတ်ပျက်သွားပြီးနဲ့ တူတယ်"

နှာခေါင်းနှင့်ပါးစပ်တို့ကို လက်ကိုင်ပဝါနှင့် စည်းထားသော စောမြချိုအား နောက်သို့လှည့်အကြည့်မှာ မြင်သွားသော ဆရာက ဆို၏။

"စိတ်မပျက်ပါဘူး ဆရာ။ ခုလို လှည်းဝင်ရိုးသံတွေ ညံစီပြီး လှည်းတန်းကြီးနဲ့ ဘုရားပွဲသွားရတော့ ဆရာပြောပြဖူးတဲ့ လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဆိုတဲ့ စာချိုးလေးကိုတောင် သတိရမိပါတယ် ဆရာ။ ပုဂံမှာ ဘုရားတွေပေါ်တော့ ရှေးရှေးတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ပုဂံဘုရားပွဲတော်တွေ အသွားလဲ ဒီလိုပဲနေမှာနဲ့တူတယ်နော် ဆရာ၊

အမှန်က စောမြချိုသည် စာထဲတွင် ဖတ်ဖူးသော ရှေးခေတ် ပုဂံနေပြည်တော်က ဘုရားပွဲအကြောင်း တွေးလာပုံရသည်။

ပုဂံသည် ယခင် မင်းနေပြည်တော်တုန်းက မည်မျှစည်ကားပြီး မည်မျှ ပျော်စရာကောင်းပါမည်နည်း ဟူသော အတွေးကို စောမြချို၏စကားကြောင့် ပန်းမိုးကလည်း တွေးမိလိုက်သည်။

ပုဂံကိုမရောက်ဖူးသော်လည်း စိတ်မှန်းနှင့် ပုဂံဘုရားများကို ဖူးမျှော်ကန်တော့နေမိသည်။

"ဟဲ. . . ဟဲ. . . မင်းလဲ တော်တော် စိတ်ကူးယဉ်တတ်သားပဲ"

စောမြချို၏စကားကို ဆရာကလည်း သဘောကျသွားသည်။

"လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်း" ဆိုတော့ ပုဂံမှာ ဘုရားတွေ ဘယ်လောက်တောင်များလို့လဲ ဆရာ"

လှည်းမောင်းနေသော အစ်ကိုကြီးထွန်းက ဆရာ့ကိုလှမ်းမေး၏။

"လှည်းဝင်ရိုးသံတညံညံဆိုတော့ အင်း..လေးသန်းလေးသိန်း လေးသောင်း ခြောက်ထောင် ခုနစ်ရာ့သုံးဆယ့်သုံးဆူပေါ့ ကိုထွန်းမောင်ရာ. . . ခင်ဗျားလဲ ဘုန်းကြီးကျောင်းသားသာ ပြောတယ် အာမှ. . ."

"ဟုတ်သားဘဲ"

ဆရာစကားကို ပန်းမိုးကပါ ထောက်ခံလိုက်၏။

ကိုကြီးထွန်းက အရှက်ပြေရယ်ကာ. . .။

"ဟ. . . အများကြီးပါလား. . . ဆရာ၊ ဘုရားတွေတော့ ပြည့်နေမှာပေါ့နော်. . . ဆရာ ပုဂံကိုရောက်ဖူးလား"





"တစ်ခါတော့ ရောက်ဖူးပါတယ်"

"အေးဗျာ. . . ကျွန်တော်တို့လဲ ရောက်ဖူးချင်လိုက်တာ၊ဆရာ့လို ကျွန်တော်တို့က ပုဂံမရောက်ဖူးတော့ တစ်နှစ်တုန်းက အနောက်ရွာဘုန်းကြီးပွဲမှာ ကပြသွားတဲ့ ကျော်စွာနဲ့ သော်တာတို့ဇာတ်ကို တောင် မောင်ချိုပြောသလို ပြန်သတိရမိတယ်. . . သိပ်ရင်နာစရာ ကောင်းတာပဲ"

"ဟုတ်တယ် ဆရာလေးရယ်. . . အဒေါ်တို့လဲ အသက်ပြည့် သာနေရင်တော့ ပုဂံကိုတစ်ခေါက်လောက် ဘုရားဖူးသွားချင်လိုက် တာ။ ရှင်ကြီးအဋ္ဌဝါဏာတို့ ရွှေဖြစ်၊ ငွေဖြစ်ခေတ်က တည်ထား တိုးကွယ်ခဲ့တဲ့ ဘုရားတွေဆိုတော့ ရွှေတွေလဲ တဝင်းဝင်း ပြောင် ပြောင် နေမှာပေါ့နော်"

အမေကလည်း ပြောသံသာကြားဖူးသော ပုဂံကိုတကယ်ပင် ရောက်လို သွားလိုစိတ်ပြင်းပြနေပုံရလေသည်။ လွမ်းတနေပုံရလေ သည်။

ရွှေဖြစ် ငွေဖြစ်ဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပါ အမေရာ၊ သူတို့ ခေတ်က ပဒေသရာဇ်သက်ဦးဆံပိုင်ခေတ်ဆိုတော့ မင်းတွေ ဂုဏ်တု ဂုဏ်ပြိုင်ဖြစ်နေပြီး ဘုရားတွေချည်း တည်ခဲ့ကြလို့ ခုဆို မိုးခေါင် ရေရှားတဲ့ အရပ်တောင်ဖြစ်နေပြီတဲ့။

တစ်ချိန်လုံး ငြိမ်သက်လိုက်လာသော ပန်းမိုးက သူ့ဆရာပြောပြ ထား၍ သိမှတ်ထားရသော ပုဂံနှင့်ပတ်သတ်သည့်အကြောင်း အချက်များကို ဒိုးဒိုးဒေါက်ဒေါက်နှင့် လူတတ်လုပ်၍ ဝင်ပြောပစ် လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မိုးခေါင်ရေရှားတာနဲ့ ဘုရားတည်တာနဲ့ ဘာဆိုင်လို့ တုန်း လုံမရယ်"

"မဆိုင်ဘဲနေမလားအမေရယ်၊ ဒီလောက်များများ ဘုရားတွေ တည်ဖို့ အုတ်ဖုတ်ဖို့ သစ်တောတွေကို ပြည်သူတွေက ခုတ်ရတော့ သစ်တောတွေ ပြုန်းကုန်တာပေါ့. ပထဝီအနေအထားအရ သစ်တောတွေပြုန်းကုန်တော့ မိုးမရွာတော့ဘူးပေါ့။ သမိုင်းသုတေသီ တွေက ပုဂံတပိုက်မှာ နောက်ဆို သဲကန္တာရကြီးတောင် ဖြစ်သွား နိုင်သတဲ့၊ ပြီးတော့ တကယ်လို့ ရှင်ကြီးအင်္ဂါေဂါဏက ရွှေဖြစ် ငွေဖြစ် လုပ်နိုင်တယ်ဆိုရင်၊ ပုဂံဘုရားတွေကို ရွှေတုံး ငွေခဲတွေနဲ့ တည်ထား ခဲ့ပါလား။ ဘာလို့ ရွှံ့အုတ်တွေနဲ့တည်ရတာလဲ။ ဆရာရောက်ဖူး သားပဲ မေးကြည့်ပါလား၊ ပုဂံကဘုရားတွေမှာ ရွှေဆိုတာသိပ်မရှိ ပါဘူး၊ ဘုရားတွေကလဲ အမြို့အပျက်တွေသာများတယ်တဲ့။ နောက် ကမ်းခြေကို ရေတိုက်စားလို့ ဧရာဝတီထဲ ကမ်းပြိုကျသွားတဲ့ ဘုရားတွေလဲ နည်းသလား၊ အရင်စာသင်ခန်းထဲမှာ ပုဂံရာဇဝင်သင် တုန်းကတောင် ကြုံလို့ ဆရာပြောဖူးပါတယ် ဘာတဲ့လဲ၊ ဩော်. . . သတိရပြီ 'လဩာသာ ဝါဝါဝင်း ဘုရားရေချိုးဆင်း" ဆိုတာ၊ အဲတာပဲ ကြည့်တော့ ကမ်းပြိုလို့ ရေထဲကျသွားတဲ့ ဘုရား တွေဟာ လေးသိန်းကျော်တယ်တဲ့။ တကယ်လို့ အဲဒီရှင်ကြီး အင်္ဂါေဂါဏက ဒီလောက်တန်ခိုးရှိရင် ကမ်းမပြိုအောင် ရွှေတံတိုင်း ငွေတံတိုင်းကြီးတွေ ဆောက်ပေးထားခဲ့ပါလား၊ ခုတော့ ရွှေတံတိုင်း ငွေတံတိုင်းမပြောနဲ့ အုတ်တံတိုင်းကြီးတောင် မဆောက်ထားနိုင်ခဲ့ ပါဘူး။ ပန်းမိုးတို့ကတော့ အမေတို့ရှင်ကြီး အင်္ဂါေဂါဏကိုလဲ မယုံပေါင်။





"ဟဲ့. . . ငြိတ္တာမလေး၊ ဘုရားတရားနဲ့ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်တွေကို ဒီလိုမပြောရဘူးဟဲ့။ ငရဲကြီးတယ် သိရဲ့လား"

ဆရာနှင့်စသော ပြဿနာထဲတွင် ပန်းမိုးပါဝင်ပါလာသဖြင့် အမေက ပန်းမိုးကိုကြိမ်းလိုက်၏။

"ဘုရားတရားကိုပြောတာမဟုတ်ပါဘူး အမေရယ်။ ရှင်ကြီး အင်္ဂါေဂါဏကို ပြောတာပါ"

"ဒါပေမယ့် ပုဂံမှာ မြန်မာတွေဂုဏ်ယူလောက်စရာကောင်းတဲ့ အနုပညာလက်ရာတွေ၊ ဗိသုကာအတတ်တွေတော့ ထူးထူးခြားခြား ရှိတယ်လို့ သမိုင်းသုတေသီတွေက ပြောကြတာပဲ ယုန်ဖြူမလေး ရယ်၊ အဲတာကြောင့်လဲ မြန်မာတွေက "မြန်မာမှန်ရင် ပုဂံရောက်ဖူး ရမယ်"လို့ ဆိုရိုးစကားရှိသေးတယ်မှတ်လား"

"ဆရာရောက်ဖူးတာပဲလေ. . . ဘာတွေ ထူးထူးခြားခြားရှိတယ် ဆိုတာတော့ ဆရာအသိဆုံးနေမှာပေါ့"

ပန်းမိုးနှင့် သူ့အမေတို့ကြားတွင် ပြေရာပြေကြောင်း ဝင်ပြော လာသော ဆရာအား ပန်းမိုးစကားက အမေးပုစ္ဆာပြုလာပြန်၏။

"ပုဂံရောက်ဖူးတယ်ဆိုပေမယ့် ဆရာက ခဏတဖြုတ်ဆိုသလို ပါ၊ သေသေချာချာလေ့လာဖို့ အချိန်မရခဲ့ပါဘူး၊ ဆေးရေးပန်းချီ ပန်းပုနဲ့ ဗိသုကာပညာတွေကတော့ တကယ်အံ့ချီးလောက်စရာတွေ ရှိပါလိမ့်မယ်၊ နောက်တစ်ခု ထူးခြားတယ်ဆိုတာက ဒီလောက်ထိ ဘုရားတွေ များများတည်ထားခဲ့တယ်ဆိုပေမယ့် အုတ်ဖုတ်တဲ့နေရာ တို့ ကန်တို့ကို ပုဂံပတ်ဝန်းကျင်မှာ ဒီကနေ့အထိ ရှာမတွေ့ကြဘူးလို့ ပညာရှင်တွေက ပြောကြတယ်"

www.burmeseclassic.com



ကျောင်းစာထဲတွင် ပုဂံရာဇဝင်အကြောင်း အနည်းအကျဉ်းသာ ဖတ်ဖူးသော ပန်းမိုးက ဤတစ်ခါတော့ ဆရာ၏စကားကို တွေ၍ နာထောင်နေမိ၏။

"သူ့ခေတ်နဲ့ သူ့အခါဆိုတော့ ဗုဒ္ဓဘာသာဝင်တွေဖြစ်ကြတဲ့ မြန်မာမင်းတွေ ဘုရားအပြိုင်အဆိုင် တည်ထားကိုးကွယ်ကြတာ ကတော့ အဆန်းမဟုတ်ပါဘူး၊ ရခိုင်ပြည်မှာဆိုရင် ဘုရားတွေက ပုဂံမှာထက်တောင် များသေးသတဲ့၊ မြောက်ဦးခေတ်ကောင်းတုန်းက အဖေမင်းနဲ့ သားမင်း အပြိုင်အဆိုင် တည်ထားကိုးကွယ်ခဲ့ကြတဲ့ အဖရှစ်သောင်း သားကိုးသောင်းဘုရားဆိုတာ ခုအထိ အထင်အရှား ရှိနေသေးတာပဲ။ ယုန်ဖြူမလေးတို့ မှတ်သားရအောင်လို့ ဆရာက ပြောတာပါ "သဇင်ပန်းခိုင် တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း"တဲ့။ ကဲ ဘယ်လောက်များသလဲ။ ပုဂံမှာထက် နှစ်သန်းကျော်ပိုများတယ်။ "ကိုးကိုးတန် ပုဂံအိမ်ခြေပေါင်း။ ညီညီညံ ပုဂံဆော်သည့်မောင်း" ဆိုတဲ့ ပုဂံက ရပ်ကွက်အိမ်ခြေလူဦးရေနဲ့စာယင် ရခိုင်ပြည်သူတွေက လူနည်းပေမယ့် ဘုရားပိုတည်နိုင်ခဲ့တယ်ဆိုတဲ့ အထောက်အထားပဲ။ အမှန်က ဒါလဲဘာမှမဆန်းပါဘူး။ ရှေးတုန်းက ဘုရင်တွေဟာ တဖက်နဲ့တဖက် စစ်ပြိုင်လို့ နိုင်တဲ့မင်းက ရှုံးတဲ့မင်းနဲ့ ခြွေရံသင်္ဂပင်းမှူးမတ်တွေကိုတောင် တစ်ကမ္ဘာတည်စေဆိုပြီး ဘုရားမှာ ခေါင်းလောင်းထိုးလှူလိုက်တာ ရှိခဲ့တာပဲ။ အဲဒီမင်းနဲ့ ခြွေရံသင်းပင်းတွေကလဲ ကိုယ့်ကိုယ်ကို ဘုရားကျွန်ရယ်လို့ ထင်မှတ်နေတာက ဘယ်က လောက် ဝမ်းနည်းစရာကောင်းလိုက်သလဲလို့"

ဆရာက စာပေဗဟုသုတ နှံ့စပ်သူ၊ မဂ္ဂဇင်းလစဉ်ဖတ်သူမို့





ကျောင်းသင်ခန်းစာအပြင် အယူအဆ၊ အတွေးအခေါ်၊ စာချိုးကဗျာတို့ကအစ အခိုက်ကြုံတိုင်း ပန်းမိုးတို့ကို ပြောပြနေကျမို့ ဤတခါလည်း ဆရာ၏စကားက မဆုံးနိုင်ပေ။

ဆရာသည် စာပေဝါသနာပါပြီး စာများများဖတ်ထားသူမို့ အကြောင်းအရာ တစ်ခုခုကို ပြောပြပြီဆိုလျှင် ဤသို့ပင် ရှည်လျား တတ်သည်သာ။

ရခိုင်မှာ ရှိသည်ဆိုသော သဇင်ပန်းခိုင်ပဲမြိုင်မြိုင်၊ ပုဂံမှရှိသည် ဆိုသော လှည်းဝင်ရိုးသံပဲညံညံ၊ ယခုလောလောဆယ်မှာတော့ မင်းတက်ပြင်ရွာ ဘုရားပွဲက ပတ်မကြီးတီးလိုက်သံကို ကြားနေရပါပြီ။

* * * *

www.burmeseclassic.com

## အခန်း(၁၀)

လှည်းဝိုင်းချ၍ နေရာတကျ ဖျာခင်းပြီးကြသောအခါ၊ အမေက ဘုရားသွားဖူးရအောင်ပြော၏။

"ကျွန်တော်တော့ မလိုက်တော့ဘူး ဒေါ်ဒေါ်၊ ပွဲကြပ်ဖို့ကိစ္စနဲ့ ပွဲလာသူတွေအတွက် ကျန်းမာရေးကိစ္စတွေလဲ ဝိုင်းကူလုပ်စရာ ရှိသေးတယ်"

"အေးလေ. . . . ဆရာလေးကိစ္စရှိရင်လဲ သွားပေါ့။ အဝေါ်တို့ကို အားနာစရာမရှိပါဘူး"

"ဟုတ်ကဲ့. . . ကျွန်တော်သွားလိုက်ပါ ဦးမယ်"

"အေး. . . အေး"

ဆရာ ပွဲခင်းထဲထွက်သွားသည်။

အမေ၊ အစ်ကိုကြီးထွန်း၊ စောမြချို့နှင့်ပန်းမိုးတို့သည် ဘုရားကို



အရင်သွား၍ ဆီမီးပန်း ပူဇော်ကြသည်။ ဘုရားကအပြန်တွင် ပွဲဈေး လျှောက်ကြ၏။

မင်းတက်ပြင်ရွာမှာ ရွာကြီးဖြစ်သည့်အပြင် ပန်းမိုးတို့တောင်ပေါ်ဒေသ၌ တန်ခိုးကြီးဘုရားလည်းဖြစ်သဖြင့် ရွာနီးချုပ်စပ်မှ ပွဲလာသူများနှင့် ဈေးတန်းတွင် ကျိတ်ကျိတ်တိုး စည်ကားနေသည်။

ပွဲဈေးပတ်ပတ်လည်၏ နောက်တွင် လောင်းကစားဝိုင်းတွေ အရက်ဆိုင်တွေကလည်း ပြောင်ပြောင်တင်းတင်းပင် ရောင်းနေကြ၏။ တောင်ပေါ်ဒေသဘုရားပွဲသည် ပျော်စရာကောင်းသလို စိတ်ညစ်စရာလည်း ကောင်းလှသည်။

လောင်းကစား အရှုံးအမြတ်တွေကြောင့် ရန်ပွဲ ရိုက်ပွဲတွေကလည်း တဖြိုးဖြိုးဖြစ်တတ်သည်။ ထို့ကြောင့်လည်း ပွဲကြပ်ရန် တာဝန်ယူရသော ဆရာကို ဘုရားလူကြီးများရှိသော မဏ္ဍပ်ထဲဝင်သွားသည်ကို မြင်လိုက်ရ၏။

တောင်ပေါ်ဒေသ၏ ဘုရားပွဲဈေးတန်းဆိုသည်မှာလည်း ဆံညှပ်ကလစ်၊ ဘီး၊ အပ်၊ အပ်ချည်လုံး၊ သနပ်ခါး၊ နံ့သာဖြူနီ၊ ပေါင်ဒါဘူး၊ မှန်၊ နားဆွဲ၊ မြင်းဆွဲခြူ၊ ခလောက်၊ ကြေးသွန်းရုပ်၊ ပန်လက်ကောက်၊ လက်ကိုင်ပဝါ၊ ခေါင်းလိမ်းဆီ၊ ရေမွှေးအပေါစား၊ အထည်အလိပ်အညံ့စား စသည်တို့နှင့် ဘာယဆေး၊ တိရစ္ဆာန်အရိုး၊ အရေခွံ၊ အစွယ်၊ သည်းခြေ၊ လက်သည်း၊ ခြေသည်းတွေနှင့်သာ ရှုပ်ရှက်ခတ်နေ၏။

ဈေးမှာလည်း မြို့မှာလိုမသက်သာသဖြင့် မြို့ကျောင်းနေရသူ ပန်းမိုးမှာ ကုန်သည်တို့ကို စိတ်မဝင်စားပေ။ ထို့ကြောင့်လည်း ပွဲဈေး



www.burmeseclassic.com

www.burmeseclassic.com



ကိုလှည့်ပတ်၍ အများနည်းတူ လျှောက်နေရသော်လည်း ဈေးထဲက ပစ္စည်းတွေကိုတော့ ဘာမှမဝယ်မိ။

"ဟော. . . ပွဲဈေးလျှောက်နေကြလို့ ကိုယ့်နေရာ သူများလုသွားအုံးမယ်နော် ယုန်ဖြူမလေး"

ဆရာက ပန်းမိုးတို့ကို ဈေးတန်းထဲ တွေ့သဖြင့် နောက်၏။

ဆရာ့နောက်နားတွင် ကျန်းမာရေးမှူးနှင့် ဆရာမတစ်ယောက်ကလည်း ဆေးသေတ္တာလေးဆွဲပြီး ပါလာသည်။

"ဆရာ. . . ဆရာမ. . . ဒါ ကျွန်တော်တို့ရွာ၊ ကျွန်တော်နေတဲ့အိမ်က လူတွေပါ. . . ဒေါ်ဒေါ် ဒါ မင်းတက်ပြင် ကျန်းမာရေးဌာနက ဆရာ ဆရာမတွေပါ"

ကျန်းမာရေးမှူးဟု ထင်ရသူနှင့် ဆရာမကပြုံး၍ အသိအမှတ်ပြုကြသည်။

ပန်းမိုးတို့ကလည်း အားလုံးကိုပြုံး၍ ဈေးတန်းထဲ လမ်းမတွင် ခဏရပ်နေမိကြသည်။

"ယုန်ဖြူမလေး ရှူဆေး ယူဦးမလား"

ဆရာက ထမီအပြာ အင်္ကျီအဖြူနှင့် ကျန်းမာရေးဆရာမဘက်လှည့်ကြည့်၍ပြောသည်ကို ပန်းမိုးက ခေါင်းခါပြလိုက်သည်။

"အဒေါ် ယူမဦးလား"

ဆရာမက အမေ့ကို ပြောသောအခါ အမေက အားနာပါးနာ ရှူဆေးရည်နှင့် စိမ်ထားသော ဂွမ်းစတစ်ထွေးကို ယူထားလိုက်၏။

"ကဲ ကျွန်မတို့ကို ခွင့်ပြုပါဦး"

"အားလုံးပဲ သွားမယ်နော်. . . စောမြချိုလေး မင်းအပြန်မှာ





ကျားရိုးဘွေ့ ဝယ်သွားကွ၊ မင်းတို့မြို့မှာ ဒါတွေရှိတာမဟုတ်ဘူး"

ဤနေ့၌ ဆရာသည် အတော်ပျော်နေပုံရ၏။ စောမြချိုကိုရော ပန်းမိုးကိုပါ နောက်ရွှမ်းပြီး ကျန်းမာရေး ဆရာ ဆရာမတို့နှင့်အတူ ဈေးတန်းထဲက ထွက်သွားကြသည်။

ပန်းမိုးတို့သည် ပွဲထဲရှိ မိမိဖျာခင်းထားရာသို့ ပြန်လာကြ၏။

ရုပ်သေးပွဲကြိုက်တတ်သော အမေနှင့်ပန်းမိုးတို့က ပွဲစထွက်ပြီးဆိုကတည်းက အပြင်ကို လုံးဝမထွက်ကြတော့ပေ။ လောင်းကစားဝါသနာပါသော အစ်ကိုကြီးထွန်းနှင့် စောမြချိုတို့ကတော့ ပွဲဈေးတန်းအပြင်ဘက်သို့သွား၍ အံစာဝိုင်းထိုင်နေကြသည်။

မင်းတက်ပြင်ရွာ ဘုရားပွဲတွင် ကပြသောရုပ်သေး 'ပဒုကုသလ' ဇာတ်ပြီးခါနီးမှ ဆရာ၊ စောမြချိုနှင့် အစ်ကိုကြီးထွန်းတို့ ပြန်ရောက်လာကြသည်။

အချိန်မှာလည်း နံနက်ဝေလီဝေလင်းရှိနေလေပြီ။ ဇာတ်စင်ကို ကျော်ကြည့်လျှင် အရှေ့မိုးကောင်းကင်တွင် ရောင်နီတို့ ဖျို့အန်လာသည်ကို မြင်နေရ၏။

"ကဲ ကိုထွန်းမောင် ပွဲပြီးရင် ခင်ဗျားတို့ ဒေါ်ဒေါ်တို့ပြန်နှင့်ကြနော်. . . ကျွန်တော်တော့ ဒီ. . ."

"ဆရာ မပြန်ဘူးလား ဆရာ"

စောမြချိုက ဆရာ့စကားကို ဖြတ်မေးသည်။

ပန်းမိုးကတော့ မျက်လုံးဝိုင်းဝိုင်းကြီးနှင့် ဆရာ့မျက်နှာကို ငေးကြည့်နေမိသည်။

"ဆရာ ဒီဘုရားပွဲမှာ သုံးနေ့ သုံးည တာဝန်ယူထားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွယ်. . . မင်းတို့ပဲ ပြန်ကြဟုတ်လား. . . ညနေ ပွဲလာတော့မှ ထပ်တွေ့ကြတာပေါ့"

ဆရာပြောသည်မှာ အမှန်ပင်ဖြစ်သည်။

ပွဲတော်ရက် သုံးညတွင် ဆရာ့ကို ခဏတဖြုတ်သာ တွေ့ကြရသည်။

တပေါင်းလဆုတ် တစ်ရက် ဘုရားပွဲအပြီး၊ ဇာတ်ပွဲအပြီး နောက်ဆုံးည ပွဲကြည့်ပြီး၍ ရွာကို လှည်းနှင့်ပြန်လာကြရာ၌ပင် ဆရာသည် သာစည်မြင်ရွာသို့ ပြန်လိုက်မလာအားသေး၊ ပွဲပြီးသွားပြီဖြစ်သော်လည်း ကူညီလုပ်ကိုင်စရာ ကျန်သေးဟုပြောပြီး မင်းတက်မြင်ရွာ၌ ကျန်နေရစ်သည်။

နောက်ဆုံးညဖြစ်သဖြင့် ပန်းမိုးတို့သည် နေထွက်တပျိုမှ ရွာသို့ပြန်လာကြသည်။

ပွဲတော်၏ နောက်ဆုံးည နံနက်ထတွင် ဈေးသည်တွေက ဈေးလျှော့ရောင်းသည်ဟု အမေက ကရမက်နံ့သာဖြူတွေ ရှာဝယ်သည်။

လှည်းပေါ်တွင် ဆရာလည်း ပါမလာသဖြင့် ပန်းမိုးရင်ထဲ ဟာနေသည်။

ပွဲဈေးတန်းမှ ထွက်လာသောလှည်းက တောစပ်နားရောက်သောအခါ ပန်းမိုးသည် ပွဲခင်းထဲ ပြန်လှည့်ကြည့်မိသည်။

ဈေးသည်တွေက ပြန်ကြတော့မည် ဖြစ်သဖြင့် ထုပ်ပိုးပြင်ဆင်နေကြသလို အနီးနား ရပ်နီးနားမှ ပွဲလာကြည့်ကြသူတွေကလည်း ကိုယ့်အိမ်ကိုယ့်ရွာရှိရာ အရပ်ရှစ်မျက်နှာကို ထွက်ခွာနေကြသည်။





သုံးရက် သုံးည စည်ကားခဲ့သော ဤရွာ၊ ဤကွင်းပြင်ကြီးသည် ဤနေ့ညတွင် ဆိုင်းသံ၊ ပုံသံ၊ လူသံ သူသံတွေတိတ်၍ ဆိတ်ငြိမ်စွာ ကျန်ရစ်ခဲ့လေသည်။

သူများတွေတော့ မပြောတတ်၊ မိမိရွာသို့ပြန်လာရသော ပန်းမိုး၏ရင်ထဲမှာ မဟာစဖူး ဟာနေလေသည်။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)



ကျောင်းပြန်ဖွင့်ခါနီး၍ မြို့ကိုပြန်ရတော့မည်ဆိုသော နေ့ကျမှ ဆရာ့ခုံပေါ်တွင် တင်ထားသော ကိန္နရီ ကိန္နရာ အရုပ်ကလေးနှစ်ရုပ်ကို ပန်းမိုး အလေးဂရုပြု၍ ကြည့်မိသည်။

ထိုအခါ ဤအရုပ်ကလေးနှစ်ရုပ်ကို ဆရာယူလာသော ညနေကို အမှတ်ရနေမိသည်။

တပေါင်းလဆုတ် တစ်ရက်နေ့ ညနေ။

မင်းတက်ပြင်ရွာ ဘုရားပွဲပြီး၍ မနက်ကလှည်းနှင့် ရွာကို ပြန်လာကြသော ပန်းမိုးသည် ညက အိပ်ရေးပျက်လာသဖြင့် တစ်နေ့လုံး အိပ်နေမိ၏။





ညနေကျမှ အိပ်ယာက ထ၏။ အိပ်ရေးဝပြီးဖြစ်သော်လည်း ထိုညနေက ပန်းမိုး၏စိတ်သည် လန်းလန်းဆန်းဆန်းမရှိ။ ယခင် နှစ်ရက်သုံးရက်ညကလို ပွဲလည်း သွားကြည့်စရာမရှိသဖြင့် ရင်ထဲ ဟာနေ၏။

သူ့စိတ်ထဲမှာ ပွဲစွဲသွားပြီးလား မသိ။ ညတိုင်း ပွဲပဲ ဆက်ကြည့်ချင်နေ၏။ ယနေ့ည ပွဲမရှိသောအခါ စိတ်ထဲမှာ တနုံ့နုံ့ ခံစားနေရသည်။

အိမ်ရှေ့တမာပင်အောက်တွင် တစ်ယောက်ထဲထိုင်ကာ လေဝေ့တိုင်း တရွက်စီ တရွက်စီ လေထဲလွင့်ပါ ကြွေသွားသော တမာရွက် ဝါဝါတွေကို အဓိပ္ပါယ်မဲ့ ငေးကြည့်နေမိသည်။

"ကြက်ကလေး ကြက်ကလေးတွေနော် နှင်းမိအုံးမယ်"

ညနေကျမှ အိမ်သို့ပြန်လာသော ဆရာက ပန်းမိုးအိပ်ရေးမဝပဲ ငေးငိုင်နေသည် အထင်နှင့်စသည်။

ဆရာ့အသံကြောင့် ပန်းမိုးက ဆရာ့ကိုပြုံးပြလိုက်၏။

"တပွေ့ပွေ့ တပိုက်တပိုက်နဲ့ ဘာထုပ်လဲ ဆရာ"

ဆရာ့လက်ထဲတွင် စက္ကူနှင့် တရိုတသေ ထုပ်ယူလာသော အထုပ်တစ်ထုပ်ကို မြင်ရသဖြင့် ပန်းမိုးက မေးလိုက်မိ၏။

"ဩော် . . . ဒါလား၊ တောင်ပေါ်သားတွေ များဖယောင်း ဖြူပုံစံနဲ့ သွန်းလုပ်ရောင်းတဲ့ ကိန္နရီ ကိန္နရာ ကြေးသွန်းရုပ်လို့ ပြောတာဘဲ"

"ဘယ်က ရလာလဲ ဆရာ ဝယ်လာတာလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ မင်းတက်ပြင်ရွာက ဆ-ဆရာ



www.burmeseclassic.com

www.burmeseclassic.com



အေးအဲ့ မိတ်ဆွေတစ်ယောက်က ပေးလိုက်တာ ဖွင့်တောင် မကြည့်မိသေးပါဘူး"

ဆရာပြောတုန်းက တောင်ပေါ်သားတွေ ပျားဖယောင်းဖြူ ပုံစံနှင့် သွန်းလုပ်ရောင်းချသော ကိန္နရီ ကိန္နရာရုပ်တွေကို ဘယ်လိုမှ စိတ်မဝင်စားမိပေ။

တောင်ပေါ်ဒေသတွင် ရှိကြသော ကျောက်ဆစ် ပန်းပုထုသမား အချို့သည် ကြေးနီကို လုံးကြီးကြီးနှင့် အရည်ကြိုကာ ပျားဖယောင်းဖြူကို ပုံစံလုပ်၍ မြင်း နွားတို့တွင် ဆွဲဆင်သော ခြူ ခလောက်၊ ခြူချင်းနှင့် ထွေထွေရာရာ အရုပ်ကလေးတွေ သွန်းလုပ်ပြီး ဘုရားပွဲတော်တွေမှာ ရောင်းချတတ်ကြလေသည်။ ဤသည်တို့ကို ငယ်စဉ်ကပင် မြင်ဖူးနေသော ပန်းမိုးသည် ဆရာပြောစဉ်က ထူးထူးခြားခြား စိတ်မဝင်စားပါ။

အမှန်က ပန်းမိုးသာမဟုတ် တောင်ပေါ်သားအားလုံးတို့သည် မည်မျှအနုပညာ အတတ်ပညာ လက်ရာမြောက်သည်ဖြစ်စေ ကိန္နရီ ကိန္နရာနှင့် တွေ့ရာကမှာ မြင်းရုပ် နွားရုပ် လူရုပ် ငှက်ရုပ်တွေထက် သူတို့ဘဝတွင် လက်တွေ့အသုံးကျသော ခြူခလောက် ခြူချင်းလောက်ကိုသာ ဝယ်လေ့ ဝယ်ထရှိလေသည်။

ကိန္နရီ ကိန္နရာရုပ်ဆိုသည်ကို သူ့တို့က လုံးဝ စိတ်မဝင်စားကြပေ။ ထိုအရုပ်ကလေးတွေကို အလှပြခုံပေါ်တင်၍ ကိုးကွယ်ထားရန် နေ့စဉ် နေ့တိုင်း တိုက်ဟယ် ချွတ်ဟယ် ဆေးကြောသုတ်သင်ဟယ် လုပ်ရန်လည်း သူတို့တွေက အချိန် မအားကြသူတွေပင်။ ထို့ကြောင့်လည်း သူတို့သည် ကိန္နရီ ကိန္နရာရုပ်ကို စိတ်ဝင်စားမှု မရှိကြပေ။





တောင်ပေါ်သား ပန်းပုဆရာတွေ ပျားဖယောင်းဖြူ ပုံစံနှင့် ဖြစ်ကတတ်ဆန်း သွန်းလုပ်ထားသော ကြေးရုပ်ဟု ဆိုသော်လည်း ကိန္နရီ ကိန္နရာရုပ် နှစ်ရုပ်မှာ ယခု ယနေ့မှ ဒေါတော်အသက်ဝင်လှုပ်ရှားနေကြသည်ဟု ပန်းမိုးက ထင်မိ၏။ ကြည့်ယင်း ကြည့်ယင်းနှင့်ပင် ကိန္နရီ ကိန္နရာရုပ်ကလေးတွေကို ပန်းမိုးစိတ်ထဲက တပ်မက်လာမိ၏။

ထို့ကြောင့်လည်း မြို့မပြန်ခင်တစ်ညမှာ ဆရာ့အခန်းထဲရှိ ခုံပေါ်က ကိန္နရာရုပ်တစ်ရုပ်ကို ပန်းမိုးက အမှတ်တရ မြို့ယူသွားမည်ဟု ဆရာ့အခန်းထဲက ခိုးထုတ်လာပြီး သူ့အခန်းထဲရှိ ခုံပေါ်မှာ တရိုတသေ တင်ထားလေသည်။

ညနေစာ ထမင်းစားပြီး၍ စာကြည့်ချိန်တွင် သူ့အခန်းထဲက ကိန္နရာရုပ်တစ်ရုပ် ပျောက်နေသည်ကို တွေ့ရသော ဆရာသည် ယခင်က အရုပ်ကားတွေ ခိုးတတ်သော ပန်းမိုးကို အတတ်စွဲ၍ ပန်းမိုးအခန်းထဲ ဝင်လိုက်လာ၏။

"ဒီ ကိန္နရာရုပ်က ဘာလုပ်မလို့လဲ ယုန်ဖြူမလေးရယ်"

ဆရာ့အခန်းထဲက ယူလာတာလေ၊ အမှတ်တရ မြို့ကို ယူသွားချင်လို့"

မရဲသော်လည်း ပြေးခဲစေဟူသော စာဆိုအရ ဤစကားကို တော့ ပန်းမိုးက ရဲရဲပင်ပြော၏။

"ကိန္နရီ ကိန္နရာရုပ်ဆိုတာ အစုံထားရတယ်ကွဲ့၊ ယုန်ဖြူမလေးရယ်၊ တစ်ရုပ်စီခွဲထားလို့ ဘယ်သင့်တော် မလဲ"

"ဟင်. . .ဘာဖြစ်လို့လဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကိန္နရီ ကိန္နရာဆိုတာက သိပ်သံယောဇဉ်ကြီးပြီး ချစ်ကြတာ။ ခွဲထားတော့ တစ်ယောက်ကိုတစ်ယောက် လွမ်းလို့ ငိုနေကြမှာ စိုးလို့ပါ"

"ရှင်. . . ကိန္နရာရုပ်တွေက ခွဲထားရင် ငိုနေကြမယ်တဲ့လား ဆရာ"

"ဟုတ်တယ်လေ"

လသာနေသော အပြင် အဝေးမိုးကောင်းကင်ပေါ် ပြတင်းတံခါးမှ ကျော်ကြည့်၍ ဆရာက တည်တည်ငြိမ်ငြိမ်နှင့် ဆို၏။

"ချစ်ကြတဲ့လူတွေဆိုတာ ဟုတ်မှာပဲနော် ဆရာ"

"ဟုတ်တာပေါ့ ယုန်ဖြူမလေးရယ်. . . ကိန္နရီ ကိန္နရာဆိုတာ တညတာ ကွဲကြတာကိုတောင် နှစ်ပေါင်းခုနစ်ရာ ငိုကြတယ် ဆိုမှတ်လား . . တွင်းသင်းမင်းကြီးရဲ့ ဘလ္လာတိယပျို့ ယုန်မဖြူလေး မဖတ်ဖူးဘူးနဲ့တူတယ်. . ."

ကိန္နရာရုပ်ကလေးကို တရိုတသေ မြှောက်ကြည့်၍ ဆရာက ဆိုပြန်၏။

"ဟုတ်. . . ဟုတ်ကဲ့ဆရာ. . . ပန်းမိုး မဖတ်ဖူးပါဘူး"

ပန်းမိုး၏အဖြေကိုကြားရသောအခါ ဆရာက ပန်းမိုး၏ မျက်နှာကို စေ့စေ့ကြည့်၍. . .

"နတ်ရှင် ပသို့၊ ဆိုတို့ သနည်း၊ မိညက်ကြီးနှင့်၊ တလည်း မြေလောင်း၊ ချောင်းခြားလေထ၊ ရွှေမဆွက၊ တညရှံသာ၊ ကွဲကြတာကို၊ ခုနစ်ရာနှစ်၊ တိုင်ရောက်လစ်အောင်၊ နွံ့ရစ်လည်ယှက်၊ တင်ထက် ထင်ထား၊ လွမ်းအား တက်လျှမ်း၊ ဖက်ရမ်း ကြိမ်ဖန်၊





ပြန်ပြန်ခေါက်တင်၊ သက်ခင်ပြတ်မျှ၊ ရှုတတိမ်းမူး၊ ငိုကြွေးဖူးလျက်" တဲ့။

ဆရာ့စာပုဒ် ဆုံးသွားသည်အထိပင် ပန်းမိုးကလည်း ဆရာ့ မျက်နှာကိုသာ စိုက်ကြည့်နေမိ၏။

"တညရှံသာ ကွဲကြတာကို အနှစ်ခုနစ်ရာတောင် ငိုကြတယ်ဆိုတော့ ဆရာ့စကား ဆိုလွန်းလှချေကလား ဆရာ. . ."

"ဆရာက ဆိုတာမဟုတ်ဘူး. . . တွင်းသင်းမင်းကြီးက ဆိုတာပါ၊ သူက ဆက်တောင်ဆိုထားသေးတယ်. . ."

"မိုးပြင်းကစွေ၊ လေပြေကဆမ်း၊ ဆွတ်ကာ ရွှမ်းသော်၊ နှောင့်လွမ်းပူဆွေး၊ ကြိုးနှယ်ထွေးခဲ့၊ ပြေးလည်းမလျှင်၊ ကောင်းကင်မိုးယံ၊ ပျံလည်းမတက်၊ တဆွတ်ဆွတ်နှင့်၊ တိမ်းညွတ်ခွေကာ၊ မယ့်နေရာသို့၊ ရောက်ပါ ခလို၊ လွမ်းတင်းဆိုလျက်၊ ပြာညို့ညက်ခင်၊ ဆွေမမြင်၍၊ နွံ့ပင်ခေါက်ချိုး၊ မရွှင်နိုးသည်၊ လွမ်းမျိုးတသောင်း ပြည့်ခဲ့ပြီတဲ့"။

ဆရာ့စာပုဒ် မဆုံးခင်ကပင် ပန်းမိုး၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်စတို့က ဝိုင်းနေကြလေပြီ။ ခေါင်းငုံ့နေသော ပန်းမိုး၏ ရှိုက်သံသဲ့သဲ့ကို ကြားလိုက်ရသောအခါ ဆရာ့မှာ ထိတ်ထိတ်ပြာပြာ ဖြစ်သွားလေသည်။

"ဟော. . . ယုန်ဖြူမလေးက ငိုနေတယ်. . . ဘာလို့ ငိုရတာလဲကွယ်"

ဆရာက ပန်းမိုး၏ မေးဖျားလေးကို လက်ဖြင့် ဖေးမ၍ မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"တိန္နရီ ကိန္နရာတွေကို သနားလို့ပါ ဆရာ"

"ယုန်ဖြူမလေးကလဲကွယ်. . . မျက်ရည်လွယ်တာ လွန်ပါရော၊ တစ်ညကွဲကြရုံနှင့် နှစ်ပေါင်းခုနစ်ရာ ငိုကြတယ်၊ လွမ်းမျိုးတစ်ထောင်ဖြည့်အောင် ဆွေးကြတယ်လို့ဆိုတာ တကယ်တော့ဟုတ်ချင်မှ ဟုတ်ပေမပေါ့၊ စာဆိုရှိတာကိုသာ ဆရာက ပြောတာပါ။ စာပေဆိုတာက ဥပမာ ဥပမေယျတွေနဲ့ တင်စားပြီး ဖွဲ့ဆိုခဲ့ကြတာတွေလဲ ရှိတယ် မှတ်လား"

အမှန်က ပန်းမိုးအနေမှာ ကိန္နရီ ကိန္နရာတွေကို သနား၍ ငိုမိသလို ဆရာနှင့်ခွဲ၍ ပြန်ရမည့်အရေးကိုလည်း လွမ်းတာကပါပါ၏။

ဤသည်တို့ကို မသိသော ဆရာကတော့ သူ့စကားသူဆက်ပြောနေ၏။

"ဥပမာ ဓော်ရွက်တွေ ညှာခွေလို့ လေပွေရူးရူး နွေမူးမူးမှာ သဲ့သဲ့ကြွေလွင့်နေတဲ့ ရွက်ဝါတွေကိုကြည့်ပြီး စာဆိုက လွမ်းစရာဆွေးစရာ ကြေကွဲစရာကောင်းအောင် ဒီလိုမှ မဟုတ်ရင်လဲ မမြဲတဲ့ သင်္ခါရသဘောတရားတွေကို စာဖတ်သူတွေ ထင်မြင်လာအောင် တရားမွေ့ပြီး ရသတို့ ဂုဏ်တို့ ဩဇာတို့ပါအောင် ဖွဲ့ဆိုရတာ မဟုတ်လား။ အဲသလို အပိုအဆာ အစာလေးတွေ ပါမှလဲ ဖတ်ရှုရှုတ်ဆိုကောင်းသလို မှတ်သားဖွယ် ဆင်ခြင်ဖွယ် တရားသံဝေဂ ရစရာတွေလဲ စာပေတွေထဲမှာ ပါလာတာချည်းပါပဲ ယုန်ဖြူမလေးရယ်"

ဆရာ့စကားဆုံးသွားသောအခါ ပန်းမိုးက မျက်လုံးဝိုင်းဝိုင်း





ကြီးနှင့် ဆရာ့မျက်နှာကိုသာ မော့ကြည့်၍ အဖြေတစ်ခုခုကိုရှာနေမိ၏။

သို့သော် ဆရာ့မျက်လုံးအစုံကမူ ပြတင်းတံခါးမှကျော်၍ ရွက်ဝါတွေ တသဲ့သဲ့ကြွေကျနေသော တမာပင်ကြီးဆီသို့သာ လှမ်းကြည့်ငေးမောနေ၏။

ဆရာ့မျက်နှာကို မြင်ရသည်မှာ တကယ်ပင် တရားမွေ့သဘောကို ဆင်ခြင်တွေးတောနေသလား ထင်မိသည်။

"ဆရာ"

ပန်းမိုး၏ တိုးတိုးသာသာခေါ် လိုက်သံက တိတ်ဆိတ်ငြိမ်သက်နေခြင်းကို ရုတ်တရက် လှုပ်နှိုးလိုက်သည်သို့ပင်။

"ဘာလဲဟင်. . . ယုန်ဖြူမလေး. . ."

"ဆရာ့ ကိန္နရာရုပ်ကို ပန်းမိုး ပြန်ထားပေးမယ်နော်. . ."

"မထားနဲ့. . . မထားနဲ့။ ဆရာက ယုန်ဖြူမလေးကို ချစ်လို့ ကျီစားပြောတာပါကွယ်. . . ဆရာက ဒီကိန္နရာရုပ်ကို ယုန်ဖြူမလေးအတွက် လက်ဆောင်ပေးပါတယ်နော်. . . သေသေချာချာ သိမ်းထား ဟုတ်လား။ ဆရာကလဲ ကျန်တဲ့ ကိန္နရီရုပ်ကလေးကို သေသေချာချာ သိမ်းထားမယ်လေ"

ဤတစ်ခါတော့ ပန်းမိုးက ဆရာအား မည်သည့်စကားကိုမှ ပြန်ပြောမနေတော့ပဲ ကြည်နူးဝမ်းသာမှုအပြည့်နှင့် ခေါင်းကလေးညိမ့်၍သာ ပြလိုက်မိတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

တစ်နှစ်။

နှစ်နှစ်။

သုံးနှစ်။

ဝသန်ဦးပေမို့၊ တိမ်ဖူးငယ် တိမ်လွှာ၊ လျှပ်ပန်းငယ်ဖြာသည်ဆိုသော ဝသန်ရာသီ မုတ်သုန်တေးကလည်း အဖန်ဖန် ကျူးရင့်ခဲ့ပြီ။

တဖန် ငွေပုလဲလိုပ စွဲသဲငယ်နှင်းမြူ. . . လေညှင်းငယ်ကူသည် ဆွေကင်းသူဝို ငိုမဲ့ငယ်လို့ ဆိုခဲ့တဲ့ ပုဏ္ဏာန်ကို ချမ်းဆောင်းဟေမန်လည်း အဖန်ဖန် အကြိမ်ကြိမ်ရောက်ခဲ့လေပြီ။

နွေဦးမှ ဂိမာန်၊ တောတောင်တလီ မည်သရီနှင့် ကတ္တီပါပေါင်း ရွက်သစ်ကယ်လောင်း ရွက်ဟောင်းတွေပျံလို့ ဖူးတံမှဝေဝေ။ အင်ကြင်းသရဖီ ပန်းစုံစီနှင့် သိင်္ဂီရောင်သွေး ကြိုင်ကြိုင်ငယ်မွှေးလို့





ဆိုသော နွေရာသီတွေ အထပ်ထပ်ကိုလည်း ကျော်လွန်၍ လာခဲ့ပြီ။

ခါတိုင်းနှစ်တွေမှာ ပန်းမိုးစာမေးပွဲပြီးချိန်ကိုမှန်း၍ ဆရာမြို့ကို ရောက်လာတတ်သည်။ ပန်းမိုးက ဆရာနှင့် ရွာကိုပြန်လိုက်ရ၏။

သည်နှစ်မှာတော့ ဆရာက ပေါ်မလာ။ စာမေးပွဲဖြေပြီးသွားသည်မှာ ရက်သတ္တတပတ်ပင် ရှိသွားလေပြီ။ ပန်းမိုးကို ခေါ်ရန်ဟု အကိုကြီးသာ မြို့ကိုရောက်လာသည်။ အစ်ကိုကြီးထွန်းက ဆရာလူမှုရေးလုပ်ငန်းတွေ များနေသည်ဟု ဆို၏။

"ဒီတစ်ရက် နှစ်ရက်ကလေးတောင် မလာအားရအောင် ဘာများ ဒီလောက် အရေးကြီးကိစ္စတွေ လုပ်နေလို့လဲ. ."

ဆရာ့ကို မကြေနပ်ချက်နှင့် အစ်ကိုကြီးကိုပါ စူမိ ဆောင့်မိ၏။

"ဟ. . . ဒါတော့ ငါလဲ မသိဘူး. . . ရပ်ရေး ရွာရေး၊ မင်းတက်ပြင်မှာ အလယ်တန်းကျောင်းရရေး ကျန်းမာရေးဆေးခန်းက ခွေ့မရလို့ဖြစ်နေလို့ မင်းတက်ပြင်မှာ ကျန်းမာရေးဆေးခန်းတည်မြဲရေး၊ ပြီးတော့ နွေရာသီ ကျောင်းပိတ်ရက်မှာ ရှေးဦးသူနာပြုရက်တိုသင်တန်း အသုံးလုံးဆိုလား ဘာလားရှုပ်နေတာပဲ၊ နင်တို့ဆရာက တစ်ခါတစ်ခါ မင်းတက်ပြင်က ရွာတောင်မပြန်ဖြစ်ဘဲ သုံးလေးရက် ပျောက်ချင် ပျောက်နေတတ်တာ. . ."

အစ်ကိုကြီးက ဆရာ့အကြောင်း တစွန်းတစကို ပြောပြသည်။

ပန်းမိုးစိတ်ထဲက ဆရာ့ကို ရန်တွေ့နေမိသည်။

ဤသည်မှာလည်း အစ်ကိုကြီးထွန်းနှင့် ရွာသို့လိုက်ပါသော



www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်းလုံးပင်။ ပြီး . . ဆရာပေးထားသော ကိန္နရာရုပ်ကိုလည်း မကြေနက်ချက်ဟူသမျှ ဆရာ့ကိုယ်စား ပြောကြားလာမိသည်။

"ယုန်ဖြူမလေး. . ဘယ့်နယ်လဲ၊ စာမေးပွဲ ဖြေနိုင်ခဲ့ရဲ့လား. . ."

နှစ်တိုင်း မေးနေကျ မေးခွန်းကို ဆရာက ပန်းမိုးကိုမြင်သည်နှင့် မေး၏။

ဤမေးခွန်း မေးဖို့ကိုတော့ ဆရာက မမေ့သေးပေ။

"ဟုတ်ကဲ့၊ ဖြေနိုင်ပါတယ် ဆရာ. . ."

"အေး . . ဆရာ ဝမ်းသာပါတယ်ကွယ်. . . အောင်ပါစေလို့လဲ ဆရာ ဆုတောင်းပါတယ် ယုန်ဖြူမလေးရယ်. . ."

ဆရာ့အသံသည် ဤနှစ်မှာ ပြောင်းလဲနေသလား ထင်မိသည်။

ခါတိုင်းနှစ်တွေက မေးနေကျ မေးခွန်းပင်ဖြစ်သော်လည်း။ ဤနှစ်မှာ ဆရာ့အပေါ်ကို ပန်းမိုးက မကျေနပ်ချင်။

အကြောင်းတစ်စုံတရာများ ရှိလေလားဟုလည်း ပန်းမိုးက တွေး၏။

မည်သို့ဆိုစေ ခါတိုင်းနှစ် ဆရာ့အသံနှင့်တော့ မတူဟု ပန်းမိုးက အတတ်စွဲထားသည်။

"ကြိုးစား. . . ယုန်ဖြူမလေးရယ်၊ ကြိုးစား. . . ကြိုးစား. . . ယုန်ဖြူမလေးတို့ တောင်ပေါ်ဒေသတွင်မှာ ဆရာ မရလို့၊ ဆရာမြို့ပြန်သွားတာ ပြန်ပေါ်မလာလို့၊ ဆရာက ရွာကိုရောက်တာဖြင့် တစ်လ နှစ်လပဲရှိသေးတယ်. . . ပျင်းလို့ ပြန်သွားပြီဆိုတဲ့၊ ဒီဆရာ





ပြဿနာက ယုန်ဖြူမလေးတို့ ဆရာဖြစ်လာမှ အလိုလိုပြေလည်သွားမှာ. . ."

ဤစကားကိုတော့ ဆရာက တက်တက်ကြွကြွပင် ဆိုသည်။

သို့သော်. . . ဆရာ့စကားကို ပန်းမိုးက မကြေနပ်မိ။

ခါတိုင်းနှစ်တွေမှာ စာမေးပွဲဖြေပြီးရက်ကိုမှန်း၍ မြို့ကိုရောက်လာတတ်သော ဆရာသည် ဤနှစ်မှာ မရောက်လာခဲ့။

အမှန်က ဤတစ်ခုထဲမဟုတ်။ ခါတိုင်းနှစ်တွေမှာ ပန်းမိုး၏ စာမေးပွဲ အဖြေလွှာ စာရွက်များနှင့်အတူ ပန်းမိုး၏ ဖြေကြားခဲ့ပုံ ဘာသာစုံတွေကို တစ်ဘာသာ တစ်ဘာသာစီ စစ်ဆေးကြည့်တတ်သော ဆရာသည် ဤနှစ်မှာ မေးခွန်းပုစ္ဆာတွေကိုပင် တောင်းမကြည့်တော့။

"ဆရာ့စိတ်သည် တစ်စုံတစ်ခုကြောင့် ပြောင်းလဲနေပြီလား. . .

သည်အတွေးက ပန်းမိုး၏ စိတ်ကို များစွာပူလောင်စေလေသည်။

တစ်ခုတော့ ရှိသည်။ သည်နှစ် ပန်းမိုးဖြေထားခဲ့ရသော အတန်းကို ဆရာသည် အောင်မြင်ဖူးသူ မဟုတ်။

ထို့ကြောင့် မေးခွန်းတွေ အဖြေတွေကို သေသေချာချာ စိစစ်မပေးခြင်းပေလား။

မည်သို့ဆိုစေ၊ ဆရာ့အသွင်နှင့် ဆရာ့စကား၊ ဆရာအသံကို ကြားရလျှင်တော့ ပန်းမိုးမှာ ကလေးငယ်တစ်ပေါက်လို



www.burmeseclassic.com

www.burmeseclassic.com



ပျော်မြူးရ၊ ရွှင်ပြရမြဲပင်တည်း။

ပန်းမိုးဘဝသည် တောကျောင်းမှ မြို့ကျောင်းအဆင့်ဆင့် ပြောင်းလာခဲ့ရသော်လည်း၊ ဆရာ၏ဘဝကား ဘာမှမပြောင်းလဲသေး။ တောရွာဇနပုဒ်မှ စာသင်ခန်းကလေးထဲတွင် ကလေးသူငယ်များနှင့် ဆရာက မွေ့လျော်ပျော်ပိုက်နေတုန်းပင်တည်း။

ထို့ကြောင့်လည်း ဤနှစ်မှာ ပန်းမိုးက ဆရာ့ကို သွေးတိုးစမ်းလိုသဘောနှင့် စကားဆိုမိ၏။

"ဆရာက ဒီလိုပဲ သူများကလေးတွေနဲ့ တစ်သက်လုံးနေသွားတော့မှာလား ဆရာ။ အိမ်ထောင်လေး ဘာလေးကော ပြုဖို့ စိတ်မကူးသေးဘူးလားဟင်. . ."

မျက်နှာက ပြုံးထားသော်လည်း ပန်းမိုး၏ မဝံ့မရဲ အမေးစကားကြောင့် ဆရာသည် ရုတ်တရက် တွေသွားသည်။

"အချိန်တန် အရွယ်ရောက်လာယင် အိမ်ထောင်ကတော့ ပြုရမှာပေါ့ ယုန်ဖြူမလေးရယ်. . . ဘယ် မပြုဘဲ နေလိမ့်မတုန်း အိမ်ထောင်မပြုကြတဲ့ ယောက်ျားတိုင်း၊ မိန်းမတိုင်းဟာ လူ့ဘဝနဲ့ သမိုင်းပေးတာဝန်တစ်ခုကို မထမ်းဆောင်ချင်ကြတဲ့ လူတွေ တစ်ကိုယ်ကောင်းသမားတွေ လူ့တာဝန်မကျေပွန်တဲ့ လူတွေလို့ပဲ ဆရာကတော့ ယူဆတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်အရွယ်ရောက်လာယင် လူတွေဟာ အိမ်ထောင်ပြုကြရမယ်၊ ဒါဟာ လူ့သမိုင်းကို နားလည်တဲ့ တာဝန်ကြေတဲ့ လူတိုင်း ထမ်းဆောင်ကြရမှာပဲ. . . ဆရာလဲ အများလူတကာလို ဇနီး မယား သမီးသားတွေနဲ့ သိုပ်နေချင်တာပေါ့. . . ဒီနေရာမှာ သတိရလို့ ပြောရဦးမယ်၊





ယုန်ဖြူမလေးရဲ့ "သင် သေသွားသော်"ဆိုတဲ့ ကဗျာလေး ဖတ်ဖူးလား မသိဘူး. . ."

"ဟင့်အင်း. . . ဆရာ. . . ပန်းမိုး မဖတ်ဖူးပါဘူး. . ."

"ဆရာက" သင် သေသွားသော်၊ သင်ဖွားရာမြေ၊ သင်တို့မြေဝယ်၊ အရှည်သဖြင့်၊ ကျန်ကောင်းသင့်၏-တဲ့"

"ဆရာ အဲဒီ ကဗျာလေးကို သိပ်ကြိုက်တာပဲ၊ ဆရာတို့အနေက တိုင်းပြည်အတွက် လူမျိုးအတွက်ရယ်လို့ ဟုတ္တိပတ္တိ အယူအဆတွေ လုပ်ဆောင်ချက်တွေ ထင်ထင်ပေါ်ပေါ် ချန်မထားနိုင်တောင် လူတွေအတွက် လူသမိုင်းရဲ့ အဓွန့်ရှည်ရေးအတွက် ကိုယ့်သွေး၊ ကိုယ့်သား ကိုယ့်ရုပ်ပွားကလေးတွေ ချန်ထားခဲ့ချင်တာပေါ့၊ အဲဒါကြောင့် အိမ်ထောင်က လူဖြစ်လာယင် ပြုကို ပြုရမယ်. . ."

"ဒီလိုဆို ဆရာက ခုဘာလို့ မပြုသေးတာလဲ ဆရာ"

"အချိန်အခါ မရောက်သေးလို့ပေါ့ ယုန်ဖြူမလေးရယ်. ."

"ဆရာ့အသက်က မငယ်တော့ပါဘူး. . ."

ဆရာနှင့်တပည့်ဟု ဆိုသော်လည်း ယခုအခါ သတ်မှတ်ချက် ပညာရပ်ကလည်း ဆရာ့ထက်ပင် ပန်းမိုးက တစ်ဆင့်မြင့်နေပြီမို့ ဤစကားကိုတော့ ပန်းမိုးက ရဲရဲဝံ့ဝံ့ပင် မေးလိုက်ရသည်။

"အချိန်ဆိုတာ အသက်ကြီးတာကို ဆရာက ပြောတာမဟုတ်ပါဘူး ယုန်ဖြူမလေးရယ်. . ဆရာ အိမ်ထောင်ပြုမယ်လို့ မှန်းထားတဲ့၊ ဘာခေါ်မလဲ ချစ်သူပဲ ဆိုပါတော့လေ အဲ. . . အဲ. . . သူကလဲ အခြေအနေပေးဦးမှကိုး. . ."

"ဆရာ အိမ်ထောင်ပြုရင် ဘယ်လိုအမျိုးသမီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ပြုမယ်လို့ မှန်းထားသလဲဟင် ဆရာ. . . ”

“ဆရာ အိမ်ထောင်ပြုယင့်. . . ”

ဆရာက ပန်းမိုးကို ပြုံးပြုံးကြီး စိုက်ကြည့်၍ ပြန်မေး၏။

ဆရာ၏ စူးစူးစိုက်စိုက်အကြည့်ကြောင့် ပန်းမိုးရင်ထဲ မခုန်စဖူး ခုန်လာမိသည်။ သို့သော် ဤတစ်ခါတော့ ပန်းမိုးသည် ဆရာ့ကို မဝံ့မရဲ မဖြစ်မိ။

ကြည်နူးနေသည်လား၊ ကျေနပ်နေသည်လား၊ ဘာရယ်ဟု မသိရသော ဝေဒနာတစ်ခု၏ လှုံ့ဆော်မှုအကူအညီနှင့် ရွှင်ပြ၍ပင် နေမိသည်။

ယင်းကြောင့်လည်း ပန်းမိုးက ဆရာ့အမေးကို နှုတ်ဖြင့် မဖြေဘဲ ပြန်ပြုံးစိုက်ကြည့်၍သာ ခေါင်းညိမ့်ပြလိုက်ရသည်။

သို့သော်. . . တစ်စုံတစ်ခု အတွေးမပြတ်ဟန်နှင့် ဆရာက တွေနေ၏ နှုတ်ဆိတ်နေ၏။

ဆရာ၏ တုန့်ပြန်စကားက စက္ကန့်အနည်းငယ်ကြာနေသည်ကိုပင် သည်းခံရမှန်း မသိသော ပန်းမိုး၏ တက်ကြွသော အမေးစကားကတော့ ထပ်ဆင့်လို့ လာပြန်သည်။

“ဟင်. . . ဆရာ၊ ဆရာအိမ်ထောင်ပြုရင် ဘယ်လိုအမျိုးသမီးမျိုးနဲ့ အိမ်ထောင်ပြုမယ်ဆိုတာ ပန်းမိုးသိချင်လိုက်တာ ဆရာ. . . ”

“ဆရာအိမ်ထောင်ပြုရင် ကျောင်းဆရာမ၊ ဒီလိုမှမဟုတ်ရင်လဲ သူနာပြုဆရာမ၊ ဝမ်းဆွဲဆရာမ၊ လူထုကို တနည်းနည်းနဲ့ တိုက်ရိုက်အကျိုးပြုနေတဲ့ အမျိုးသမီးတစ်ယောက်ယောက်နဲ့ပေါ့





ယုန်ဖြူမလေးရယ်. . ဘယ့်နှယ်လဲ. . . ”

သည်တစ်ခါတော့ ဆရာ၏စကားက သွက်လှသည်။

“ဆရာအိမ်ထောင်ပြုဖို့ ရွေးချယ်တဲ့ထဲမှာ ကျောင်းဆရာမဆိုတာတော့ ပန်းမိုးလဲ သဘောကျပါတယ် ဆရာ၊ ကျောင်းဆရာနဲ့ ကျောင်းဆရာမဆိုတော့ ပိုပြီး သင့်တော်တာပေါ့နော် ဆရာ. . . ”

“ဟင်. . . သည်လိုဆိုယင် ယုန်ဖြူမလေးလဲ ကျောင်းဆရာမပဲ လုပ်မှာပေါ့နော် ယုန်ဖြူမလေး. . . ”

ဆရာ၏ အမေးစကားက ပန်းမိုး၏ မျက်နှာကို ရုတ်တရက် ရှက်သွေးဖြာသွားစေသည်။

ဆရာ့ကို ရှက်လှသဖြင့် ဤတစ်ခါတော့ ဆရာ့မျက်နှာကို မော့မကြည့်ရဲတော့၊ ထွက်မိသော စကားအတွက် သူကရှက်သွားမိသည်။

ငယ်စဉ်တပင် သူငယ်ချင်းပမာ ခင်မင်လာသော ဆရာဟုဆိုသော်လည်း သည်တစ်ခါတော့ ပန်းမိုးက ထူးထူးခြားခြားပင် ရှက်နေမိသည်။

ရင်ထဲကလည်း တလှပ်လှပ်နှင့် ကတုန်ကယင်ကြီး ဖြစ်လာမိသည်။

ပန်းမိုးမှာ ဘာလိုဖြစ်သွားမှန်း သူ့ကိုယ်သူပင် သတိမထားလိုက်မိ၊ ခြေဖျား လက်ဖျားတွေပင် အေးအေးစက်စက် တုန်တုန်ယင်ယင် ဖြစ်ချင်လာသည်။

ဤသည်ကို ဆရာကလည်း အတတ်များ သိသွားလေသလားဟု မလုံရသူမှာ ခွေး၍ ယူရသည်က အမော။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ယုန်ဖြူမလေး ဘယ်လိုဖြစ်သွားတာလဲ. . ."

"ဟင်. . . ပန်းမိုး ဘာဖြစ်လို့လဲ ဆရာ. . ."

ပန်းမိုးက ချက်ချင်း ဘူးကွယ်သည်။ ဤသည်ကို ဆရာက သက်မ မသိမသာ ချလိုက်၏။

"ဪ. . . ယုန်ဖြူမလေး ကျောင်းဆရာမပဲ လုပ်မယ်ဆိုလားလို့ပါ. . ."

"ဟုတ်. . . ဟုတ်ကဲ့ဆရာ၊ ပန်းမိုး ကျောင်းဆရာမတော့ လုပ်ချင်ပါတယ်. . ."

ဤတစ်ခါ ဤစကားကိုတော့ ပန်းမိုး အတော်ကြီးပင် အရဲစွန့်၍ ပြောရ၏။

ဆရာက ပန်းမိုး၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေလိမ့်မည် ထင်သဖြင့် ဆရာ့မျက်နှာကိုပင် ပန်းမိုး မော့မကြည့်ဝံ့တော့ပေ။

"သူနာပြုဆရာမတို့ ဝမ်းဆွဲဆရာမတို့ကော မလုပ်ချင်ဘူးလား ယုန်ဖြူမလေးရယ်. . ."

"ဟင့်အင်း. . . မလုပ်ချင်ပါဘူး ဆရာ. . ."

"ဘာဖြစ်လို့. . ."

"သူများ အညစ်အကြေးတွေ ကိုင်ရမှာ ရွံ့ပါတယ်"

သည်လိုဆိုတော့လည်း ပန်းမိုး၏စကားက အသွက်သားပင်။

ပန်းမိုးက တကယ်ရွံရှာသလို သူကိုယ်လုံး ကျစ်ကျစ်တစ်တစ်ကိုလည်း ငရုံ့ပြာလူး တွန့်ခါယိမ်းလှုပ် ပြလိုက်သည်။

"ဟာ. . . အထက်တန်းကျောင်းသူကြီးကလဲ အတွေးအခေါ်တွေ ညံ့ပေ့ကွာ၊ ယုန်ဖြူမလေးတို့လို သူများအညစ်အကြေး





တွေဆိုပြီး ရွံနေကြရင် ဝမ်းဆွဲဆရာမတွေ၊ သူနာပြုဆရာမတွေ တောင်ရှိမှာမဟုတ်ဘူး၊ ကျောင်းဆရာမက ကလေးသူငယ်များကို ပညာစာသင်ပြပေးသလို ဝမ်းဆွဲဆရာမဆိုတာကလည်း ကိုယ်ဝန်ဆောင်အမျိုးသမီးတွေရဲ့ အသက်၊ ကလေးတွေရဲ့အသက်ကို တိုက်ရိုက်ကိုယ်ထိလက်ရောက် ကယ်တင်နေရတာပဲမဟုတ်လား. . . . ယုန်ဖြူမလေးတို့ တောင်ပေါ်ဒေသတွေမှာ တကယ့်တကယ် တတ်သိနားလည်ကျွမ်းကျင်တဲ့ ဝမ်းဆွဲဆရာမတွေမရှိဘဲ စုန်းလုပ် နတ်လုပ် ထင်ရာလုပ်နေကြလို့ တောင်ပေါ်ဒေသက သားကောင်းမိခင်တွေ၊ ယုန်ဖြူမလေးတို့ စာသင်ပေးရမယ့် နောင်တစ်ခေတ်မှာ တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုလာမယ့် လူတော်လူကောင်းလေးတွေ တစ်နှစ်တစ်နှစ် ဆုံးရှုံးရတာတွေဟာ နည်းသလား၊ ယုန်ဖြူမလေး ပြန်မလာခင် ဟိုလေးငါးရက်ကလောက်တောင် မြို့ရောက်တော့မှာ မီးမဖွားနိုင်လို့ လယ်သူမလေးတစ်ယောက် ဆုံးပါးသွားရှာသေးတယ်။ ဘယ်လောက်နှမြောစရာကောင်းလဲ၊ အဲဒီအမျိုးသမီးငယ်ဟာ မတိုင်းကောင်းတိုင်းကောင်း ယုန်ဖြူမလေးတို့ထက်တောင် ငယ်ဦးမယ်"

ဆရာ ဖြေးဖြေးသာသာပြောနေသည်ကို ပန်းမိုးသည် မျက်လုံးကလေး ကလယ်ကလယ်နှင့် မလှုပ်မရှက်နားထောင်နေရသည်။

ဆရာ၏အသံမှာ ဟိုလေးငါးရက်က ဆုံးပါးသွားသည်ဆိုသော လယ်သမငယ်အား တကယ်ပင် သနား ကြင်နာ နေပုံရသည်။ နှမြောတသနေပုံရသည်။

ဆရာ၏ ကြည်လင်ဝင်းပနေသော မျက်လုံးအိမ်အစုံထဲတွင်မှုံမှိုင်းရီဝေကာ မျက်ရည်များပင် ရစ်ဝဲလာနေသလား ထင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယုန်ဖြူမလေးတို့လို ခေတ်ပညာတတ်မိန်းကလေးတွေက စပြီး ဒီလူမှုရေးလုပ်ငန်းတွေကို ယုတ်ညံ့တယ်၊ အောက်တန်းကျတယ်လို့ ထင်နေကြရင် ဗဟုသုတနည်းပါးတဲ့ တောသူတောင်သားတွေကို ပညာပေးစည်းရုံးမှာ မခက်ပေဘူးလား။ အမှန်က ဒီအလုပ်တွေဟာ စိတ်ထားတတ်ရင် အလွန်မြင့်မြတ်ပါတယ်၊ ယုန်ဖြူမလေးရယ်. . ဆရာတို့ ယုန်ဖြူမလေးတို့ ဘုရားဟောတရားတော်ထဲမှာလည်း ရှင်ဇာကူလမထေရ်ဆိုတာ သူများတွေက အညစ်အကြေးမစင် ဘင်ပုတ်ဆိုပြီး ရွံရှာစက်ဆုတ်ကြတဲ့ အိမ်သာကျင်းကိုတူးပြီး ဆောက်လုပ်လှူဘူးတဲ့ ကျေးဇူးကုသိုလ်ကြောင့် ဖြစ်လေရာဘဝမှာ အနာရောဂါကင်းတယ်လို့ ဆိုမှတ်လား. . . ."

ဆရာပြောတာ ပန်းမိုးသဘောပေါက်ပါတယ်ဆရာ. . . . ဒါပေမယ့်. . ."

"ဒါပေမယ့်ဘာဖြစ်လို့လဲ ယုန်ဖြူမလေးကရှုံလို့ဆိုပါတော့"

"မ. . မဟုတ်ပါဘူး. . ဆရာ. . ပန်းမိုးဝါသနာမပါလို့ပါ"

ပြောစကာ အမှုမဲ့ အမှတ်မဲ့ပြောမိသည်မို့ ပန်းမိုးက သူ့စကား သူဖြေဖျောက်သည်။

သည်လိုကမန်းကတန်း မိမိစကားကို အလျင်စလို ဖြေဖျောက်ရသဖြင့် ဆရာ့ကိုလည်း အားနာသွားမိသည်။

အေး. . . ဝါသနာမပါလို့ဆိုတာတော့ ဆရာလက်ခံတယ်၊ တစ်ယောက်က ဝါသနာပါတာကို အကုန် သိုက်ပြီး ဝါသနာပါရမယ် လိုက်လုပ်ရမယ်လို့ ဆရာကမဆိုလိုဘူး. . တစ်ယောက်ဝါသနာပါတာကို နောက်လူတစ်ယောက်မကျန် အကုန်လိုက်ဝါသနာ





ထုံမိကြရင် လူဆိုတာ တစ်တန်းစားထဲကပဲ ဖြစ်ကုန်ကြတော့မပေါ့၊ ယုန်ဖြူမလေးက ဝမ်းဆွဲဆရာမအလုပ်ကို ဝါသနာမပါရင် ယုန်ဖြူမလေးဝါသနာပါတဲ့ အလုပ်ကိုလုပ်ပေါ့။ တစ်ယောက်ကဝါသနာပါတဲ့အလုပ်ကို အကုန်သူလိုက်ပြီး ဝါသနာပါရမယ့်လို့ ဆရာက ဆိုလိုတာမဟုတ်ပါဘူး. . .။ ဒါပေမယ့် ကိုယ်ဝါသနာမပါတိုင်း သူများတွေ ဝါသနာအရ တစ်ဖက်တစ်လမ်းက လုပ်နေရကြတဲ့ အလုပ်ကို စက်ဆုပ်ရွံရှာစရာ မသတီစရာရယ်လို့ တစ်ဖက်သတ်အထင်မသေးရဘူး. . . လူဆိုတာ ကိုယ့်ဝါသနာနဲ့ ကိုယ်ပေါ့။ အေးဝါသနာအလျောက် လူ့လောကကြီးထဲမှာ 'တာဝန်' ဆိုတာကိုတော့ နားလည်ထားရမယ်. . . ကိုယ်ဝါသနာပါတဲ့ဘက်မှာ တာဝန်မကျေယင်တော့ မကောင်းဘူးပေါ့ကွယ်. . . မှတ်ဘူးလား. . ."

ဆရာက သဘာဝကျကျ ယုတ္တိယုတ္တာတွေနှင့် လေးလေးနက်နက်ပြောကြားနေပြန်တော့လည်း ပန်းမိုးမှာ ဆရာ့ကို ရှိုးရင်းစွဲကြည်ညိုလေးစားစိတ်နှင့် ခေါင်းတညိတ်ညိတ်သာ. . .

"တိုင်းပြည်နိုင်ငံတစ်ခုမှာပဲ ဖြစ်ဖြစ်၊ မြို့ရွာတစ်ခုမှာပဲ ဖြစ်ဖြစ် နောင်ဆုံး အိမ်တစ်မှာပဲဖြစ်ဖြစ်ပေါ့ကွယ်. . . . မသိနားမလည်ရှာတဲ့ လူတွေယုတ်ညံ့တယ်၊ အောက်တန်းကျနေတယ်လို့ ထင်နေတဲ့အလုပ် တစ်ခုခုကို နိုင်ငံမျက်နှာဖုံး၊မြို့ရွာမျက်နှာဖုံးဖြစ်တဲ့ လူတွေကစပြီး လက်တွေ့လုပ်မပြယင် မသိနားမလည်တဲ့ လူတွေဟာ ဘယ်တော့မှအမြင်မှန်ရကြာမှာ မဟုတ်ဘူး. . . ဥပမာ ဒီသာစည်ပြင်ရွာကဆိုယင် မြို့ကျောင်းနေတဲ့ ထက်တန်းကျောင်းသူဆိုယင် ယုန်ဖြူမလေးဟာ မျိုးရိုး အကျင့် သိက္ခာ ပညာကအစ



www.burmeseclassic.com

www.burmeseclassic.com



ရှာမျက်နှာဖုံးဆိုပါတော့၊ ယုတ်ညံ့တယ်လို့ထင်တဲ့ ဝမ်းဆွဲဆရာမ အလုပ်ကို ယုန်ဖြူမလေးတို့က မလုပ်နိုင်တောင် လုပ်နေတဲ့လူတွေကို တကယ့်တကယ် စိတ်ရင်းစေတနာကောင်းတွေနဲ့ အားပေးရမယ်၊ ဒါမှ တောသူ တောင်သားတွေက အမြင်မှန်ရလာကြမယ် မှတ်လား၊ မှန်တဲ့အလုပ်များကို အကျိုးပြုတဲ့ အလုပ်ကို စိတ်ရောကိုယ်ပါ ပင်ပန်းခံလုပ်တာဟာ ရှက်ရာစရာ ကဲ့ရဲ့ရှုတ်ချစရာ မဟုတ်ပါဘူး. . . သူများတွေ မလုပ်နိုင် မလုပ်ဝံ့တဲ့ အများအကျိုးပြု အလုပ်ကို မိမိက လုပ်နိုင်တဲ့အတွက် ဂုဏ်တောင်ယူရမယ်. . .”

ဆရာပြောသည်မှာလည်း အမှန်စင်ဖြစ်ပါသည်။

ပန်းမိုးတို့ တောင်ပေါ်ဒေသက လူများသည် သူနာပြု ဆရာမအလုပ်၊ ဝမ်းဆွဲဆရာမ အလုပ်ကို စက်ဆုပ်ရွံရှာဖွယ်ကောင်းသောအလုပ်၊ ယုတ်ညံ့သောအလုပ်ဟု ထင်နေကြသည်။

သူတို့အထင်ကြီးသော အလုပ်မှာ ကျောင်းဆရာ၊ ကျောင်းဆရာမ၊စာရေး၊စာချီ၊ ပညာအုပ်၊မြို့အုပ်၊ ဝန်ထောက် စသည်တို့သာ ဖြစ်လေသည်။

တတ်သိကျွမ်းကျင်သော ဝမ်းဆွဲဆရာမရှိ၍ သူတို့နယ် တစ်ဝိုက်တွင် မီးမဖွားနိုင်သော အာဝေနိက ဒုက္ခနှင့် သေဆုံးသွားကြရရှာသော လယ်သူမအကြီး အငယ်တို့၏ ရင်နာဖွယ်ဖြစ်ရပ်များကိုပင် မေ့ထားကြ၏။

ဤသည်တို့ကြောင့်လည်း ဆရာပြောသည်ကို ပန်းမိုးက သဘောပေါက်ပါ၏။

သို့သော်. . . ဆရာ့အပေါ်၌ ပန်းမိုးသည် ပြောရင်းဆိုရင်း





မှပင် သံသယမရှင်းနိုင်စရာ တစ်စုံတစ်ခုကလည်း ပေါ်လာပြန်သည်။

“ဆရာသည် သူလိုရာ သူဆွဲပြောလေသလား” ဟူသော အတွေးကိုလည်း ပန်းမိုးက မတွေး၍ မဖြစ်တော့။

အကြောင်းအရာနှင့် အတွေးတစ်ခုသည် ပန်းမိုး၏ခေါင်းထဲသို့ အထိတ်တလန့် ပြေးဝင်လာလေတော့၏။

* * * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဆရာပြောင်းလဲလာသည်မှာ တစ်ခုတည်းမဟုတ်ပေ။ စိတ်ဓာတ်ရေး အသွင်သဏ္ဌာန်ပါ လုံးဝပြောင်းလဲသွားလေပြီ။

ယခင်က တောထဲတောင်ထဲတွင် တောကောင်များကို ပစ်ခတ်ဖမ်းစီးလေ့ရှိသော ဆရာမှာ ယခုအခါတွင် တောထဲမသွားတော့ပဲ သူနာပြုဆရာမများ ဆေးမှူးများနှင့် တတွဲတွဲသွားကာ ရပ်ရွာ၏အရေးကိစ္စများကိုသာ အာရုံစိုက်၍ အလုပ်လုပ်လျက်ရှိတော့သည်။

ထိုအခါ. . . ဆရာ့ကိုမေးကြည့်သောအခါ ဆရာက ပြုံးလျက်ခေါင်းခါရင်း . . .





"လူတွေအသက်ကိုကျတော့ ကယ်တင်ဖို့ကြိုးစားပြီး တိရစ္ဆာန်တွေရဲ့ အသက်ကိုတော့ တန်ဖိုးမထားပဲ အပျော်သဘော ပစ်တာဟာ ကောင်းတဲ့အလုပ်မဟုတ်ဘူး ဆိုတာကို ဆရာခွဲခြားတတ်ပါပြီ ယုန်ဖြူလေးရယ်"

"အံ့သြစရာပဲ ဆရာ့ကိုဘယ်သူကများ တရားချလိုက်ပါလိမ့်. . ."

"ဘယ်သူမှ တရားမချဘူး ယုန်ဖြူမလေးရေ. . . ဆရာဖာသာ ဆရာ နောင်တရပြီး သတ္တဝါတွေကို သနားမိတာပါကွယ်. . . တစ်နှစ်က ဆောင်းတွင်းမှာ ဆရာအအေးမိပြီး ချောင်းဆိုးတာ ရက်တော်တော်ကြာသွားတယ်. . . လေ. ."

ဆရာ့စကားက အအေးမိတာနဲ့ တောမပစ်တော့တာနဲ့ ဆက်စပ်မှုမရှိသော်လည်း ဆရာဘာပြောပြော စိတ်ဝင်စားသူပီပီ ငေးမော၍ နားထောင်နေမိသည်။

"ချောင်းဆိုးတာလောက်ကို ပေါ့ဆဆထားရင်းက တစ်လလောက်ကြာသွားတယ်. . . ကျောင်းဆရာအလုပ်နဲ့ ချောင်းဆိုးဝေဒနာနဲ့က လုံးဝသဟဇာတမဖြစ်လို့ ခွင့်တစ်ပတ်ယူပြီး နားနားနေနေနဲ့ကုလည်း မပျောက်ဘူး. . . ခွင့်ကုန်လို့ကျောင်းပြန်တက်လည်း ချောင်းဆိုးမပျောက်ဘူး. . . တစ်ခါတစ်ခါ ချောင်းဆိုးရင်. . အဆက်မပြတ်နဲ့ မောနေအောင် ဆိုးတယ်လေ. . .။

ရိုးရိုး နှာစေးချောင်းဆိုး ဆိုရင် ဒီလောက်ကြာအောင်အထိ မဖြစ်ဘူး တီဘီများဖြစ်နေသလား ဆိုပြီး ထိတ်လန့်လာတယ်. . . ရင်ထဲမှာ နာလာတဲ့အထိ ချောင်းဆိုးလာတော့. . . မြို့ကိုသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကုမလို့စီစဉ်မိတယ်. . . ။"

အဲဒါ. . . ရွာထဲက လူတွေကြားတော့ သတင်းလာမေးကြရင်း မုဆိုးဦးအထော်လဲပါတာပေါ့. . .

ချောင်းဆိုးတာများ ဆရာရယ်၊ မြို့က ဆရာဝန်ဆီ တကူးတက သွားပြစရာမလိုပါဘူး၊ ဆရာ ချောင်းဆိုးတကယ်ပျောက်ချင်ရင် မနက်ဖြန် ကျွန်တော်နဲ့ လိုက်ခဲ့ပါလား"

"ဘယ်ကို လိုက်ခဲ့ရမှာလဲ ဦးအထော်"

"တောထဲကိုလေ ဆရာ"

"ဩော်. . . ဆေးမြစ်တူးပေးမလို့လား၊ ကျေးဇူး. . ."

"ဆေးမြစ်တူးဖို့ မဟုတ်ပါဘူး ဆရာယ်၊ ဆေးသောက်ဖို့ပါ"

"မုဆိုးကြီးဆေးကလဲ တောထဲလိုက် သောက်မှလားဗျ၊ ခင်ဗျားယူခဲ့ရင်လဲ ရတာပဲမဟုတ်လား"

"မရလို့ပေါ့ဆရာရယ်၊ ဆေးက ပူပူနွေးနွေးသောက်မှ အာနိသင်ရှိတာ၊ အခု ဆရာချောင်းဆိုးနေတာ ဘယ်လောက်ကြာပြီလဲ"

"တစ်လလောက်ရှိပြီဗျ"

"သွေးတွေဘာတွေကော ပါသေးလား"

"ဟာ. . . မပါပါဘူးဗျ"

"ပါရင်လဲ ကိစ္စမရှိပါဘူးဆရာရယ်၊ ဘာမှ မစိုးရိမ်ပါနဲ့၊ ကျွန်တော်ချောင်းဆိုးတုန်းကဆို သွေးတွေ အတောင့်လိုက်ပါတာ၊ တစ်ခါချောင်းဆိုးပြီးရင် လူကို နွမ်းဖပ်သွားတာပဲ၊ အဲဒီလို ခြောက်လ





လောက်ခံစားရတဲ့ ရောဂါတစ်ခါတည်းနဲ့ ပျောက်တာပဲ"

ဦးအထော်မှာ မုဆိုးပီပီ အပြောကြီးတတ်သူဟု ရွာတွင် နာမည်ကြီးတစ်ယောက်ဖြစ်ရာ သူက သေချာအောင် မေးရ၏။

"ခင်ဗျားဆေးက ဘာဆေးနည်းလဲ ပြောစမ်းပါဦး၊ တောထဲလိုက်သောက်ရမယ်ဆိုတော့ ဆေးနည်းက ခက်ခက်ခဲခဲလား"

"ဘာမှ မခက်ခဲပါဘူး ဆရာ၊ ဆေးနည်းက လွယ်လွယ်ကလေးပါ၊ ဆရာ တောထဲလိုက်ပြီး ကျွန်တော်ဖမ်းပေးတဲ့ မျောက်ညိုသွေးပူပူနွေးနွေးကို တစ်ခါသောက်ပြီး မျောက်ညိုသားကို တစ်နပ်ချက်စားလိုက်ရုံနဲ့ ပျောက်တာပဲ၊ ဘာမှ စိုးရိမ်မနေပါနဲ့၊ မနက်ဖြန်ကျရင် ကျွန်တော်နဲ့သာလိုက်ခဲ့ပါ"

"အေးဗျာ ခင်ဗျားပြောသလိုဆိုတော့ အဟုတ်ကြီးပဲ၊ လိုက်ခဲ့မယ်ဗျာ၊ ဘယ်အချိန် ခင်ဗျားအိမ်လာခဲ့ရမလဲ"

"မနက်ငါးရီ ခြောက်နာရီလောက်လာခဲ့ပါ၊ ဆရာ၊ ဆတ်သားခြောက်နဲ့ ကောက်ညှင်းပေါင်းလဲ ကျွန်တော့်အရန်သင့်လုပ်ထားလိုက်ပါ့မယ်၊ ရောဂါအတွက် ဆရာစိတ်အေးအေးသာထားပါ"

"ကောင်းပြီဗျာ. . . စိတ်ချ. . . လာခဲ့. . . ဟွတ်. . . ဟွတ်၊ အေးဗျာ ဒီချောင်းဆိုးကြောင့် ကျွန်တော့်မှာ စာသင်လဲမဖြောင့်ဘူး၊ ခွင့်တောင်တစ်ပတ်ယူရသေးတယ်၊ တောဆေးတောင်ဆေးတွေ သောက်တာလဲ စုံနေပြီ၊ ဒါလဲ မသက်သာဘူးဗျ၊ လာခဲ့မယ်ဗျာ စိတ်ချ ဦးထော်ကြီး၊ ဒါနဲ့ ကျွန်တော် ဘာတွေယူလာခဲ့ရဦးမလဲ"

"ဆရာ ဘာမှ ယူလာစရာမလိုဘူး၊ နေပူမယ်ထင်ရင် ဦးထုပ်တစ်လုံးပဲ ဆောင်းလာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီဗျား၊ ကျေးဇူးပါပဲ၊ လာခဲ့မယ် စိတ်ချ"

သူ့အိမ်ရှိရာဘက်သို့ လျှောက်လာခဲ့သော သူ့ခြေလှမ်း… စောစောကထက် သွက်လက်လာလေသည်။

* * * *

တစ်ညလုံးချောင်းဆိုးလိုက်၊ မှေးခနဲ အိပ်ပျော်သွားလိုက်… ပြန်နိုးလိုက်နှင့် မနက်လေးနာရီကျော်ကျော်မှာ အိပ်ရာက ထသည်…

မျက်နှာသစ်သည်နှင့်တစ်ပြိုင်နက် ရွာမှုဆိုးကျော်ကြ… ဦးအထော်အိမ်ဘက် ထွက်လာ၏။

တစ်နေ့ညနေက မှာထားသည့်အတိုင်း ဦးအထော်… အသင့်ကြို၍ တွေ့ရ၏။ "လာ-ကြွပါဆရာ၊ အားလုံးအသင့်ပဲ"… ဆိုသည်။

သူပြောသလို အိမ်ပေါ်တွင် ဆတ်သားခြောက်… ကောက်ညှင်းပေါင်း၊ ရေနွေးကြမ်းအသင့်ပင်။

ဦးအထော်နှင့်အတူ ဆတ်သားခြောက်နှင့် ကောက်ညှင်း… ပေါင်းကို တစ်ဝစား ဘာ တောင်ခြေဘက် ထွက်လာကြသည်။

လမ်းတစ်ဝက်လောက်အရောက်တွင် . . .

"ဦးအထော်. . . ခင်ဗျား မျောက်ညိုသွေးဆေးက ဘယ်လ… သောက်ရမလဲ ပြောထားဦးလေဗျာ"ဟု မေးမိသည်။

"ဒီလိုဆရာရယ်၊ ကျွန်တော်တို့တောင်ခြေဘက်မှာ မျောက်… ညိုတွေပေါပါတယ်၊ မျောက်တွေ့ရင် ကျွန်တော်က ဒူးလေးနဲ့ပစ်… လိုက်မယ်၊ အောက်ကိုကျလာတာနဲ့ တစ်ပြိုင်နက် မျောက်ညိုလည်…





ချောင်းသွေ့ကို ကျွန်တော်ဖေါက်ပေးမယ်၊ မျောက်ညိုသွေးကို ဆရာအဝသာသောက်ချလိုက်၊ ညကျရင် မျောက်ညိုသားနဲ့ ဆရာ ထမင်းတစ်နပ်စားပြီးရင် ချောင်းဆို ပျောက်ပါပြီ"

"အစိမ်းသက်သက်ကြီးဆိုတော့ မျောက်သွေးက သိပ်ညှီ များနေမလားဗျ"

"ဟာ့၊ ဆရာကလဲ ဆေးအဖြစ်သောက်တာပဲ ဆရာရယ် ညှီရင်လဲ ခဏပေါ့၊ အောင့်ပြီးသာ သောက်ချလိုက်"

ရောဂါပျောက်မည်ဆို၍သာ. . . သောက်ရမည်ဖြစ်သော် လည်း မျောက်သွေး အစိမ်းလတ်လတ်ကြီးကို စိတ်ထဲက မသတီပါ။ သို့သော်ရောဂါပျောက်ဖို့သာ အရေးကြီးသည်။ တျိတ်မှိတ် မျိုချရမှာ ပဲဟု ဆုံးဖြတ်ထားလိုက်၏။

စကားတပြောပြောနှင့် တောင်ခြေဘက်သို့ လျှောက်လာ ရ နေထွက်တစ်ပြုံမှာပင် တောင်ခြေက တောစပ်နားရောက်လာ ကြ၏။

"ဆရာ. . . ကျွန်တော့် အခြေအနေကိုကြည့်ပြီး လိုက်ခဲ့ နော်"

"မျောက်ဆိုတဲ့ အကောင်တွေဟာ ကိုယ်လက်အင်္ဂါတွေ သာ လူနဲ့တူသာမဟုတ်ဘူးဆရာရယ်၊ ဉာဏ်နီဉာဏ်နက်ကလဲ လူလိုပဲ။ အမတန် အကင်းပါးတဲ့ အကောင်တွေဗျ၊ ဆရာက ချောင်း တဟွတ်ဟွတ် ဆိုးလာတော့ ဆရာ့ချောင်းဆိုးသံကို ကြားတာနဲ့ မျောက်တွေက ရှောင်ပုန်းနေကြမှာ၊ ဒါပေမယ့် မပူပါနဲ့ဆရာရယ်၊ လူသံကြားလို့ သစ်ကိုင်းသစ်ရွက်တွေကိုစုပြီး ဖင်ခုထိုင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မျောက်နေကိုင်းကို ကျွန်တော်တစ်ချက် မြင်ရုံနဲ့ သိပါတယ်၊ လူသံကြား လို့ သစ်ရွက်သစ်ခက်တွေကို စုစည်းပြီး ဖင်ခုထိုင်ထားတတ်တဲ့ မျောက်နေကိုင်းဟာ ရိုးရိုးသဘာဝ ကွေးကောက်နေတဲ့ သစ်ကိုင်း တွေနဲ့ မတူပါဘူး။ အသိသာကြီးပါ၊ တွေ့ရင် ဗဟုသုတပေါ့။ ဆရာလဲ ပြပါ့မယ်"

"အေးဗျာ. . . လုပ်စမ်းပါ၊ ဗဟုသုတပေါ့"

ဦးအထော်ကို အထိုက်အလျောက်သာ ပြန်ပြောမိသော်လည်း စိတ်ထဲကမူ တောထဲရောက်လာလေလေ ကျောစိမ့်လာလေပင်။

မျောက်ညှိသွေး အရှင်လတ်လတ်ကို သောက်ရတော့မည်ဆိုသောအခါ ရင်ထဲမှာ တစ်မျိုးကြီးပင်။ ရောဂါကြောင့်သာသောက်ရမည်ဖြစ်သော်လည်း စိတ်ထဲက မသတီသည်မှာတော့ အမှန်ပင်။ မျောက်သွေးအစိမ်း ရှင်ရှင်ဆိုတော့ ညှီလည်းညှီမှာပဲဟု တစ်လမ်းလုံး တွေးလာ၏။

ဘာပဲဖြစ်ဖြစ် ဦးအထော်၏ အစီအမံအတိုင်း သောက်တော့သောက်ကြည့်ဦးမည်ဟု ဆုံးဖြတ်လာ၏။ ထိုအခါ တစ်ကိုယ်လုံးမှာ ကြက်သီးဖြန်းဖြန်းထသွားပြန်လေသည်။

* * * *

တောထဲတွင် သစ်ပင်အုပ်အုပ် ဆိုင်းဆိုင်းတွေ့တိုင်း ဦးအထော်က ခြေလှမ်းရပ်၍ အပေါ်ကို မော့မော့ကြည့်တတ်သည်။

ဦးအထော်မော့ကြည့်တိုင်း သူကလည်း မော့်မော့်ကြည့်ရ





၏။ ခေါင်းမော့လိုက်သောအခါ လည်ချောင်းကြောတွေ တင်းလာသဖြင့် ချောင်းက ဟပွတ်ဟွတ် ပိုဆိုးလာသည်။

"အဟွတ်. . . ဟွတ်. . ဟွတ်"

ဦးအထော်ကမူ သူ့ကိုပင် လှည့်မကြည့် အားဘဲ ဆက်လျှောက်နေ၏။ ထိုအခါ သူ့မှာလည်း ဦးအထော်နောက်ကို မောမောပန်းပန်းနှင့် လိုက်ရပြန်၏။ ဟပွတ်ဟွတ်ဆိုးလာသော ချောင်းကိုလည်း အတတ်နိုင်ဆုံး မဆိုးအောင် ထိန်းနိုင်သမျှ ထိန်းချုပ်ကာ အောင့်အည်းမျိုသိပ်လာရ၏။

သူချောင်း ဟပွတ်ဟွတ် ဆိုးသံကြားလျှင် မျောက်များ ထွက်ပြေး တိမ်းရှောင်သွားကြမှာကိုလည်း စိုးရိမ်ရသည်မဟုတ် ပါလား။

ချောင်းဆိုးကမူ မသက်သာ။ ခြေလှမ်း သုံးလေးလှမ်း လှမ်းလိုက်တိုင်း ဟပွတ်ဟွတ်ဆိုးလာ၏။ မောပန်းသဖြင့် ရင်ထဲ ကလည်း ပိုနာလာသလိုခံစားရ၏။ အသက်ပြင်းပြင်း ရှူတိုင်း ရင်ထဲက ကျပ်ကျပ်လာသည်။ ထိုအခါ မျောက်ညှိသွေး မြန်မြန် သောက်ရလျှင် ကောင်းမှာပဲဟု တွေးလာ၏။

"ရှူး. . ."

ဦးအထော်က "တိတ်တိတ်"ဟူသော သဘောနှင့် နှုတ်ခြည်း အချက်ပြသ ပေးလိုက်သောအခါ သူခြေလှမ်းမှာလည်း အလိုလိုရပ်သွားလေသည်။ ဦးအထော်နည်းတူ ဦးအထော်မော့ကြည့် နေသော သစ်ပင်ပေါ်ကိုလည်း အလိုလိုမော့ကြည့်ပြီးသား ဖြစ်သွား ၏။

မည်သည့်သစ်ပင်ဟု သူခွဲခြားမသိတတ်သော သစ်ပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပင်၏ အပေါ်ဆုံးကိုင်းဖျားတွင် သိပ်သည်းစုစည်းနေသော သစ်ရွက်ထုပ်ကြီး တစ်ထုပ်ကို တွေ့ရ၏။ အစကမူ ခါချဉ်ထုပ်လား ဟုပင် ထင်လိုက်သည်။ နောက် သေသေချာချာကြည့်တော့မှ ထိုသစ်ရွက်ထုပ်မှာ သစ်ကိုင်းသုံးလေးကိုင်းကို ကွေးညွှတ်ပြီး လုံးထွေးစုစည်းထားသော သစ်ရွက်ထုပ်မှန်း သိရသည်။

ဦးအထော်ပြောထားသော မျောက်နေကိုင်းမှာ ဤအရာပါလားဆိုသည်ကို သူချက်ချင်း သဘောပေါက်သွားလေသည်။ မျောက်ညိုကြီးသည် လူတို့၏အန္တရာယ်ကို ကြိုတင်သိသဖြင့် အောက်က လူသားများကြည့်လျှင် မမြင်နိုင်အောင် သစ်ကိုင်း သစ်ရွက်များကို စုစည်းကာ ဖင်ခုထိုင်ထားလေသည်။

မျောက်ညိုသွေးကို သောက်ရတော့မည်ဟူသော အသိကြောင့် ရင်ထဲက ပိုခုန်လာ၏။

ဦးအထော်သည် သူ့နားနားကို ပါးစပ်ဖြင့်ကပ်ပြီး "ဟိုမှာ မျောက်နေကိုင်းတော့တွေ့ပြီ၊ ဆရာမြင်လား"ဟု ကမန်းကတန်း မေးပြီး ဆက်ပြော၏။

"ခု၊ ကျွန်တော်မျောက်ညိုကို လေးနဲ့ပစ်ချလိုက်တော့မယ်နော် ဆရာ၊ အောက်ကိုကျလာတဲ့ မျောက်ညိုလည်ချောင်းသွေးကို ဆရာ့ကို ဖောက်တိုက်မယ်၊ ကျွန်တော်က 'သောက်ဆရာ သောက်' ဆိုတာနဲ့ မျောက်ညိုလည်ချောင်းသွေးကို တအားစုပ်ပြီးသာ သောက်လိုက်တော့နော် ဆရာ၊ ကျွန်တော်ပစ်ချလိုက်တော့မယ်"

ရုတ်တရက်မှု ဦးအထော်ကြီးအား ခေါင်းညိတ်ပြလိုက်လေသလား၊ ဟုတ်ကဲ့လို့ပဲ ပြောလိုက်လေသလား သူသတိမထားလိုက်





သူတစ်ကိုယ်လုံးမှာ ရှိန်းဖိန်းထူပူကာ ချွေးစေးတွေ ပြန်နေလေသည်။

ဦးအထော်၏ ဒူးလေးမောင်းဖြုတ်သံနှင့် တစ်ဆက်တည်းပင် မျောက်ကြီးတစ်ကောင်၏ အထိတ်တလန့် အော်ဟစ်ညည်းညူလိုက်သံက သူ့နားထဲ ဆူညံသွားသည်။

ဦးအထော်ပြောသလို မျောက်ကြီးသည် မြေပြင်သို့ ဝုန်းခနဲ ကျမလာ။ လူတစ်ရပ်ကျော်ကျော် အမြင့်အရောက်တွင် သစ်ကိုင်း တစ်ကိုင်းကို လှမ်းဆွဲကာ သွေးရူးသွေးတန်းနှင့် အော်မြည်နေ၏။

ဤသည်ကို ဦးအထော်က လှမ်းခုန်ဆွဲချလိုက်သည်။ ရူးတန်းလန်းနှင့် မသေမရှင် ဖြစ်နေသော မျောက်ညိုကြီးကို ဦးအထော်က သူ့ဆီဆွဲယူလာ၏။

မျောက်ကြီးက သူ့လက်ကိုလှမ်းကိုက်သဖြင့် မျောက်ကြီး၏ ခေါင်းကို ဦးအထော်က ဓားနှောင့်နှင့် တစ်ချက်ရိုက်လိုက်သည်။

ဂွမ်ခနဲမြည်သံနှင့် မျောက်ကြီး၏ အော်လိုက်သံမှာ သူ၏ နားထဲကွဲထွက် သွားမလားထင်လိုက်ရသည်။

ဦးအထော်ပြုလုပ်နေသည်ကို မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ကျောက်ရုပ်တစ်ရုပ်ပမာ ငေးကြည့်နေသော သူ့နားသို့ မသေမရှင် ညည်းညူနေသော မျောက်ကောင်ကြီးကို ဦးအထော်က ဆွဲယူလာပြီး လည်ချောင်းကို ဓားနှင့်ထိုးဖောက်လိုက်သည်။

ပြီး. . ဆန့်ငင်ဆန့်ငင်ဖြစ်ကာ သွေးစိမ်းရှင်ရှင် ပန်းထွက်နေသော မျောက်ညိုကြီး၏ လည်ချောင်းကို ကျောက်ရုပ်ပမာဖြစ်နေသော သူ့ပါးစပ်နှင့် တေ့ပေးကာ. . .

"ဆရာ သောက်သောက်၊ မြန်မြန်သောက်၊ တဝကြီး



www.burmeseclassic.com

www.burmeseclassic.com



သောက်ချလိုက်ဆရာ"

"မ. . . သောက်တော့ဘူးဗျ၊ ကျုပ်မသောက်တော့ဘူး၊ ခင်ဗျား မျှောက်. . . မျှောက်ညိုသွေးကို မသောက်လို့ ကျုပ် ကျုပ်ချောင်းဆိုးသွေးပါ ရောဂါနဲ့သေရင် သေပါစေ၊ ကျုပ်မသောက် တော့ဘူး၊ မသောက်တော့ဘူး၊ မသောက်တော့ဘူး. . ."

ထိုနေ့မှစ၍ ဆရာသည် သူများအသက်ကို အပျော်တမ်း သက်ဖြတ်ခြင်းအလုပ်ကို လုံးဝစွန့်လွှတ်လိုက်ပြီ ရပ်ရေး ရွာရေး အလုပ်ကိုသာ ဦးစားပေး ကူညီလုပ်ကိုင်ပေတော့သည်။

* * * *



## အခန်း(၁၄)

ကျောင်းပိတ်၍ ပန်းမိုး ရွာကိုပြန်ရောက်နေသည်မှာ တစ်လနီးပါးပင် ကြာခဲ့ပြီ။

သည်ညသည်၊ သာစည်ပြင်တစ်ရွာလုံးသည် တိတ်ဆိတ်စွာ အိပ်မောကျနေလေသည်။

ငွေလရောင်ကလည်း မရှိသဖြင့် ညသည် ပို၍ပင် မဲမဲမှောင်မှောင် ရှိလွန်းလှသည်။

ညမှောင် ညဥ့်နက်ချိန်ဖြစ်သဖြင့် လသာညများလို ရွာဦးမှ ကာလသားတို့၏ ပြွေကျူသံသာသာကိုလည်း မကြားရပေ။

အချိန်မှာ သန်းခေါင်ယံ သမယအကာလ အချိန်တည်း။

"ဆရာ. . ."

"ဆရာရေ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . ."

အိမ်ရှေ့မှ အမျိုးသမီးတစ်ယောက်၏ စူးစူးရှရှခေါ်နေသံကြောင့် ပန်းမိုး အိပ်ရာက လန့်နိုးလာသည်။

"ဆရာရေ. . ."

"ရှင့်ဆရာ. . ."

ပန်းမိုးနိုးလာပြီးချိန်ထိ ခေါ်သံရှင်က မရပ်သေး။

ညကြီး မင်ကြီး ဘယ်က ဘယ်သူပါလိမ့်ဟု ပန်းမိုးက နားစွင့်ထားလိုက်မိသည်။

"အ. . . အဟမ်း. . . ."

အပေါ်ထပ်က ဆရာနိုးလာသံနှင့် ချောင်းဟတ်သံကို ကြားရပြီ။

"ဆရာ"

"ဗျို. . . ဘယ်သူပါလဲ ခင်ဗျာ. . ."

အမျိုးသမီးအသံက ချိုလွင်သလို ဆရာ၏ အသံကလည်း ယဉ်ကျေးစွာ ပေါ်လာလေ၏။

"တျွန်မတို့ပါ ဆရာ. . ."

"ဩော်. . ဆရာမတို့ကိုး. . ." သူတို့အသံတွေကို ကြက်မိနေသောဆရာ အိမ်အောက်ဆင်းလာသံကို ကြားရသည်။

အိမ်ရှိ အကုန် သူတို့ကလည်း နိုးသွားကြ၏။

အမေ၏ မီးခြစ် ခြစ်သံနှင့် ဖန်မီးအိမ်ကလေး၏ အလင်းရောင်က အိမ်အောက်ထပ်ကို ထွန်းပြောင်လာစေသည်။

တံခါးဖွင့်ပေးလိုက်သူကတော့ ဆရာပင် ဖြစ်လေမည်။





"လာ ဆရာမ. . . ဩော်. . . ကိစ္စအထူးရှိလို့လား. . ."

ဆရာ့အသံနှင့်အတူတူ ပန်းမိုးသည် အိပ်ရာက ဆတ်ကနဲ ထထိုင်လိုက်၏။

အသက်ကိုအောင့်၍ အပြင်သို့ နားစွင့်ထားသည်။

"ဒီလိုပါ ဆရာ. . . တောင်သာကုန်းရွာမှာ အမျိုးသမီး တစ်ယောက် မွေးဖွားမမြင်နိုင်လို့ လာခေါ်ကြတာတဲ့. . . ကျွန်းမာရေးမှူးကလဲ မြို့ကို ဆင်းသွားတာနဲ့ ဆရာ့ကို အကူအညီလာခေါ်ကြတာပါ ဆရာ. . ."

"ဩော်. . . ဟုတ်လား. . . . လိုက်ရမှာပေါ့ဗျာ. . . ဒီက"

"ကျွန်တော်တို့က တောင်သာကုန်းရွာကပါ ခင်ဗျာ"

ပန်းမိုးသည် ဘယ်က ဘယ်လို ခုတင်ကဆင်းပြီး ခြေရင်းတံခါးသို့ ရောက်လာမိသည်ကို မမှတ်မိ။

လိုက်ကာလေးကို အသာလှပ်၍ အပြင်သို့ ငေးငေးတလေး ကြည့်နေမိသည်။

မင်းတက်ပြင်ရွာက လိုက်ပါလာကြသော ဆရာမနှစ်ယောက်နှင့်အတူ အသက်လေးကျော်အရွယ် လူကြီးနှစ်ဦးကို ဆရာက မေး၏။

သူတို့နှစ်ယောက်က တောင်သာကုန်းရွာကဟု ဆရာ့အမေးကို မဆိုင်းမတွ ဖြေကြ၏။

ဆရာသည် ချက်ချင်းပင် မျက်နှာ ကဗျာကယာ သစ်ပြီး အသုံးလုံးသင်တန်းမြရာတွင် ထွန်းညှိထားတတ်သော ဘုန်းကြီးကျောင်းကယူထားသည့် လက်ဆွဲဓာတ်မီးကို ထွန်းပြီး သူတို့ နောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားလေသည်။

ဆရာတို့ ထွက်သွားကြပြီးမှ ပန်းမိုးသည် အပြင်သို့ ထွက်လာမိသည်။

"ဟော. . . ကာလနဂါးမတောင် နိုးသွားပြီ"

ပန်းမိုးကို မြင်သဖြင့် အမေက စသည်။

"ဆရာတို့ ဘယ်ကိုသွားကြတာလဲဟင် အမေ. . ."

သိလျက်နှင့်ပင် ပန်းမိုးက ဤမေးခွန်းကို မေးမိသည်။

"ဪ. . တောင်သာကုန်းရွာမှာ ခြံသမလေးတစ်ယောက် မီးမဖွားနိုင်လို့ ဝမ်းဆွဲဆရာမတွေကို လာခေါ်ကြတာတဲ့။ အဲဒါ ခရီးလည်းကြုံ အဖော်ရအောင်လို့ ဆရာလေးကို ဝင်ခေါ်ကြတာ နေမှာပေါ့"

"တင်. . . ခြံသမ မီးမဖွားနိုင်တာနဲ့ ဆရာနဲ့ ဘာဆိုင်လို့လဲ အမေရယ်. . . ဆရာက ဝမ်းဆွဲဆရာမလဲ မဟုတ်၊ ကျန်းမာရေးမှူးလဲ မဟုတ်ဘဲနဲ့"

ပန်းမိုးသည် အချိန်မတော် အချိန်တော် သူ့ဆရာကို လာခေါ်ရပါမည့်လားဟူသော မကြေနပ်စိတ်တွေနှင့် အမေ့ကိုသာ အပြစ်တင်နေမိသည်။

"ကျန်းမာရေးမှူးမရှိပါဘူး ပြောသွားတာ နင်မကြားလိုက်ဘူးလား"

အစ်ကိုကြီးထွန်းက ပန်းမိုးကိုမာန်သလို ပြော၏။

"မဆိုင်လိုက်တာ"

"မဆိုင်ဘဲနေမလား ကျောင်းဆရာလဲ ပါလာတော့ ဟိုက





လူတွေ ပိုအားရှိမှာပေါ့၊ နင့်ဆရာက တောင်သာကုန်းဘက် ခဏခဏ တောပစ်ရောက်နေတာ၊ ဟို ဆရာမတွေက ညကြီးမင်းကြီး နင့်ဆရာ မပါယင် လိုက်ရဲမလား"

အစ်ကိုကြီးပြောမှ ရှင်းသွား၏။

သူတို့သဘောမှာ ဤနယ်တစ်ဝိုက်က လူများ အထင်သေး အမြင်သေး၍ မင်းတက်ပြင်ရွာသို့ တာဝန်နှင့် ရောက်လာခါစတုန်းကဆိုလျှင် ဆေးဖော် ကြောဖက်ပင် မလုပ်ချင်ကြသော ဝမ်းဆွဲဆရာတွေအား ကူညီရာလည်းရောက်၊ နောက်ပြီး သူတို့ နယ်သူနယ်သားတွေက အထင်သေး အမြင်သေး၍ သူတစ်ပါး အညစ်အကြေးကို ကိုင်တွယ်ရသောအလုပ်၊ မသတီစရာကောင်းသော အလုပ်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော အလုပ်၊ မင်္ဂလာမရှိသော အလုပ်၊ လာဘ်လာဘတိတ်သောအလုပ်ဟု ထင်နေကြသော ဝမ်းဆွဲဆရာမတွေအား သူတို့တစ်နယ်လုံးက လေးစားရိုသေနေကြသော ကျောင်းဆရာ ကျောင်းဆရာမတွေကပင် မည်မျှ အရေးထားကြသည်၊ လေးစားကြသည်၊ ဂရုတစိုက် ရှိကြသည်ဆိုသည်ကို ပြလို၍ ယခုလို ညကြီးမင်းကြီး လိုက်သွားပြီး ကူညီပေးကြသည်ဟု ဆိုသည်။

ညဆိုလျှင် ဝမ်းဆွဲဆရာမတွေ နောက်က ကျောင်းဆရာ တစ်ယောက်ယောက် ပါတတ်သလို၊ နေ့ခင်း နေ့လည် ကျောင်းအားလပ်အချိန်ဆိုလျှင် ကျောင်းဆရာမတွေက ပါစမြဲ ကူညီစမြဲဟု သိရ၏။

နောက်တစ်ချက်ကလည်း မီးဖွားရသော ဝေဒနာရှင် အမျိုးသမီးအား အားပေးရင်း အကယ်၍ မီးမဖွားနိုင်သဖြင့် ရပ်ဓလေ့ ရွာဓလေ့အရ စုန်း နတ် တစ္ဆေ စသည့် မမှန်ကန်သော



www.burmeseclassic.com

www.burmeseclassic.com



နည်းတွေနှင့် ဒေသခံ လူတွေက အတင်းအကြပ်လုပ်လျှင် တားဆီးနိုင်အောင်ဟု ဆိုသည်။

ဝမ်းဆွဲဆရာမတွေ တားဆီးသည်နှင့် ကျောင်းဆရာကျောင်းဆရာမတွေ ဟန့်တားသည်နှင့် ရိုသေမှု လေးစားမှုတွင် မတူပါချေ။

သူတို့ ဆရာ ဆရာမများသည် တောသူ တောင်သားတွေအပေါ် မည်မျှ အလေးဂရုထားကြသည်ကိုပြ၍ အမြင်ရကြပါစေဟူသော ရည်ရွယ်ချက် စေတနာလည်း ဆရာ ဆရာမတို့မှာ ပါလေသည်။

သို့သော် "မဆီမဆိုင် လက်ပန်သား ဓားနဲ့ချိုင်"ဆိုသလို ကျောင်းဆရာနှင့် ဘာမှ ပတ်သက်စရာမလိုသော ဝမ်းဆွဲဆရာမအလုပ်၊ ကျန်းမာရေးမှူးအလုပ်တွင် ဆရာက ဝင်ဝင်ပါနေသည်။ သို့မဟုတ် ဟိုက ဆရာမတွေက လာလာခေါ်ကြသည်ကို ပန်းမိုးက မကြေမနပ်ဖြစ်မိသည်။

ဝမ်းဆွဲဆရာမ သူနာပြုနပ်(စ်)တွေနှင့် ရောနေလျှင် ဆရာ သိက္ခာကျမှာကိုလည်း သူကပဲ မဆီမဆိုင် တွေးပူနေပြန်သည်။ ထို့ကြောင့်လည်း အမေ့ကို မေးမိ၏။

"အမေ-ဆရာက အယင့်အယင်ကလဲ ဒီလိုပဲ အဲဒီ ဝမ်းဆွဲဆရာမတွေနဲ့ ညကြီးမင်းကြီး လိုက်လိုက်နေသလား ဟင်"

"အမလေး နင့်ဆရာက ညရယ် နေ့ရယ် ဘယ်မရှောင်ပါဘူး၊ ဘယ်သူလာခေါ်ခေါ် လိုက်သွားတာပဲ၊ နေရာတကာလဲ ပါနိုင်တဲ့ သူငယ်ပဲ၊ ဒီဆရာမတွေနဲ့တော့ သူက လိုက်နေကျ၊ သူ့ကို





အချိန်မရွေး ခေါ်လို့ရလို့လဲ ခုလိုလာခေါ်ကြတာပေါ့၊ သူတို့ မင်းတက်ပြင်မှာလဲ ကျောင်းဆရာတွေ တပုံကြီးပဲ၊ ဘာလို့ ဟိုက ဆရာတွေခေါ်မလာကြလဲ၊ ခုတော့ ဒီက ဆရာမှ ဆရာဖြစ်နေကြတာ၊ ဒီက ဆရာကလဲ ဒီဆရာမတွေနဲ့သာဆိုရင် သစ်ငုတ်သင်ဖြူးဆူးကို မှေ့ရာထင်သလား မသိပါဘူးတော်. . ."

"ဟင်. . ."

အမေ၏ စကား ပန်းမိုး၏ရင်ကို ချက်ချင်း တင်းကြပ်သွားစေလေသည်။

"မင်းတက်ပြင်ရွာမှာ ဆရာတွေရှိရက်နဲ့ မခေါ်ခဲ့ကြဘူး၊ ဒီက ဆရာမှ ဆရာဖြစ်နေကြတာ၊ ဒီက ဆရာကလဲ ဒီဆရာမတွေသာနဲ့သာဆိုရင် သန်းခေါင်မန္တဲ၊ သန်းလွဲမခန့်၊ အသက်စွန့်၍ ဝေးမွန့်ခရီး၊ ခြုံကြီးတောအုံ၊ မလုံမဆွေး၊ သစ်ကျားဘေးကို၊ မတွေးဆံဖျား၊ မလေ့စား" ဆိုပါလား။

ပန်းမိုးမှာ ခေါင်းထဲက နောက်လာမိ၏။

အိပ်ရေး တစ်ဝက်တစ်ပျက်နှင့် ထလာရ၍ နောက်ကျိနေသော ခေါင်းမှာ ယခုအမေ့စကားနှင့် ယခင် မင်းတက်ပြင်ဘုရားပွဲမှာ ဆရာနှင့်တွဲ၍ သွားနေသော ဆရာမလေး၏ ရုပ်သွင်ကို မြင်မိသောအခါ မူးနောက်၍ လဲကျမတတ်ပင် ဖြစ်သွားမိသည်။

ဆရာသည် ယခုလည်း ထိုဆရာမနှင့်ပင် လိုက်သွားပြန်ချေပြီ။

"သူနာပြု ဆရာမအလုပ်၊ ဝမ်းဆွဲဆရာမအလုပ်ဆိုတာ စိတ်ထားတက်ယင် သိပ်မွန်မြတ်တဲ့အလုပ်ပဲ ယုန်ဖြူမလေးရယ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဆရာတို့ ယုန်ဖြူမလေးတို့ ဘုရားဟော တရားတော်ထဲမှာလဲ ရှင်ဘကုလမထေရ်ဆိုတာ သူများတွေက အညစ်အကြေး မစင်ဘုတ်ဆိုပြီး စွန့်ရှာစက်ဆုတ်ကြတဲ့ အိမ်သာကျင်းကိုတူးပြီး ဆောက်လုပ်လှူဖူးတဲ့ ကျေးဇူးကုသိုလ်ကြောင့် ဖြစ်လေရာဘဝမှာ အနာကင်းတယ်လို့ ဆိုမှတ်လား"

မင်းတက်ပြင်ရွာက သားဖွားဝမ်းဆွဲဆရာမလေးကို ဆရာကြိုက်နေလို့များ ဒီစကားတွေ ပြောခဲ့လေသလား။

သံသယစိတ်သည် ပန်းမိုး၏ရင်ထဲမှာ ချက်ချင်းဘောင်ဘင်ခတ်လာပါပြီ။

"သူ့ဖာသာသူ ဝမ်းဆွဲသားဖွားဆရာမ မကလို့ သူတောင်းစားမနဲ့ပဲ ကြိုက်ကြိုက် ငါနဲ့ဘာဆိုင်လို့လဲ" သည်လိုလည်း မခံချင်စိတ်မာနနှင့် တွေးတော့ တွေးပါ၏။

သို့သော် ပန်းမိုး၏ ရင်ထဲကတော့ မငြိမ်မသက်နှင့် သောက စိုးရိမ်မှု လှိုင်းဂယက်တို့သည် လှုပ်ခတ်လျက် လာနေကြလေပြီ။

ဆရာ့အပေါ်၌ သူ၏ စိတ်သည် တိမ်းညွတ်နေရုံမက ငြိတွယ်၍ပင် နေလေပလားဟူသော အတွေးကို တွေးမိပြီးဆိုသော အခါမှာတော့ ရင်ထဲမှာ ပို၍ တလှိုက်လှိုက်ဖြစ်လာပြန်သည်။

"မင်းတက်ပြင်ရွာက သားဖွားဆရာမနှင့် ဆရာသည် ချစ်ကြိုက်၍ပင် နေကြလေပလား"

မတွေးချင်ပါဘူးဟူသော အတွေးကို ပန်းမိုးသည် ဘယ်က ဘယ်လို ထပ်တလဲလဲ တွေးနေမိသည် မသိ။





"ဟော့. . . သမီး ပြန်မအိပ်တော့ဘူးလား. . . ဘာလို့ မတ်တတ်ကြီး ရပ်နေရတာတုန်း. . သန်းခေါင်ကျော်လေးပဲ ရှိသေးတာ၊ ပြန်အိပ်ဦးမှပေါ့"

အမေ၏ စကားက ပန်းမိုးကို လန့်ဖျပ်သွားစေလေသည်။ သူသည် အချိန်မည်မျှကြာကြာ မတ်တတ်ကြီး ရပ်နေမိသည် မသိ။

သတိရမှ အိပ်ခန်းထဲ ပြန်ဝင်မိ၏။

သို့သော် ပန်းမိုးသည် တစ်ညလုံး အိပ်မပျော်တော့။

မတွေးပါဘူးဆိုသော အတွေးများကို ထပ်၍ တွေးနေမိသည်။ ထိုအခါ ဆရာ့ရုပ်သွင်နှင့် မင်းတက်ပြင်ရွာမှ သားဖွားဆရာမလေးတို့၏ ရုပ်တွေက ပကတိကြည်ကြည်ပပ စိတ်လွှင်ပြင်မှာ ပေါ်လာကြသည်။ နှလုံးသားမှာ ထင်ဟပ်လာလေသည်။

စိုးရိမ်ပူပန်စိတ်သည် ပန်းမိုး၏ ရင်ထဲမှာ ပြည့်သိပ်ဆူဝေလို့ဖြင့် လာနေကြလေပြီ။

"ဝမ်းနည်းမပြေ ၊ မွေ့ရာရွှေထက်
ကြာခွေသောတူ ၊ မယ့်လွမ်းမှုကို
ကြင်သူသက်ဝေ ၊ မသိလေတည့်
ဖျော်ဖြေလျက်ပင် ၊ မရှင်လှဆုံး
အုံးထက်လျှံပြည့် ၊ နေရာလှည့်ရှင့်
မယ်တည့်နွမ်းရိ ၊ ကြွေလိလိကို
မသိချိန်ခါ ၊ သူကလာ၍. . ."

ရဝေရှင်ထွေး



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

"အမေ. . . ဆရာတို့ ဒီမနက် ပြန်လာကြမှာလားဟင်"

"ခါတိုင်းတော့ ည ခေါ်သွားကြယင် မနက်ပြန်လာကြတာဘဲ၊ ဘာလို့လဲ သမီးရယ်"

ဆရာနှင့်ပတ်သက်၍ တစ်ညဥ့်လုံး စိတ်လှုပ်ရှားခဲ့ရသူ ပန်းမိုးက မိုးလင်းသည်နှင့်တစ်ပြိုင်နက် သူ့အမေကို မေးတော့၏။

သူ့အမေကတော့ ဘာမှ မထူးဆန်းသလို ပြောသည်။

သို့သော် ပြောပြီးမှ တစ်ခါ ပန်းမိုးမျက်နှာကို ဖြတ်ခနဲ လှည့်ကြည့်ပြီး မေးပြီးသား မေးခွန်းကိုပင် ပြန်မေးသည်။





"ဘာလို့လဲ သမီးရယ်. . . တဲ့"

ဤမေးခွန်းကို ဖြေဖို့ ပန်းမိုးတွင် အင်အားမရှိ၊ အမေ့ကို ဘယ်လို ဖြေရမှန်းလည်း မသိ။ ထို့ကြောင့် ခဏတော့ အမေ့မျက်နှာကိုသာ ကြောင်စီစီလေး ပြန်ကြည့်နေမိသည်။

"ဟင်. . . သမီးဘာလုပ်မလို့လဲ"

"ဪ. . . ဆရာ့အတွက် မနက်စာ ထည့်ချက်လိုက်ရမလားလို့ပါ အမေရယ်၊ ဒီမနက် ပြန်ရောက်မယ်ဆိုရင် ထည့်ချက်ရမှာပေါ့"

ဤစကားကိုတော့ ပန်းမိုးက မလုံမလဲ ပြောမိ၏။

"ချက်ယင်လဲ ချက်ထားလိုက်ပေါ့ လုံမရယ်၊ ဒါပေမယ့် နင့်ဆရာက အစိုးရတာမဟုတ်တာ၊ ဟိုက စားပြီးသောက်ပြီးမှ ပြန်ချင်လဲ ပြန်လာကြမှာဘဲ၊ ဒါပေမယ့် ချက်ထားလိုက်ပါ သမီးရယ်. . . ဘယ်လောက် ဝန်လေးတာ မှတ်လို့"

အမေပြောသည်မှာ အမှန်ပင်ဖြစ်လေမည်။

သည်နှစ် ပန်းမိုးရွာကိုပြန်လာ၍ တွေ့ရသော ဆရာသည် အတော် အနေအထိုင် ပြောင်းလဲနေသည်မှာ အမှန်ပင်။

အမေတို့အနေမှာတော့ ဆရာ ဤကဲ့သို့ အစားမမှန် အနေမမှန် ဖြစ်နေသည်ကို ရိုးနေပြီမို့ မည်သို့မျှ မထူးခြားလှသော်လည်း ပန်းမိုး၏ရင်ထဲကတော့ ပူလောင်လွန်းလှပါပြီ။

ပန်းမိုး စိတ်ပူမည်ဆိုကလည်း ပူစရာပင်။

ညဥ့်သန်းခေါင်ကပင် တောင်သာကုန်း ရွာသို့ သားဖွားဆရာမတွေနှင့် လိုက်သွားသောဆရာသည် နေမွန်းတည့်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မလာ၊ ပန်းမိုးမှာ တစ်မနက်လုံး ရင်ထဲဟာနေသည်။ နံနက်စာကိုပင် အချိန်လွန်မှ စားမိ၏။

"ခက်တာပဲ ဦးကြီးရယ်. . . လူဆိုးတွေက ခေါ်သွားတာဆိုတော့ ကျွန်တော်တို့လဲ ဘာမှတတ်နိုင်ကြမှာ မဟုတ်ဖူး၊ ဒါပေမယ့် လူကြီးတွေနဲ့တော့ တိုင်ပင်ပြီး တစ်နည်းတစ်လမ်းတော့ ကြံကြရမှာပေါ့လေ၊ မင်းတက်ပြင်ရွာက လူတွေကိုတော့ အကြောင်းကြားပြီးပလား"

"မင်းတက်ပြင်ရွာက လူကြီးတွေကိုပြောဖို့ ကိုရင်အောင်ချမ်းတို့ကို လွှတ်လိုက်တယ်၊ ကျုပ်တို့ရွာကိုလာပြီး အကူအညီပေးရင်း ဖြစ်ရတယ်ဆိုတော့ ကျုပ်တို့ရွာက လူတွေမှာလဲ တာဝန်ရှိပါတယ် မောင်အောင်ထွန်းရယ်. . . အဲဒါကြောင့်လဲ ခုလိုလာပြီးတိုင်ပင်ကြရတာပဲ"

တောင်သာကုန်းရွာက ဦးကြီးနှင့် အစ်ကိုထွန်းတို့၏စကားက ပန်းမိုး၏တစ်ကိုယ်လုံးကို ချက်ချင်းတုန်လှုပ်သွားစေလေသည်။

"ဟင်. . . အစ်ကိုကြီး ဆရာတို့ ဘာဖြစ်လို့ဟင်၊ ဆရာတို့ကို လူဆိုးတွေဖမ်းသွားကြပြီဟုတ်လား၊ အမေ အမေရယ်. . . ဆရာတို့ကို လူဆိုးတွေဖမ်းထားကြပြီတဲ့၊ ပန်းမိုးတို့. . ."

"ဟဲ့ ကောင်မလေး. . . နင့်ပါးစပ် အသာပိတ်ထားစမ်း၊ အော်ကြီး ဟစ်ကျယ်နဲ့ ဘာမှန်းလဲမသိပဲနဲ့ ဘယ်လို ဖြစ်နေတာလဲ"

မအောင့်နိုင်သော ငိုသံပါကြီးနှင့် အော်ပြောလိုက်သော ပန်းမိုးကို အစ်ကိုကြီးက မာန်မဲလိုက်သည်။





ပန်းမိုးမှာ ရင်ထဲဆို့တက်လာပြီး မျက်ရည် ပိုးပိုးပေါက်ပေါက်ကျကာ အမေရှိရာ မြင်းစောင်းသို့ ဆင်းပြေးလာမိသည်။

"ဟဲ့ကောင်မလေး အဖေကော၊ အဖေဘယ်ကို သွားလဲ"

"ကျောင်းကို. . . ကျောင်းကို အဖေကျောင်းမှာ"

အစ်ကိုကြီး၏ အရေးတကြီးအမေးကို ပန်းမိုးသည် ပြေးရင်းလွှားရင်း အော်ဖြေထားခဲ့သည်။

ဆောက်တည်ရာမရ ဖြစ်သွားရသူ ပန်းမိုးက မြင်းစာကျွေးနေသော အမေ့ကို ပြေးဖက်ကာ ပြောငိုမိပြန်၏။

"အမေ. . . အမေ. . . ဆရာတို့ကို လူဆိုးတွေ ဖမ်းသွားကြပြီတဲ့၊ အစ်ကိုကြီးထွန်းနဲ့ တောင်သာကုန်းက ဦးကြီးတို့ ပြောနေကြတယ်"

"ဟင်. . . ဘုရား. . . ဘုရား. . ."

ပန်းမိုးအမေမှာ အထိတ်တလန့် ဘုရားတလိုက်မိ၏။

အမေနှင့်ပန်းမိုးတို့ မြင်းစောင်းမှ စိုးရိမ်တကြီး ပြန်လာကြသောအခါ အကိုကြီးနှင့် တောင်သာကုန်း ရွာသားကြီးကိုကလည်း အိမ်ရှေ့မှ အဖေရှိရာ ဘုန်းတော်ကြီးကျောင်းသို့ လိုက်ရန် ခုရုံး၍ ထွက်လာကြလေပြီ။

"ဟဲ့လူလေး. . . ဆရာလေး တို့ကို လူဆိုးတွေ ဖမ်းသွားကြလို့ဆို"

"ဖမ်းသွားတာလား မသက်သလို မေးဖို့ခေါ်သွားကြတာလား၊ ဘာမှတိတိကျကျ မသိရသေးပါအမေ၊ အဲဒါ ခုရွာက လူကြီးတွေနဲ့ အဖေတို့ကို သွားတိုင်ပင်မလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဘယ်အချိန်လောက်တုန်း ညကပဲလား”

“မဟုတ်ပါဘူးခင်ဗျာ၊ မနက်အပြန်မှာ တွေ့လို့ခေါ်သွားကြတာပါ”

ဤစကားကိုတော့ အစ်ကိုကြီးကိုယ်စား တောင်သာကုန်းမှ သတင်းလာပေးသူ ဦးကြီးက ဝင်ဖြေ၏။

“မနက်ဆိုတော့ သိပ်မကြာသေးပါဘူး၊ ဟိုကမိန်းကလေးတော့ ကျန်းကျန်းမာမာပဲနော်”

“ဟုတ်ကဲ့. . . မီးဖွားတဲ့ မိန်းကလေးတော့ ကျန်းကျန်းမာမာပဲ” ကျွန်တော်တို့က ကျွန်တော်တို့ရွာမှာ မနက်စာ စားပြီမှ ပြန်ပါလို့ ပြောတာမရဘူး၊ ဆရာနဲ့ဆရာမတွေက မင်းတက်ပြင်ရွာမှာ ဆေးမှူးကလဲမရှိတော့ ဆေးခန်းဖွင့်အမီ ပြန်မယ်ဆိုပြီး ပြန်လာကြတာ”

မှော်ရုံချောင်နားအရောက်မှာ သူတို့နဲ့ပက်ပင်း တွေ့တာပဲ၊ သူတို့လဲ ကင်းလှည့်လာကြတာနဲ့ တူပါတယ်၊ ကျွန်တော်တို့ပြောသလို ကျွန်တော်တို့ရွာမှာသာ မနက်စာစားနေကြရင် ခုလိုသူတို့နဲ့ တွေ့မှာမဟုတ်ဘူး၊ ဖြစ်ချင်တော့ ဒီလိုပါပဲ အစ်မကြီး၊ ကျွန်တော်တို့လဲ စိတ်မကောင်းပါဘူး”

“ဘုရား. . . ဘုရား. . . ဒုက္ခပါပဲ၊ အဲတာ ခုဘယ်လိုလုပ်ကြမလို့တုန်း”

“ကျွန်တော်တို့ လူကြီးတွေနဲ့ တိုင်ပင်ကြမလို့၊ အစ်မ၊ ကျောင်းမှာ အဖေလဲရှိနေတော့ ကျွန်တော်တို့ ကျောင်းကိုလိုက်ဦးမယ်”





“ပန်းမိုးလဲ လိုက်မယ်အစ်ကို”

“နင်ကလဲဟာ. . . နင်လိုက်လို့ ဘာအရေးရောက်မှာလဲ”

“ရောက်ရောက် မရောက်ရောက်”

ဆရာ့အတွက် ဆောက်တည်ရာမရဖြစ်နေသူ ပန်းမိုးမှာ မည်သည့်စကားပြောပြီး မည်သည့်မည်ပုံ ဖြစ်သွားမိသည်မသိ။ ဘုန်းကျောင်းကို အစ်ကိုကြီးထွန်းတို့ထက်ပင် အမြန်ရောက်နှင့်နေသည်။

“အဖေအဖေ. . . ဆရာတို့ကို လူဆိုးတွေဖမ်းသွားကြလို့တဲ့၊ ဟိုမှာတွေ့လား၊ အစ်ကိုကြီးထွန်းနဲ့ တောင်သာကုန်းက လူတစ်ယောက် အဲတာ တိုင်ပင်မလို့တဲ့၊ လာနေကြတယ်”

“ဟေး”

ပန်းမိုး၏စကားက အဖေဘုန်းတော်ကြီးနှင့်တကွ အားလုံးကို အံ့ဩသွားစေလေသည်။

အစ်ကိုကြီး တောင်သာကုန်းက ဦးကြီး၊ ဘုန်းတော်ကြီး၊ အဖေနှင့် အရပ်လူကြီးများ တိုင်ပင်နေကြချိန်တွင် မင်းတက်ပြင်ရွာက လူကြီးတွေနှင့် အခေါ်လိုက်လာသူတို့ကျောင်းကို ရောက်လာကြသည်။

လူဆိုးတွေခေါ်သွားသော ဆရာနှင့် ဆရာမတို့အတွက် အားလုံးမှာ ပူပန်စိုးရိမ်စွာ တိုင်ပင်ကြသည်။

မင်းတက်ပြင်၊ သာစည်ပြင်၊ညောင်တုန်း၊ သပြေကန်၊ တောင်သာကုန်းမှ တာဝန်ရှိ အရပ်လူကြီးများသည် သူပုန်တွေဆီ လိုက်သွားပြီး ဆရာ ဆရာမတွေကို ပြန်လွှတ်ပေးရန် တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



ကြမည်ဟု တစ်ညီတစ်ညွတ်ထဲ ဆုံးဖြတ်ကြသည်။

ဆရာနှင့်ဆရာမတွေ လွတ်ရေးအတွက် ငွေကြေးဖြင့် စက်ရလျှင်လည်း စက်ရပါစေဟု ဆိုကြသည်။

ရွာလူကြီးတွေ တစ်စုတစ်ရုံးထဲ တောင်သာကုန်းဘက် ထွက်သွားကြသောအခါ ပန်းမိုး၏ရင်ထဲမှာ ဟင်းလင်းပွင့်၍ ကျန်ရစ်သည်။

ထိုလူများထဲတွင် အဖေနှင့် အစ်ကိုကြီးထွန်းတို့လည်း လိုက်ပါသွားကြ၏။

သူပါလိုက်မည်ဟု ပြောလျှင် အစ်ကိုကြီးဆီတွင် အအော်အငေါက်ခံရမည်ကို အတတ်သိ၍ စိတ်ကိုတင်းကာ အောင့်ထားသော်လည်း ရင်ထဲကအပူကြောင့် မျက်ရည်တို့မှာ ဆည်မနိုင် တားမရ အန့်ထွက်လာကြသည်။

ဆရာ့အတွက် သောကသည် သူ့ရင်ထဲမှ မဆန့်တော့။

* * * *



အခန်း(၁၆)

"သမီးတော့ တောင်သာကုန်းကို လိုက်သွားချင်တယ် အမေ။ အဖေတို့ ကိုကြီးထွန်းတို့နဲ့ ရွာကလူတွေကလဲ ခုထိပြန်မလာကြသေးဘူး"

ဆရာတို့ကို လူဆိုးတွေ ဖမ်းခေါ်သွားကြသည် ဆိုသဖြင့် တောင်သာကုန်းသို့ လိုက်သွားကြသော အဖေ အစ်ကိုကြီးထွန်းနှင့် ရွာလူကြီးတွေမှာ တစ်ညသာ ကြာသွားသည်။ မိမိရွာသို့ ပြန်ရောက် မလာကြသေး။

ထိုအခါ ပန်းမိုး၏ ရင်ထဲမှာ အတိုင်းမသိ ပူလောင်လာမိသည်။

ယခင်တစ်နေ့က ဆရာ့အတွက်သာ ပူပန်ရသော ပန်းမိုး၏ ရင်မှာ ယခုအခါ အဖေအစ်ကိုကြီးထွန်းနှင့် ရွာလူကြီးတွေ အတွက်ပါ ပူပန်နေရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်က ဆောက်တည်ရာမရ ဖြစ်နေသလို ရုပ်ကိုယ်ခန္ဓာတိုမှာလည်း ဂဏှာမငြိမ် ဖြစ်နေရပါပြီ။

ယင်းကြောင့် သည်နံနက်မှာတော့ မအောင့်နိုင်တော့သဖြင့် အမေ့ကို တိုင်ပင်ရသည်။

"အေးလေကွယ်. . . အကျိုးအကြောင်းတော့ ပြန်ပြောကြဖို့ကောင်းတယ်၊ ခုလုံမအဖတို့ လိုက်သွားကြတာတောင် တစ်ညအိပ်ရှိနေပြီပဲ။ ဒီမနက်တော့ ယောကျ်ားလေးတစ်ယောက်နှစ်ယောက်ခေါ်ပြီး တောင်သာကုန်းကို လွှတ်လိုက်မှဖြစ်တော့မယ်ထင်ပါရဲ့"

"သမီးတော့ ကိုယ်တိုင်လိုက်သွားချင်တယ် အမေ"

ပန်းမိုး၏အသံက ငိုသံပါလာသောအခါ အမေဖြစ်သူမှာလည်း မျက်ရည်လည်လာ၏။

အမှန်မှာ အမေသည်လည်း ပန်းမိုးနည်းတူ အားလုံးသူတွေအတွက် ပူပန်လျက်ရှိလေသည်။

"အမေလဲ အားလုံးအတွက် ပူပန်တာဘဲ သမီးရယ်၊ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိသလောက်ပါဘဲ"

"ဒီလို လုပ်နေလို့မဖြစ်ဘူး အမေရယ် ဦးလေးသာမောင်ရယ် ဘကြီးထွန်းပေါ်ရယ် ခေါ်ပြီး သမီးတို့ တောင်သာကုန်းကို လိုက်ကြမယ် အမေ၊ ခုဘဲ သမီး ဦးလေးသာမောင်နဲ့ ဘကြီးထွန်းပေါ်ကို သွားခေါ် မယ်"

ပြောပြောဆိုဆိုနှင့်ပင် ပန်းမိုးသည် အိမ်ပေါ်က ပြေးဆင်းပြီးသား ဖြစ်သွားလေသည်။





"ဦးလေး. . . ဦးလေးသာမောင်"

"ဟဲ့. . . ဘယ်သူတုန်း"

"ဩော်. . . ကျွန်မပါ"

"ပန်းမိုး မှတ်လား"

အိပ်ရာကပင် မထသေးသော ဦးလေးသာမောင်က လှမ်းမေးသည်။

"ဟုတ်ပါတယ် ဦးလေးရယ်၊ မနေ့ကပင် အဖေတို့ တောင်သာကုန်းကို လိုက်သွားကြတာ ခုထိ ဘာမှန်းမှ မသိရသေးတာ ဦးလေးတို့ ဒီလိုနေကြလို့ ဖြစ်မလား၊ ကျွန်မတို့ တောင်သာကုန်းကို လိုက်ကြည့်ကြမှ ဖြစ်တော့မပေါ့၊ အမေက ဦးလေးကို ခုချက်ချင်း လာခဲ့ပါတဲ့"

အားလုံးအတွက် ဆောက်တည်ရာမရဖြစ်နေသူ ပန်းမိုးမှာ ဣန္ဒြေကိုပင် များစွာ စိတ်တင်း၍ ပြောရ၏။

"ငါ တို့လဲ ပူပန်စိုးရိမ်နေမိကြတာဘဲ မိန်းကလေးရယ်၊ အေး. . အေး. . ငါ ခုချက်ချင်း လာခဲ့မယ်ကွယ်"

"ကျွန်မ ဘကြီးဦးထွန်းပေါ်ကို သွားခေါ်လိုက်ဦးမယ်"

"အေး. . . အေး"

ဘကြီးထွန်းပေါ်ကိုခေါ်၍ ပန်းမိုး မိမိအိမ်သို့ ပြန်ရောက်လာသောအခါ ဦးလေးသာမောင်နှင့် ရွာသား သုံးလေးယောက်ကို အိမ်ရှေ့၌ပင် စုရုံး၍တွေ့ရသည်။

အမေနှင့်တကွ သူတို့အားလုံးမှာ စိတ်သောကရောက်လျက်ရှိနေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုနှင့်ပင် ပန်းမိုးအမေ ဦးလေးသာမောင် ဘကြီးဦးထွန်းပေါ်နှင့် ရွာသားသုံးလေးယောက်သည် တောင်သာကုန်းသို့ ထွက်လာကြသည်။

အချိန်မှာ နေရောင်ခြည်ကိုပင် ပီပီပြင်ပြင် မမြင်ကြရသေး။

ရှေ့ကသွားနေကြသော လူတွေမှာ သူတို့၏ထင်မြင်ချက်တွေကို တစ်ယောက်နှင့်တစ်ယောက် ပြောလာကြသော်လည်း ရင်ထဲဗလောင်ဆူနေသော ပန်းမိုးတို့ သားအမိနှစ်ယောက်မှာမူ အတွေးကိုယ်စီနှင့် မျက်ရည်ဝဲလျက်သာ လိုက်ပါလာကြသည်။

"ဟိုမှာ လူတစ်အုပ် တောင်သာကုန်းဘက်က လာနေကြတယ်"

ရွာခရီးလွန်၍ လယ်ကွင်းတစ်ကွင်း၏အစ တောင်သာကုန်းသွား လမ်းမသို့ ရောက်ကြသောအခါ ရှေ့က သွားနေသူ ရွာသားတစ်ယောက်က နောက်က လိုက်လာသူတွေကို လှမ်းပြောသည်။

ပန်းမိုးတို့ သားအမိနှင့် လူအားလုံးတွေမှာ ထိုလူ၏ ပြောစကားမဆုံးခင်ကပင် တောင်သာကုန်းဘက် တောစပ်လမ်းသို့ အားလုံး၏ မျက်စိတွေက ရောက်နှင့်လေကြလေပြီ။

တောင်သာကုန်းရွာသွား တောစပ်လမ်းမှ လူတစ်အုပ်သည် ပန်းမိုးတို့ရှိရာဘက်သို့ ဦးတည်၍ လာနေကြသည်။

ဤလူအုပ်မှာ သာစည်ပြင်နှင့် မင်းတက်ပြင်ရွာရှိ လူများအား သတင်းပလင်း အကြောင်းကြားရန် တောင်သာကုန်းက လာကြသူများလား။ သို့မဟုတ် မင်းတက်ပြင်နှင့် သာစည်ပြင်က





ဆရာတို့သတင်း ထောက်လှမ်းရန် လိုက်သွားကြသော ပန်းမိုးအဖေ ကိုကြီးထွန်းနှင့် ရွာသားတွေလား။

ဤသည်ကိုတော့ မည်သူကမှ ကွဲကွဲပြားပြား မသိနိုင်ကြသေးပေ။ အကုန် သူတို့မှာ သူတို့ဘက်လာနေကြသော လူအုပ်ကိုသာ မမှိတ်မသုံ စိုက်ကြည့်၍ လယ်ကွင်းအစထဲတွင် မတ်တပ်ရပ်နေမိကြသည်။

ရွာက ထွက်လာကြတုန်းက ကိုယ်ထင်ရာ ကိုယ်ပြောလာကြသော်လည်း ယခုအခါ သူတို့မှာ နှုတ်ဆိတ်လျက် ရှိကြလေသည်။ အတွေးကိုယ်စီကို ရင်ဝယ်ပိုက်ကာ စိတ်ထဲ၌ ပူပန်လျက် ရှိကြသည်။

သူများတွေအနေကို မည်သို့မည်ပုံ ရှိကြမည် မသိသော်လည်း ပန်းမိုးရင်ထဲမှာမူ သောကပူပန်စိတ်တွေနှင့် တဒိတ်ဒိတ် အခုန်မြန်လျက်ရှိသည်။

ယခု သူတို့ရှိရာ လာနေကြသူများထဲတွင် ဆရာတစ်ယောက်ပါမှ ပါလာလေစ။ အဖေအစ်ကိုကြီးထွန်းနှင့် ရွာသားတွေအားလုံး စုံစုံစေ့စေ့မှ ပြန်ပါနိုင်ကြပါမည်လား။

လာနေကြသူများထဲတွင် ဆရာ့ရုပ်သွင်ကို ကွဲကွဲပြားပြား မမြင်ရသေးသော်လည်း ထမီ အပြာဝတ်ထားသော အမျိုးသမီးတစ်ယောက်နှင့် ထမီအနီဝတ်ထားသော အမျိုးသမီးတစ်ယောက်၏ ရုပ်သွင်သည် ပန်းမိုး၏ အမြင်အာရုံသို့ ထင်ထင်ရှားရှား ရောက်လာတော့သည်။

သို့သော် ပန်းမိုး၏ရင်ထဲက အပူသည် လုံးဝ လျော့ကျမသွားသေး။ ဗလောင်ဆူဝေနေတုန်းပင် ရှိသေး၏။



www.burmeseclassic.com

www.burmeseclassic.com



အဖေ အစ်ကိုကြီးထွန်းနှင့် ရွာသားတွေ အားလုံးကို မြင်ရပြီး တွေ့ရပြီးဆိုမှ ပန်းမိုး၏ရင်ထဲက သောကလုံးကြီးသည် ရုတ်ခြည်း လျှော့ပြေကျသွားလေသည်။

သို့သော် ဆရာ့ရုပ်သွင်ကို မြင်ရသောအခါ အမည်မဖော်ပြတတ်သော ဝေဒနာတစ်ခု၏ ရိုက်ခတ်လာမှုနှင့် ရှိုက်သံသဲ့သဲ့ကိုပင် တသက်သက် ရှိုက်မိလိုက်သည်။

"ကျွန်တော်တို့ဖြင့် ပူပန်လိုက်ရတာ ဆရာလေးရယ်"

ဦးဆုံး စကားပြောသူကတော့ ဦးလေးသာအောင်ပင် တည်း။

ပန်းမိုးတို့မှာ ရင်ထဲ၌ ပူပန်မှု သောကအလုံးကြီး ကျသွားပြီး ဖြစ်သော်လည်း စကားမပြောနိုင်ကြသေး။ ရင်ထဲ အောင့်နေတုန်းပင် ရှိသေး၏။

"ကျွန်တော်တို့အတွက် အားလုံးပူပန် နေကြမည်ဆိုတာ ကျွန်တော်တို့လဲ သိပါတယ်ခင်ဗျာ၊ ဒါပေမယ့် မနေ့ညနေကတော့ မိုးချုပ်နေပြီမို့ တောင်သာကုန်းမှာဘဲ အိပ်နေခဲ့ကြရတာပါ"

ဆရာ၏စကားတမှု ပကတိ တည်ငြိမ်နေသည်။

ပန်းမိုးသည် ဆရာ၏မျက်နှာကို မျက်တောင်မခတ် စိုက်ကြည့်ကာ မဆီမဆိုင် သားဖွားဆရာတွေနှင့် လိုက်သွား၍ လူဆိုးတွေ အဖမ်းခံခဲ့ရသော ဆရာ့ကို စိတ်ထဲက ရန်တွေ့နေလေသည်။

"တော်သေးတာပေါ့ဗျာ. . ကျုပ်တို့က ဆရာ၊ဆရာမတွေနဲ့ ရွာသားတွေကို မြင်မှ သက်မ ချနိုင်ကြတာ. . . လူဆိုးတွေ ဖမ်းသွားတာဆိုတော့ အသက်အန္တရာယ်ကိုတောင် စိုးရိမ်နေမိကြပါတယ်"





"ဟုတ်ပါတယ်ရှင် ကျွန်မတို့ကလဲ ကြောက်လိုက်တာ မပြောနဲ့တော့။ ကျွန်မတို့နဲ့ပတ်သက်ပြီး မေတ္တာရှိသက်သက်လိုက်ပါ၊ ကူညီတဲ့ ဒီ. . ဒီက ဆရာအတွက်ဆိုယင် မဆိုးကောင်း ဆိုကောင်း တစ်စုံတစ်ခုသာ ဖြစ်ခဲ့ယင် ကျွန်မတို့လဲ တစ်သက်မြေ နိုင်ကြမှာ မဟုတ်ပါဘူး"

သူတို့နှင့် မေတ္တာရှိလိုက်လာသေ ဆရာသည် တစ်စုံတစ်ခုဖြစ်သွားပါက သူတို့တစ်သက် မြေနိုင်ကြမှာ မဟုတ်ဟု ဆိုသူ ဆရာမဆီသို့ ပန်းမိုး၏ မျက်လုံးအစုံက ချက်ချင်းရောက်သွားပြန်လေသည်။

ဤဆရာမ၏ မျက်နှာကို မြင်မိသောအခါ ပန်းမိုး၏စိတ်ထဲမှာ ထင့်သွားပြန်၏။ ဤဆရာမသည် ဆရာနှင့်အခင်မင်ဆုံး အရင်းနှီးဆုံး ဆရာမပါ တကား။

"ခု ဘယ်က ဘယ်လိုပြန်ပြီး လွတ်လာကြတာလဲ ခင်ဗျား"

"ကျွန်တော်တို့ကို လူဆိုးတွေက လူမှားပြီး ခေါ်သွားမိလို့ ပြန်လွှတ်လိုက်ကြတာပါ"

မိမိရွာဘက်သို့ လျှောက်လာကြရင်း ရွာသားတွေ၏ အမေးကို ဆရာက ဖြေကြားလာ၏။

"ဘယ်လို လူမှားတာပါလဲ ဆရာ"

"ဪ. . . . ဒီလိုပါ၊ ဒီက ဆရာမတွေနဲ့ လိုက်ပါလာတဲ့ ကျွန်တော့်ကို လူဆိုးတွေက ကျန်းမာရေးမှူးထင်ပြီး ခေါ်သွားတာပါ"

"ဟေး. . . ကျန်းမာရေးမှူးဆိုရင် သူတို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်းမာရေးမှူးဆိုရင်လဲ သူတို့က ဆေးတောင်းမယ်။ ပြီးတော့ သူတို့စခန်းမှာ ဖျားနာနေတဲ့ လူတွေကို ဆေးကုသပေးပါရန် အကူအညီတောင်းဖို့ ခေါ်တာပါတဲ့. . . ခု ကျွန်တော်ဟာ ကျန်းမာရေးမှူးမဟုတ်ပါဘူး၊ ကျောင်းဆရာပါလို့ ဒီက လူကြီးတွေက လိုက်ပြောလို့ ပြန်လွှတ်လိုက်ကြတယ်လေ. . . ရန်ပြုဖို့ ခေါ်သွားကြတာမဟုတ်ပါဘူး၊ ပြီးတော့ ကျွန်တော်တို့ကို ဖမ်းသွားတာမဟုတ်ပါဘူး၊ အကူအညီတောင်းဖို့ ခေါ်တာပါတဲ့ မဆိုးပါဘူး"

ဆရာက ရှင်းပြောပြမှ ရန်မရှာဘဲ ယခုလို ပြန်လွှတ်လိုက်ကြသော လူဆိုးတွေကို သူတို့မှာ ကျေးဇူးတင်ရမလိုလို ဖြစ်မိကြလေသည်။

မည်သို့ဆိုစေ၊ ဆရာအတွက်ဆိုလျှင် အခုပဲ ဖြစ်ဖြစ်၊ နောင်ဆိုသော အနာဂတ်အတွက်ပဲ ဖြစ်ဖြစ် စိုးရိမ်နေရှာသူ ပန်းမိုး၏ ရှိုက်သံမှာတော့ အိမ်နားရောက်မှ ပို၍ ကျယ်လောင်လာသလား ထင်မိရသည်။

ဤသည်ကို ရိပ်မိ၍လားမသိ၊ မိမိတို့ အိမ်ပေါ် ရောက်တော့ ဆရာက ပန်းမိုးကို စကားဆို၏။

"ယုန်ဖြူမလေးလဲကွယ်. . . ဘာဖြစ်လို့ လိုက်လာရတာလဲ"

"ဆရာ့အတွက် စိုးရိမ်လို့ပေါ့"

ဤစကားကိုတော့ ပန်းမိုးက ဒေါသထက်ထက်ကလေးနှင့် ခတ်ပြတ်ပြတ် ပြောလိုက်မိ၏။

"လူဆိုးတွေက ယုန်ဖြူမလေးကိုပါ ဖမ်းသွားမှာ မကြောက်





ဘူးလား. . ."

"ဆရာ့အတွက်သာဆိုရင် ယုန်ဖြူမလေး ဘာကိုမဆို ရင်ဆိုင်ရမှာ ဝန်မလေးပါဘူးဆိုတာ သိဖို့ကောင်းပါတယ်. . . ဆရာရယ်" ဟူသော စကားကို ပန်းမိုးက အော်၍ပင် ပြောလိုက်ချင်ပါ၏။

သို့သော် ဤစကားတွေကို စိတ်ထဲကသာ နာနာကျည်းကျည်း ပြောနေမိသော်လည်း နှုတ်ဖျားသို့ကား ရောက်မလာ။

နှုတ်ဖျားကထွက်လာရသော စကားနှင့် စိတ်ထဲက ပြောကြားမြည်ဟီးနေသော စကားတို့မှာ တခြားစီသာ ဖြစ်နေလေသည်။

"မကြောက်ဘဲ နေမလား ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာပြောမလို့လဲကွယ်"

"ဆ-ဆရာ့အတွက် စိုးရိမ်လို့ပါဆရာ"

"ဘာလို့ စိုးရိမ်ရတာလဲ ကလေးရယ်"

ဤအမေးကိုတော့ ပန်းမိုးမှာ ရုတ်တရက် မဖြေတတ်။ ဖြေမထွက်။ ဘယ်လို ဖြေရမှန်းလည်း မသိပါ။

"မေးရက်လိုက်တာ" ဟုသာ ရင်နာရသည်။

"ဆရာက ဒီနယ်မှာ ဧည့်သည်မဟုတ်တော့ပါဘူး ကလေးရယ်. . . ဒီနယ်က အခြေအနေတွေကို သိလို့လဲ ဒီလိုကူညီရဲ့ နေ့ညမရှောင် လိုက်ရတာပေါ့၊ နောက်ဆို ယုန်ဖြူမလေး ဆရာ့အတွက် ဘာမှ ပူပန်မနေပါနဲ့နော်"

"ဆရာ့စကားက မစိမ်းကားလွန်းဘူးလား ဆရာ" ဟု မေးလိုက် ချင်ပါသော်လည်း၊ ဩော်. . . ပန်းမိုးမှာ ဆရာ့ကို မမေးရဲ မပြောရဲသာပါတကား။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

ထိုနှစ်က မြို့သို့ပြန်ရမည်တိုင် ပန်းမိုး၏စိတ်ထဲမှာ ဘဝင်မကျလှ။ ရင်ထဲက ဟာနေသလို စိတ်ထဲမှာလည်း လေးလံထိုင်းမှိုင်းနေလေသည်။

"ဆရာ့ကိုခွဲခွာ၍ သွားရဦးမည်ပါလား"ဟူသော ပူဆွေးဝမ်းနည်းမှုတွေက ပန်းမိုး၏ တစ်ကိုယ်လုံးကို ပျံ့နှံ့စိုးမိုးနေလေသည်။

သို့သော် ဆရာဖြစ်စေချင်သော ကျောင်းဆရာမ၊ လူထုပညာရေးမှူးဆိုသော အဆောင်အယောင်များကို မြို့သွားပြီးမှ ရယူနိုင်သည့်မို့ မြို့ကိုတော့ ပြန်ရသွားရပေဦးမည်။

တစ်နှစ်တည်းဟူသော အချိန်ကို အောင့်အည်းမျိုသိပ်၍ ငွတ်မိုတ်နေရပေဦးမည်။





သည်လိုနှင့်ပန်းမိုး မြို့ပြန်ရမည့်ရက်က တစထက်တစနီးလာသည်။

ရာသီခွင်မှာလည်း ကိုးရပ်အုံ့မှိုင်း လျှပ်ပန်းဆိုင်း၍ ရစ်သိုင်းမကြည် မိုးရာသီဦးသို့ ရောက်လာ၏။

"ဒီကနေ့ မိုးများ ရွာဦးမလားပဲ ဆရာ"

ပန်းမိုးကို မြို့လိုက်ပို့ရန် လှည်းပြင်ဆင်နေသော ကိုကြီးထွန်းက အုံ့မှိုင်းနေသော မိုးကောင်းကင်ကို မော့ကြည့်၍ ဆို၏။

"ခု နီလို့ ခုဝါတယ်၊ ပြာချင် ပြာမှိုင်းတော့ အချို့"ဆိုသကဲ့သို့ပင်။

ညဦးက မိုးရိပ် မိုးသား ကင်းစင်နေသော ကောင်းကင်ပြင်တွင် ယခု မိုးရိပ်တိမ်တောင်တို့က ဝေ့မှောင်အုံ့ပျ နေကြသည်။

"ရွာတော့ရွာမယ် မထင်ပါဘူးဗျာ. . . တကယ်လို့ ရွာယင်တောင် သိပ် သဲသဲမဲမဲတော့ ရွာမှာမဟုတ်ပါဘူး"

ဆရာ့စကားက မြို့ကိုသွားရန် ဆုံးဖြတ်ချက်စကားပင်။

ဆရာ့စကားကို ဘယ်တုန်းကမှ မကန့်ကွက်ခဲ့သော အစ်ကိုကြီးထွန်းသည် လှည်းပြင်ပြီးသည်နှင့် ပန်းမိုး၏ပစ္စည်းများကို လှည်းပေါ်သို့ သယ်ချသွားသည်။

အမေ အဖေတို့ကို ကန်တော့ပြီးသော ပန်းမိုးသည် အဝတ်သေတ္တာလေးကိုဆွဲကာ ဆရာနှင့်အတူ အိမ်ပေါ်ကဆင်းလာရ၏။

"ယုန်ဖြူမလေး. . . မင်းကိန္နရာရုပ်ကလေး ယူပြီးပလား"

လှေကားရင်းအရောက်မှာ ဆရာက ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဆရာပြောမှ သတိရတယ် ဆရာ. . . ဆရာပေးထားတဲ့ ကိန္နရာရုပ်ကလေးတော့ ယူသွားဦးမှ"

ပန်းမိုးသည် လှေခါးရင်းရောက်နေပြီးမှ အိမ်ပေါ်သို့ ကဗျာကရာ ပြေးတက်လာသည်။

ဟန်နှင့်ပန်နှင့် အိမ်ပေါ်ပြေးတက်သွားသော ပန်းမိုးကို ဆရာက တကယ်မေ့ကျန်သည်ထင်၍ လှေခါးရင်း၌ပင် ရပ်စောင့်နေသည်။

အမှန်က ပန်းမိုး၏ လွယ်အိတ်ထဲတွင် ကိန္နရာရုပ်ကလေးက ပါပြီးသား ဖြစ်၏။

သို့သော် ပန်းမိုးက ဆရာ့အကဲကို သိလို၍ တမင်ဟန်လုပ်ရခြင်း ဖြစ်သည်။

ယခု ဆရာက သူ့ပေးထားသော ကိန္နရာရုပ်ကလေးကို ခါတိုင်းနှစ်တွေလို ပန်းမိုး မြို့ပြန်ခါနီး၌ သတိတရရှိလှလျှင် ပန်းမိုး ကြေနပ်ပါပြီ။

ဆရာပေးထားသော ဤကိန္နရာရုပ်ကလေးကို ပန်းမိုး တရိုတသေ သိမ်းဆည်းလာသည်မှာ နှစ်ကာလကြာခဲ့ပြီ။ မြို့က ကျောင်းပိတ်၍ ရွာကိုပြန်ရပြီဆိုလျှင် ဤကိန္နရာရုပ်ကလေးကို ယူလာပြီး ဆရာ့ခုံပေါ်တွင် အမြဲရှိနေသော ကိန္နရီရုပ်ကလေးနှင့် ဖြိုင်တူတင်၍ ထားပေးတတ်၏။ ကျောင်းပြန်ဖွင့်၍ မြို့ပြန်ပြီဆိုလျှင်လည်း ဤကိန္နရာရုပ်ကလေးကို ဆရာ့ကိန္နရီရုပ်ကလေးနှင့် ခွဲ၍ မြို့သို့ ပြန်ယူလာခဲ့ရ၏။ ဤသည်မှာ ပန်းမိုး၏ နှစ်တိုင်းကျောင်းပိတ်တိုင်း၊ ရွာပြန်တိုင်း၊ မြို့ကိုပြန်ရတိုင်း အလုပ်တစ်ပင်တည်း။





အိမ်ပေါ်သို့ရောက်လျှင် ပန်းမိုးသည် မိမိလွယ်အိတ်ထဲက ကိန္နရာရုပ်ကိုထုတ်ပြီး ဆရာခုံပေါ်က ကိန္နရီရုပ်နှင့် ထိတို့လိုက်သည်။ ပြီးမှ ကိန္နရာရုပ်ကို ရင်တွင်ပိုက်ပွေ့ကာ ကမန်းကတန်း အိမ်ပေါ်က ပြေးဆင်းလာရ၏။

"ဆရာ. . ."

"ဘာလဲ ယုန်ဖြူမလေးရယ်"

"ဒီ ကိန္နရာရုပ်ကို ပန်းမိုးကိန္နရီရုပ်နဲ့ ခွဲယူလာတာ ငရဲများကြီးနေဦးမလားဆရာ. . . ဒီက ကိန္နရာရုပ်ကို ပန်းမိုး မြို့ယူသွားတော့ အိမ်ပေါ်က ကိန္နရီရုပ်က ငိုများနေမလားပဲ။ တစ်ညသာ ကွဲကြတာကိုတောင် နှစ်ပေါင်းခုနစ်ရာ ငိုကြတယ်ဆိုယင် ဒီလို. . ."

"ယုန်ဖြူမလေး ကိန္နရာရုပ်ကို ပြောထားပေါ့ ယုန်ဖြူမလေးရယ်၊ ခုအခိုက်မကြုံလို့ ခဏခွဲကြရတာကို မငိုပါနဲ့၊ ကိန္နရီ ကိန္နရာဆိုတာ၊ နောက်ဆုံး ဇာတ်ပေါင်းတဲ့အခါ "နွယ်ရစ်လည်ယှက် တင်ထက် တင်ထား နှစ်ပါးတူစုံ ကြုံရဆုံရမှာဘဲ" လို့ ဟုတ်လား"

ဆရာ၏ ဤစကားကိုတော့ ပန်းမိုးမှာ အကျေနပ်ကြီး ကျေနပ်ကာ အစ်ကိုကြီးရှိရာ လှည်းဘက်သို့ ပြေးထွက်လာမိသည်။

ထိုအခါ ပန်းမိုး၏ "ငှက်သွင်ကျပုံ၊ ရုပ်ဟန်ပုံမှိ၊ ကိန္နရီ၏ ဟန်ချီလှပ" ကို ဆရာက သဘောကျ၍ နောက်က လိုက်လာရလေသည်။

လှည်းယဉ်ကျော့သည် ရွာလမ်းအတိုင်း ကွင်းပြင်သို့ ထွက်လာသည်။

ခင်တန်းကုန်း ဉ်နှင့် သနပ်ဖက်ခြံတွေကို ကျော်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



မင်းတက်ပြင်ရွာသို့ ရောက်တော့၏။

"ဟော့.."

အစ်ကိုကြီးထွန်းက မင်းတက်ပြင်ရွာထဲတွင် လှည်းယဉ်လေးကို ရပ်လိုက်သဖြင့် ပန်းမိုး၏ အသံက ထွက်သွားသည်။

"ကဲ...သွားကြတော့ ဟုတ်လား ယုန်ဖြူမလေး"

ဆရာက ပြောပြောဆိုဆိုနှင့် လှည်းပေါ်က ဆင်း၏။

"ဟင်...ဆရာ မြို့ကို မလိုက်ဘူး"

ခါတိုင်းနှစ်တွေလို မြို့အရောက် လိုက်မည်ထင်လာသော ပန်းမိုးမှာ ယခု မင်းတက်ပြင်ရွာ၌ ဆရာက ဆင်းကျန်ခဲ့မည်ဆိုသဖြင့် အံ့ဩသွားသည်။

ပန်းမိုးကသာ အံ့ဩနေသော်လည်း ဆရာ ကြိုတင်ပြောထားဟန်ရှိသော အစ်ကိုကြီးထွန်းကတော့ မည်သို့သော ထူးခြားချက်ကိုမျှ မပြပေ။

"မြို့ကို ဆရာမလိုက်တော့ဘူး ယုန်ဖြူမလေးရယ်...။ ဒီရွာမှာ ဆရာ လူမှုရေးလုပ်ငန်းတွေ ဒီတစ်ရက် နှစ်ရက်အပြီး လုပ်စရာရှိသေးလို့ပါ။ ဆရာ မြို့ထိ ယုန်ဖြူမလေးကို ဒီနှစ် လိုက်မပို့နိုင်တာ ခွင့်လွှတ်ပါနော်"

ရုတ်တရက် ရင်ထဲ ဟာသွားသော ပန်းမိုးမှာ ဆရာ့ကို မည်သို့ ပြန်ပြောရမှန်းပင် မသိ ဖြစ်သွားမိသည်။

"ယုန်ဖြူမလေး သင်တန်းရောက်ယင် ဆရာ့ဆီလဲ စာရေးဦးနော်..."

"ဟုတ်...ဟုတ်ကဲ့ ဆရာ"





ရင်ဟာ၍ မျက်ရည်ဝဲသွားမိသူ ပန်းမိုးမှာ ဆရာ့ကို ဤမျှသာ ပြောနိုင်ခဲ့သည်။

မင်းတက်ပြင်ရွာက လှည်းစထွက်လာချိန်မှာ စောစောက အုံ့မှိုင်းနေသော မိုးကောင်းကင်သည် ပို၍ မဲမှောင်လာသလားထင်မိ၏။

"လမ်းမှာ မိုးများ မိနေဦးမလား မိပန်းရယ်"

အစ်ကိုကြီးကလည်း မိုးမိမှာ ပူပန်နေပုံရသည်။

ပန်းမိုးသည် လွယ်အိတ်ထဲက ကိန္နရာရုပ်ကလေးကို တင်းတင်း ဆုပ်စမ်းနေမိ၏။

သူ့နှုတ်က တရွရွလှုပ်ရှားနေသော်လည်း အစ်ကိုကြီး၏ စကားကို ဖြေကြားနေခြင်းတော့ မဟုတ်။

"မိုးပြင်းကစွေ၊ လေပြေကဆမ်း
ဆွတ်ကာရွှမ်းသော် ၊ နှောင့်လွမ်းပူဆွေး
ကြိုးနှယ်ထွေးခဲ ၊ ပြေးလည်းမလျှင်
ကောင်းကင်မိုးယံ ၊ ပျံလည်းမတတ်
တဆွတ်ဆွတ်နှင့် တိမ်းညွတ်ခွေကာ
မယ့်နေရာသို့ ၊ ရောက်ပါခ လို
လွမ်းတင်းဆိုလျက် ၊ ပြာညို့ညက်ခင်
ဆွေမမြင်၍ ၊ နွဲ့ပင်ခေါက်ချိုး
မရှင်နိုးသည် ၊ လွမ်းမျိုးတစ်ထောင် ပြည့်ခဲ့ပြီ"

ပန်းမိုးသည် ယခင်က ဆရာရွတ်ပြဖူးသော ဘလ္လာတိယပျို့မှ ရမိ ရရာ အပုဒ်ကလေးတွေကို ရွတ်ဆိုနေမိလေသည်။

ခါတိုင်းနှစ်တွေမှာ ဆရာက မြို့အထိ လိုက်ပါ လိုက်ပို့နေ



www.burmeseclassic.com

www.burmeseclassic.com



ကျဖြစ်သော်လည်း သည်နှစ်မှာတော့ ဆရာက မြို့ထိ ပါမလာ။ ထိုအခါ ပန်းမိုး၏ရင်ထဲမှာ နာရပြန်သည်။

မိမိရွာသာစည်ပြင်က လှည်းထွက်လာတုန်းက လှည်းပေါ်တွင် ဆရာ ပါလာသော်လည်း မင်းတက်ပြင်ရွာအရောက်မှာ ဆရာက ဆင်းကျန်ရစ်သည်။

"တင်. . . ဆရာမြို့ကို မလိုက်ဘူး"

ဤစကားကို ပန်းမိုးသည် အားငယ်နွမ်းလျစွာ ရှိုက်သံနှော၍ ပြောခဲ့ရ၏။ သို့သော် ဤသည်တို့ကို ဆရာ သိမှ သိပါလေစ။

သည်လိုနှင့် လှည်းယာဉ်လေးသည် တောလမ်းတောင်စောင်းသို့ ရောက်လာသည်။ မိုးအုပ်နေသဖြင့် လှည်းလမ်းသည် မှိုင်းနေ၏။ ပန်းမိုး၏ စိတ်ကလည်း မှိုင်းမှိုင်းဝေနေလေသည်။

သည်လမ်း တောပန်း တောင်ပန်းတွေကို မြင်ရသော်လည်း ပန်းမိုး၏ရင်ထဲက မလွန်း။ စိတ်ပန်းညှိုးခွေ ဗျာဝေရစ်ဆိုင်း၍သာ လိုက်လာခဲ့ရသည်။

မြို့ကိုရောက်၍ စာမေးပွဲအောင်သည် ဆိုပြန်လျှင်လည်း ဆရာဖြစ်သင်တန်းကျောင်းတည်းဟူသော နောက်တစ်ကျောင်း နောက်တစ်မြို့သို့ ပန်းမိုးက ပြောင်းရ ရွှေ့ရသွားရပေဦးမည်။

ပန်းမိုး၏ဘာဝသည် တောမှမြို့၊ မြို့မှတစ်ခါ ခရိုင်မြို့၊ တိုင်းမြို့၊ အဆင့်ဆင့်ပြောင်းလဲ၍ ဆရာနှင့်ပင် ဝေးကြရလေမလား။

ဤအတွေးကိုတွေးကာ ဤနှစ်မြို့အပြန်တွင် ပန်းမိုးမှာ မျက်ရည်လည်ရွှဲဆွဲလည်လာမိသည်။

စိုးရိမ်သောတ စိတ်တို့သည် ရင်နှင့်တလုံး ပြည့်သိပ်၍ ပါလာခဲ့လေသည်။



## အခန်း(၁၈)

"လှည်းလမ်းက ကြမ်းတာနဲ့ လုံမကတော့ ပန်းနေပလား မသိ"

ပန်းမိုး၏ ခုနစ်စဉ်အမျှင်တန်း အတွေးကို လှည်းရှင်ဦးကြီး၏ အမေးစကားက ရုတ်တရက် ဝင်လာချေဖျက် ပစ်လိုက်၏။

"မပန်းပါဘူး ဦးကြီးရယ်. . . ဒီလမ်း ဒီခရီးက ကျွန်မငယ်ငယ် မြို့ကျောင်းနေတုန်းကပင် အခေါက်ခေါက်အခါခါ သွားလာနေကြပါ"

ပြောသာပြောရသော်လည်း မိမိအရပ်နှင့် နှစ်ခြားအနေဝေးခဲ့ရသော ပန်းမိုးအတွက် ဤလမ်း ဤခရီးသည် ကြမ်းတမ်းခက်ထရော် နိုင်လွန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်တက် တောင်ဆင်းတွေကလည်း အကြိမ်ကြိမ် အခါခါမို့ မသွားမလာဖူးသူများသာ ဆိုလျှင် ဤလမ်း ဤခရီးမှာ ပင်ပန်းနွမ်းနယ်ဖွယ်နှင့် ချည်းသာ။

"တဆင့်တက်သော် တတောင်ကျော်
တမျှော်ရှုလျှင်း တချိုးတိုး
တမိုးသောက်လျှင် တနေဝင်
တခွင်မြိုင်ကြီး ဂနိုင်ဆီး"

ပန်းမိုးက ပခန်းမင်းသားကြီး၏ အောင်မြေသာစံ ပတ်ပျိုးကို သတိတရ ဖြစ်လာမိသည်။

ပခန်းမင်းသားကြီး၏ အောင်မြေသာစံ ပတ်ပျိုးကို ဤလိုလမ်းခရီးမှာပင် ရေးစပ်ခဲ့လေသလားဟု ထင်ယောင်မိသည်။

တောင်ပေါ်မှ လှည်းလမ်းသည် လွင်ကြောသို့ကွေး၍ ဆင်းလာသည်ကို အပေါ်က လှမ်းမြင်နေရ၏။

ခဏအကြာမှာပင် မြိုင်ညိုမှ ဥဩတေးဆိုသံသည် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေသည်

"ဥဩအော်မြည်၊ ကုန်းဘောင်တည်၊ ဥဩရေသောက်၊ မုန်ရောက်"ဟု ဥဩငှက်နှင့်ပတ်သက်၍ ယခင်က ဆရာပြောဖူး မိန့်ကြားဖူးသော စကားများကို အမှတ်ရလာမိသည်။

ဥဩသံက ဝေးကျန်ခဲ့ပြီး ဖြစ်သော်လည်း ဆရာ၏အသံ၊ ဆရာ၏ရုပ်သွင်တို့ကို ကြားရ မြင်ရရန်ကား ပို၍သာ၍ နီးသထက် နီးလာလေပြီ။ ထို့ကြောင့်လည်း လွင်ကြောအဆင်းသို့ ရောက်သော အခါ ပန်းမိုး၏စိတ်မှာ အပျော်ကြီး ပျော်ရွှင်လာလေသည်။





ရှေ့သို့ မျှော်လိုက်လျှင် မန်ကျည်းပင်၊ တမာပင်၊ တုတ္တိုပင်တို့က အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းညို့ညို့နှင့် မင်းတက်ပြင်ရွာကို အုပ်မိုးထား၏။

ပန်းမိုး၏စိတ်သည် မင်းတက်ပြင်ရွာကို ကျော်၍ ဆရာရှိသော သာစည်ပြင်ရွာသို့ ရောက်နေလေသည်။

ထိုအခါ ပန်းမိုးက သူ့လွယ်အိတ်ထဲတွင် တယုတယ သိမ်းဆည်းထည့်ယူလာသည့် ဆရာ၏ အမှတ်တရ လက်ဆောင်ပေးထားသော ကိန္နရာရုပ်ကလေးကို ပွတ်စမ်း၍ အတွေးနယ်ချဲ့ရပြန်၏။

ဆရာပေးထားသော ဤကိန္နရာရုပ်ကလေးကို ပန်းမိုးသည် တရိုတသေ သိမ်းဆည်းလာခဲ့သည်မှာ နှစ်ကာလကြာခဲ့ပြီ။

မြို့မှာ ကျောင်းနေတုန်းက ကျောင်းပိတ်လို့ ရွာကိုပြန်လာပြီဆိုလျှင် ဤကိန္နရာရုပ်ကလေးကို ယူလာပြီး ဆရာ့ခုံပေါ်တွင် အမြဲရှိနေသော ကိန္နရီရုပ်ကလေးနှင့် မြိုင်တူယှဉ်၍ တင်ထားတတ်၏။

ကျောင်းပြန်ဖွင့်၍ မြို့သို့ ပြန်ရပြီဆိုလျှင်လည်း ဤကိန္နရာရုပ်ကလေးကို ဆရာ့ကိန္နရီရုပ်ကလေးနှင့်ခွဲ၍ မြို့သို့ ပြန်ယူလာခဲ့ရ၏။

ဤသည်မှာ ပန်းမိုး၏ နှစ်တိုင်း ကျောင်းပိတ်တိုင်း၊ ရွာပြန်တိုင်း မြို့ကိုပြန်သွားရတိုင်း အလုပ်တစ်ခုပင်။

တစ်ခါက ပန်းမိုး မေ့သယောင်ဆောင်နေသဖြင့် "ဟေး. . . ယုန်ဖြူမလေး မင်းကိန္နရာရုပ်ကလေး ယူပြီးပလား"ဟု



www.burmeseclassic.com

www.burmeseclassic.com



ပန်းမိုး၏ အထာကို သိနေသော ဆရာက သတိပေးတတ်၏။

"ဟာ. . . ဆရာပြောမှ သတိရတယ် ဆရာ. . . ဆရာပေးထားတဲ့ ကိန္နရာရုပ်ကလေးတော့ ယူသွားမှ"ဟု ဆိုပြီး ဟန်ဆောင်ခဲ့ရသေးသည်။

ဤသည်နှင့်ပတ်သက်၍ ဆရာက "ယုန်ဖြူမလေး၊ ကိန္နရာရုပ်လေးကို ပြောထားပေး၊ ခု အခိုက်မကြုံလို့ ခဏခွဲရတာကို ငိုမနေပါနဲ့လို့၊ ကိန္နရီ-ကိန္နရာဆိုတာ နောက်ဆုံး ဇာတ်ပေါင်းတဲ့အခါ "နွဲ့ရစ်လည်ယှက် တင်ထက် တင်ထား နှစ်ပါးတူစုံ ကြုံရဆုံရ မှာပဲ" တဲ့။

ယခုအခါမှာတော့ ဤကိန္နရီ-ကိန္နရာရုပ်ကလေး နှစ်ရုပ်ကို ခွဲထားစရာအကြောင်း မရှိတော့ဟု ပန်းမိုးက ထင်ပါသည်။

ပန်းမိုးတွင် ဆရာ့ကို ပြောလိုသောစကား၊ မေးလိုသောမေးခွန်း၊ ကြားလိုသော အဖြေတို့ကို ဆရာ့ဆီက ကြားရတော့မည် မဟုတ်ပါလား။

ပန်းမိုးတွင် ဆရာဖြစ်စေလိုသော အဆောင်အယောင်၊ အသွင်သွင် စသည်တို့ကလည်း ဆရာသဘောကျ ပါလာလေပြီ တကား။

"ဟဲ့. . . ဒီနွား"

ပန်းမိုးသည် ဖျက်ကနဲ လန့်သွားမိ၏။

ပတ်ဝန်းကျင် ဘယ် ညာကို လှည့်ကြည့်လိုက်သောအခါ မင်းတက်ပြင် ရွာလည်သို့ပင် ရောက်နှင့်နေလေပြီ။

နွားလှည်းသည် အလယ်တန်းကျောင်းနားမှ အိမ်တစ်အိမ်





ရှေ့တွင် တုန့်ကနဲရပ်သွားသည်။

"ဗျို့. . . ဆရာ ခဏနော် လုံမ ဆရာတို့လင်မယား မှာထားတဲ့ ငါးခြောက် ဝင်ပေးလိုက်ဦးမယ်. . ."

"ဟော. . . ဘကြီးညို ပြန်လာပြီ"

အိမ်ရှေ့တွင် စိုက်ပျိုးထားသော ပန်းပင်များကို တူရွင်းတစ်ခုနှင့် မြေတောင်မြှောက် ရေလောင်းနေရာမှ အမျိုးသမီးတစ်ယောက်သည် အိမ်ရှေ့လှည်းလမ်းမသို့ ပြေးထွက်လာသည်။

သူ့လက်တွင် တူရွင်းတစ်ခုကို ကိုင်ဆောင်လာသော်လည်း ခြံသူမ-တောသူတစ်ယောက် မဟုတ်ကြောင်းကိုတော့ သူ့အဝတ်အဆင်များက သက်သေခံနေသည်။ သူ့အသက်မှာ အစိတ်ထက် မကျော်နိုင်သေး။ သူမ၏ အိမ်မှာလည်း အသစ်အလွင်ဖြစ်ပြီး သပ်သပ်ခြေခြေရှိလေသည်။

"ဒီမှာလေ. . . ဆရာမှာလိုက်တဲ့ ငါးပုတ်ခြောက် ရလာခဲ့ပါတယ်၊ ဆရာမ. . . ဆရာလေးကော"

"အိမ်ပေါ်မှာ ရှိပါတယ်၊ ကိုကိုရေ. . . ဒီမှာ ဘကြီးညို ပြန်လာပြီ။ မာတို့ မှာလိုက်တဲ့ ငါးခြောက်ပြားတွေ ပါလာတယ်"

"ဟော့ ကြည့်စမ်း. . . . ယုန်ဖြူမလေးလဲ ပါလာတာကိုး"

အိမ်ပေါ်က ပြေးဆင်းလာသော ဆရာကို ပန်းမိုးက မ ာ်ခ ာင်မခတ် စိုက်ကြည့်နေမိသည်။ ဆရာ့ကို ပန်းမိုးက အံ့ဩခြင်းကြီးစွာ ဖြစ်သွားမိသည်။

ပန်းမိုး၏ ပျော်ရွှင်မှုဟူသမျှတို့သည် စိတ်အသိထဲက ချက်ချင်း ခုန်ပေါက်ထွက်ပြေးသွားကြလေပြီ။ မိုးသို့လား။ မြေသို့



www.burmeseclassic.com

www.burmeseclassic.com



လား။ စကြဝဠာ ကမ္ဘာအပြင်ဘက်သို့လား။ ပန်းမိုးမသိတော့ မပြောတတ်တော့။

အရာအားလုံးသည် ပန်းမိုး၏ မျက်စိထဲမှာ လျှပ်တစ်ပြက်အတွင်း ချုပ်ငြိမ်းသွားကြလေပြီတည်း။

"ယုန်ဖြူမလေး ရောက်လာတာနဲ့အတော်ပဲ၊ ဆရာမူလတန်းကျောင်းအုပ်ဖြစ်ပြီး ဒီနှစ် မင်းတက်ပြင်ရွာမှာ ကျတယ်၊ယုန်ဖြူမလေးတို့ ရွာအတွက် ဆရာမသတ်မှတ်ရသေးဘူး၊ ခု ယုန်ဖြူမလေး ရောက်လာတော့ ကိုယ့်ရွာ ကိုယ်ပြန်ကျအောင် ဆရာဆောင်ရွက်ပေးမယ်၊ ဆရာက ယုန်ဖြူမလေး မြို့မှာပဲနေလိမ့်မယ် ထင်နေတာ၊ ခု ပြန်လာတယ်ဆိုတော့ ဆရာ သိပ်ဝမ်းသာတာပဲပေါ့ကွယ်. . ."

ဆရာ့ရုပ်သွင်နှင့် ဆရာ့ဘာစကားတွေ ဆက်ပြောနေသည်ကို ပန်းမိုးက လုံးဝ မကြားမိတော့။ ပန်းမိုး၏ နား မျက်စေ့စသည်တို့သည် ဆရာ့စကားအဆုံးမှာ အားလုံးချုပ်ငြိမ်းသွားကြလေပြီတည်း။

"ဆွတ်နုလွလွ
ပန်းဇောတကို
နောင်မြကာစီ
သခင်သီလျှက်
ကုန်းသီ၍လျှင်
ဦးထိပ်ပြင်ဝယ်
သာရွှင်ယုယ
မဆင်ရဟု





ရှုတဆိုတမ်း
ဖျာပါလွမ်းသည်
အလွမ်းနှင့်သာ
နေတော့မည်"

နဝဒေး

ဖိုးကျော့



www.burmeseclassic.com